

# မြန်မာ့ခြေလျင်တပ်သားများ

## ဖွင့်ဟပြောဆိုသံများအားနားထောင်ခြင်း

# မြန်မာ့ခြေလျင်တပ်သားများ

## *ဖွင့်ဟပြောဆိုသံများအားနားထောင်ခြင်း*

ပထမအကြိမ်ပုံနှိပ်ခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)

ချင်းအမျိုးသားတပ်ဦး (CNF)

ကချင်လွတ်မြောက်ရေးအဖွဲ့အစည်း (KIO)

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)

ကရင်အမျိုးသားအစည်းအရုံး(KNU)

မွန်ပြည်သစ်ပါတီ(NMSP)

စီမံကိန်းအကောင်အထည်ဖော်ဆောင်ခြင်း (Amie Kirkham and Soth Plai Ngarm)
တည်းဖြတ် - Quinn Davis, James O’ keefe and Amelia Breeze
ဒီဇိုင်းအပြင်အဆင် - Boonruang Song-ngam
ထုတ်ဝေသူ - The Centre for Peace and Conflict Studies (CPCS)
ငွေကြေးထောက်ပံ့သူ - Catholic Agency for Overseas Development (CAFOD), Dan Church Aid (DCA), the Embassy of Finland in Bangkok and the Embassy of Switzerland in Myanmar

ISBN: 9 789996 381737

## မာတိကာ

**ဇယားများစာရင်း**

**အတိုကောက်စကားလုံးများစာရင်း**

**ကျေးဇူးတင်လွှာ**

**စာတမ်းအကျဉ်း**

**နိဒါန်း**

**သုတေသနဒီဇိုင်းပုံစံ**

**အဓိကအကြောင်းအရာခေါင်းစဉ်များ**

- ယေဘုယျသုံးသပ်ချက်များနှင့်သဘောထားအကြံဉာဏ်များ
- ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးရေး နှင့် အပစ်အခတ်ရပ်ဆဲရေးသဘောတူညီမှုများအတွက် လိုအပ်ချက်များ နှင့် ပူပန်ကြောင့်ကြမှုများ
- ပစ္စုပ္ပန်ကာလနှင့်အနာဂတ်ကာလအခြေခံလိုအပ်ချက်များနှင့်ပူပန်ကြောင့်ကြမှုများ

**စိစစ်တွေ့ရှိ ချက်နှင့်ရှေ့ရှုဆောင်ရွက်ရန်အကြံပြုချက်**

အဖွဲ့များဖွင့်ဟပြောကြားချက်အကျဉ်းချုပ်များ

- မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)
- ချင်းအမျိုးသားတပ်ဦး (CNF)
- ကချင်လွတ်မြောက်ရေးအဖွဲ့အစည်း (KIO)
- ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)
- ကရင်အမျိုးသားအဖွဲ့ချုပ် (KNU)
- မွန်ပြည်သစ်ပါတီ (NMSP)

**ဝေါဟာရများ**

**ဖြည့်စွက်ချက်**

ဇယားများစာရင်း

ဇယား၁:  ခြေလျင်တပ်သားများထံမှ ကြားရစမြဲဖြစ်သော အကြောင်းအရာခေါင်းစဉ်များ

ဇယား၂:  လက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်ပိုင်း နှင့် မြန်မာအစိုးရဘက်မှအရာရှိများအတွက် အရေးကြီးသတင်းစကားများ၊ အသိပေးချက်များ

ဇယား၃: နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့် အခြားအစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် အရေးကြီးအသိပေးချက်များ/ အဓိကသတင်းစကားများ

ဇယား၅:  ABSDF ခြေလျင်တပ်သားများထံမှ ကြားရစမြဲ အများသဘောတူအကြောင်းအရာခေါင်းစဉ်များ

ဇယား၆:  CNF ခြေလျင်တပ်သားများထံမှ ကြားရစမြဲအများသဘောတူအကြောင်းအရာခေါင်းစဉ်များ

ဇယား၇:  KIO ခြေလျင်တပ်သားများထံမှ ကြားရစမြဲအများသဘောတူအကြောင်းအရာခေါင်းစဉ်များ

ဇယား၈: KNPP ခြေလျင်တပ်သားများထံမှ ကြားရစမြဲအများသဘောတူအကြောင်းအရာခေါင်းစဉ်များ

ဇယား၉: KNU ခြေလျင်တပ်သားများထံမှကြားရစမြဲအများလက်ခံသောအကြောင်းအရာခေါင်းစဉ်များ

ဇယား၁၀: NMSP ခြေလျင်တပ်သားများထံမှကြားရစမြဲအများလက်ခံသောအကြောင်းအရာခေါင်းစဉ်များ

# အတိုကောက်စကားလုံးများစာရင်း

ABSDF: All Burma Students Democratic Front

မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး

CAFOD: Catholic Agency for Overseas Development

ပင်လယ်ရပ်ခြားဒေသများဖွံ့ဖြိုးရေးကက်သလစ်အေဂျင်စီ

CDA: CDA Collaborative learning Projects

CDA ပူးပေါင်းဆောင်ရွက်သောသင်ယူလေ့လာရေးစီမံကိန်းများ

CAN: Chin National Front

ချင်းအမျိုးသားတပ်ဦး

CPCS:  ငြိမ်းချမ်းရေးနှင့်ပဋိပက္ခအရေးလေ့လာမှုစင်တာ

DCA: Dan Church Aid

ဒန်အသင်းတော်ထောက်ပံ့မှုကူညီမှု

GPH: Government of the Philippines

ဖိလစ်ပိုင်အစိုးရ

INGO: International Non-Government Organisation

နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်း

KIO: Kachin Independence Organisation

ကချင်လွတ်မြောက်ရေးအဖွဲ့အစည်း

KNPP: Karenni National Progressive Party

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

KNU: Karen National Union

ကရင်အမျိုးသားအစည်းအရုံး

MILF: Moro Islamic Liberation Front

မိုရိုအစ္စလာမ်လွတ်မြောက်ရေးတပ်ဦး

NGO: Non-Government Organisation

အစိုးရမဟုတ်သောအဖွဲ့အစည်း

NMSP: New Mon State Party

မွန်ပြည်သစ်ပါတီ

NSAGS: Non-state Armed Groups

အစိုးရမဟုတ်သောလက်နက်ကိုင်အင်အားစုများ

# ကျေးဇူးတင်လွှာ

မိမိတို့အကြံဉာဏ်များ၊ သင်ယူလေ့လာတွေ့ရှိချက်များ၊ အနာဂတ်စိုးရိမ်ကြောင့်ကြမှုများ နှင့် မျှော်လင့်ချက်များအား ရက်ရောစွာဝေမျှပြောကြားခဲ့ကြသောခြေလျင်တပ်သားများအား CPCSမှ အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။ ထိုပုဂ္ဂိုလ်များကနားထောင်ခြင်းအဖွဲ့များ နှင့် စိတ်အားထက်သန်စွာ ချိတ်ဆက်ဆောင်ရွက်ခြင်းမရှိခဲ့ပါက စာအုပ်ပုံနှိပ်ထုတ်ဝေရန်ဖြစ်နိုင်မည်မဟုတ်ပေ။ ဤစီမံကိန်းသည် စကားဝိုင်းများ လွယ်ကူချောမွေ့စွာ ဖြစ်မြောက်စေရန် အဓိကပါဝင်ခဲ့ကြသော လက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၏ အားပေးကူညီမှုအပေါ်မှီခိုအားထားခဲ့ရပါသည်။ CPCSနှင့်တကွ နားထောင်ခြင်းအဖွဲ့များအား ၏ စခန်းများသို့လာရောက်ခွင့် နှင့် ရာထူးမဲ့ရဲဘော်တို့နှင့်စကားပြောခွင့်ပြုခဲ့ကြသောကြောင့် ခေါင်းဆောင်များအား ကျေးဇူးတင်ရှိပါသည်။

CPCS အနေဖြင့်နားထောင်ခြင်းအဖွဲ့များ၌ ပါဝင်ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်အားလုံး နှင့် အဖွဲ့အစည်းများနှင့်ချိတ်ဆက်နိုင်ရန် ကူညီခဲ့ကြသော အဖွဲ့အစည်းများအားလုံးကို ကျေးဇူးတင်ကြောင်းဖော်ပြလိုပါသည်။ ထိုပုဂ္ဂိုလ်များသည် မြန်မာပြည်၏မိုးရာသီကာလတွင် ရှည်လျားပြီးစိန်ခေါ်မှုများပြည့်နေသော ခရီးများပါဝင်သည့်၊ ခက်ခဲသော ခရီးစဉ်များတွင်စခန်းများသို့သွားရောက်နိုင်ရန် အချိန်ပေး၍ရက်ရောစွာ ပါဝင်ခဲ့ကြခြင်းဖြစ်လေသည်။ ထိုပုဂ္ဂိုလ်များ၏ကတိခိုင်မာသောစိတ်ဓါတ် နှင့် စီမံကိန်းအပေါ်အားပေးထောက်ခံချက်တို့ကိုချီးကျူးလေးစားမိပါသည်။

ဤစီမံကိန်းဖြစ်မြောက်ရေးအတွက် ထောက်ပံ့ကူညီခဲ့ကြသော ပင်လယ်ရပ်ခြားဒေသများ ဖွံ့ဖြိုးရေးကာသိုလိပ်အေဂျင်စီ(CAFOD)၊ ဒန်အသင်းတော်ထောက်ပံ့ကူညီမှု(DCA)၊ ဆွစ်ဇလန်နိုင်ငံဆိုင်ရာသံရုံး၊ မြန်မာနိုင်ငံနှင့်ဖင်လန်နိုင်ငံဆိုင်ရာသံရုံး (ဘန်ကောက်မြို့) တို့အား ကျေးဇူးတင်ရှိကြောင်းဖော်ပြလိုပါသည်။

# စာတမ်းအကျဉ်းချုပ်

ဤပုံနှိပ်ထုတ်ဝေမှုသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၆)ခုမှ ခေါင်းဆောင်တပ်သားများ၏ စကားသံများအား ဖွင့်လှစ်ထုတ်ဖော်ပြီး၊ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နှင့်ထိုသူတို့၏အနာဂါတ်ဆိုင်ရာလိုအပ်ချက်များ၊ ကြောင့်ကြမှုများ နှင့်စိန်ခေါ်မှုအခက်အခဲများအား မီးမောင်းထိုးပြသခြင်းဖြစ်သည်။[1] ဤစီမံကိန်းသည် နားထောင်ခြင်းနည်းပညာ/ဥပဒေသကိုအသုံးပြု၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး(ABSDF)၊ ချင်းအမျိုးသားတပ်ဦး(CNF)၊ ကချင်လွတ်မြောက်ရေးအဖွဲ့အစည်း(KIO)၊ ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) နှင့် မွန်ပြည်သစ်ပါတီ(NMSP) တို့မှခေါင်းဆောင်တပ်သား ၁၀၀ တို့ဖြင့်နားထောင်ခြင်းစကားစမည်ဝိုင်းများ စီစဉ်ပြုလုပ်ခဲ့သည်။ ထိုစကားဝိုင်းများမှ အဓိကအကြောင်းအရာခေါင်းစဉ်များ နှင့် အများလက်ခံသော အကြောင်းအရာတို့အား ဖော်ထုတ်ခဲ့ကြပြီး၊ အောက်တွင်ပါဝင်မည့်အခန်းများတွင် အသေးစိတ်ဖော်ပြမည်ဖြစ်သည်။

ငြိမ်းချမ်းရေးနှင့်ပဋိပက္ခအရေးလေ့လာမှုစင်တာ(CPCS)သည် မြန်မာပြည်ပဋိပက္ခအတွင်းပါဝင်သော လက်နက်ကိုင်အဖွဲ့များနှင့် ၎င်းအဖွဲ့များမှပုဂ္ဂိုလ်များအကြား မတူကွဲပြားသောစကားသံတို့အား အသိအမှတ်ပြု လျက်ရှိပါသည်။ နားထောင်ခြင်းနည်းပညာသည်လူပုဂ္ဂိုလ်များ၏အကြံဉာဏ်များအကြား၊ အများလက်ခံ သောအကြောင်းအရာများသာမက၊ ကွဲပြားခြားနားသောအကြောင်းအရာများအား ရှာဖွေဖော်ထုတ်လျက်ရှိပါသည်။ ဤနည်းပညာကိုအသုံးပြုကာ NSAGများမှအကြံဉာဏ်များအား စုဆောင်းခြင်းအားဖြင့် အဖွဲ့များအကြားရှိ အများလက်ခံသောအကြောင်းအရာများ နှင့် ကွဲပြားခြားနားချက်များအား မီးမောင်းထိုးပြသနိုင်ခွင့်ရရှိခဲ့ပြီး၊ ထိုအကြောင်းအရာများအား ဤစာအုပ်၏နောက်ဆုံး အခန်းရှိအဖွဲ့များ ဖွင့်ဟပြောကြားချက် အကျဉ်းချုပ်များ၌ အသေးစိတ်ဖော်ပြထားပါသည်။

## နောက်ခံသမိုင်း

နိုင်ငံရေးပြုပြင်ပြောင်းလဲမှု နှင့် NSAGSတို့နှင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲများချိတ်ဆက်ပြုလုပ်ရန် မြန်မာအစိုးရ ထပ်မံပြုလုပ်သော ကတိကဝတ်သည် ဆယ်စုနှစ်များစွာ မျော်လင့်လျက်ရှိသောငြိမ်းချမ်းရေးရရှိနိုင်ရန် မြန်မာနိုင်ငံ အတွက်အကောင်းဆုံးအခွင့်အလမ်းတစ်ခု အဖြစ်မှတ်ယူနိုင်လေသည်။ ထိပ်တန်းအဆင့်တွင် ငြိမ်းချမ်းရေးသို့ဦးတည်သည့် သိသာထင်ရှားသောတိုးတက်မှုများ ပြုလုပ်လျက်ရှိနေသော်လည်း၊ ထိုကူးပြောင်းမှုကာလသည် ထိခိုက်လွယ်မြဲဖြစ်လျက်ရှိပြီး၊ ပြည်တွင်းမှများစွာသောအဖွဲ့များ၊ ဤငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်း ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်လျက်ရှိနေသေးသည်။ မြန်မာပြည်သည် နှစ်ပေါင်း(၆၀) ကြာမြင့်လျက်ရှိသော လက်နက်ကိုင်ပဋိပက္ခကို ဖြေရှင်းရန်နည်းလမ်းများကိုရှာဖွေလျက်ရှိရာ၊ ဤသို့သောအခြေအနေတွင် ကွဲပြားခြားနားသော စကားသံများအားနားထောင်ခြင်းသည် ထိရောက်မှုရှိသော

[1] ဤစာအုပ်တစ်ခုလုံးတွင် NSAGတို့၏အဖွဲ့အစည်းနာမည်များကို၎င်းတို့၏လက်နက်ကိုင်အင်အားစုများ၏အမည်များအစားအသုံးပြုသွားမည်ဖြစ်သည်။

နည်းလမ်းများအားရှာဖွေရန် နှင့် ပြည့်ဝစုံလင်၍အများပါဝင်စေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တည်ဆောက်ခြင်းတို့အတွက် အရေးပါလှပါသည်။

ခြေလျင်တပ်သားများသည် မြန်မာ့ပဋိပက္ခ၌ အခြေခံအကျဆုံးအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး၊ ရှေ့တန်းတွင် ခက်ခဲကြမ်းတမ်းစွာတိုက်ခိုက်ရသော အဖြစ်မှန်အခြေအနေတို့အား ကိုယ်တွေ့ခံစားကြရသူများဖြစ်သည်။ ထိုပုဂ္ဂိုလ်များသည် ညှိနှိုင်းဆွေးနွေးရေးစားပွဲများတွင် ပါဝင်ကြမည်မဟုတ်သော်လည်း၊ ထိပ်ဆုံးအဆင့် ဆွေးနွေးပွဲများတွင်ပြုလုပ်ခဲ့ကြသော ဆုံးဖြတ်ချက်များသည် သူတို့၏အနာဂါတ်များအပေါ်သို့ တိုက်ရိုက် သက်ရောက်မှုများဖြစ်ပေါ်စေမည်ဖြစ်သည်။

ခြေလျင်တပ်သားများသည် ပဋိပက္ခနှင့်စပ်ဆိုင်သော မည့်သည့်အခြေအနေတွင်ဖြစ်စေ တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော်လည်းကောင်း စစ်ပုံသွင်းမှုခံကြရသူများဖြစ်သည်။ ခြေလျင်တပ်သားများသည် ပဋိပက္ခအဆုံးသတ်သည် နှင့် တစ်ပြိုင်နက်၊ နေ့စဉ်ဘဝများတွင် သိသာထင်ရှားသော ပြောင်းလဲမှုများအား ရင်ဆိုင်ကြုံတွေ့ကြရမည်ဖြစ်ပြီး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်မှုအတွက် အရေးပါသူများလည်းဖြစ်ကြသည်။ သို့ဖြစ်၍ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များ ပြုလုပ်ပြီးသည့်အခါတွင် ပေါ်ပေါက်လာမည့် ခြေလှမ်းများကို ထိုသူတို့နှင့်တိုင်ပင်ဆွေးနွေးသင့်ပေသည်။ ထိုသို့သောအကြောင်းပြချက်များကြောင့် မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်း ခြေလျင်တပ်သားများ၏ စကားသံကိုထုတ်ဖော်ရန် နှင့်သူတို့၏ ကြောင့်ကြ မှုများ၊ လိုအပ်ချက်များ နှင့် စိန်ခေါ်မှုအခက်အခဲများအား နားလည်သဘောပေါက်ရန်အ ရေးကြီးလှပါသည်။

သုတေသနဒီဇိုင်းပုံစံ

CPCSသည် မြန်မာနိုင်ငံအတွင်းရှိ စကားစစ်ထိုးပွဲ၊ မူဝါဒ နှင့် ပဋိပက္ခ အခြေအနေများအား သတင်းပေးရန် ရည်ရွယ်ချက်ဖြင့်ပြုလုပ်သော နားထောင်ခြင်းစီးရီးများမှတဆင့် မြန်မာပြည်တွင်းမှ ကွဲပြားခြားနားသော စကားသံများအား လူသိရှင်ကြားသတင်းလွှင့်နိုင်ရန်အတွက် နားထောင်ခြင်းနည်းစံနစ်ကို အသုံးပြု၍ သုတေသနအား စီစဉ်ပြုလုပ်ခဲ့သည်။ ထိုစီးရီးများက CDAပူးပေါင်းဆောင်ရွက်လေ့လာခြင်းစီမံကိန်း၏ နားထောင်ခြင်းနည်းစံနစ်သည်[2] များစွာသောလူပုဂ္ဂိုလ်တို့၏ အကြံဉာဏ်များအားစုဆောင်းရန် နှင့်ကျယ်ပြန့်သော လူဦးရေနမူနာထံမှ အဓိကအကြောင်းအရာခေါင်းစဉ်များအား ရှာဖွေဖော်ထုတ်ရာ၌ ထိရောက်သော နည်းစနစ်တစ်ခုဖြစ်ကြောင်း အသိအမှတ်ပြု၍ နမူနာယူပြုလုပ်ထားသောနည်းစနစ်ဖြစ်သည်။

နားထောင်ခြင်းနည်းစနစ်ကို အသုံးပြုခြင်းဖြင့် ဤစီမံကိန်းသည်ပါဝင်ကြသော NSAGs(၆)ဖွဲ့မှခြေလျင်တပ်သားတို့ထံမှ အရေးပါသောသတင်းစကားများကိုရရှိနိုင်ရန် သက်တောင့်သက်သာရှိသော စကားစမည်ပြောဆိုနိုင်မည့် ပတ်ဝန်းကျင် အခြေအနေဖန်တီးရန် အလေးထားပြုလုပ်ခဲ့သည်။ စကားဝိုင်းများတလျှောက် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နှင့် စပ်ဆိုင်သောအကြောင်းအရာများစွာတို့ကို ဆွေးနွေးခဲ့ကြသည်။ နားထောင်သူများ[3]နှင့်ပြုလုပ်ခဲ့သော စုပေါင်းညှိနှိုင်းမှု အလုပ်ရုံဆွေးနွေးပွဲစဉ်များနှင့် CPCS၏အဖွဲ့အတွင်း စိစစ်လေ့လာသုံးသပ်ချက်များအားဖြင့် စကားစမည်ပြောဆိုခြင်း

[2] CDA Collaborative Learning Projects Website: http://www.cdainc.com/cdawww/abontus history.php

[3]နားထောင်သူများဆိုသည်မှာစီမံကိန်း၏နားထောင်ခြင်းစကားစမည်ဝိုင်းများအားစီမံပြုလုပ်ကြသူများကိုဆိုလိုခြင်းဖြစ်သည်။

အားလုံးတို့မှ ကြားရစမြဲအများသဘောတူ အကြောင်းအရာများအနေဖြင့် အဓိကအကြောင်း အရာခေါင်းစဉ်တစ်စုံကိုဖော်ထုတ်နိုင်ခဲ့သည်။

## တွေ့ရှိချက်များ၏အနှစ်ချုပ်

NSAGအသီးသီး၌ပါဝင်ကြသောလက်နက်ကိုင်အဖွဲ့များ နှင့်စစ်သားတစ်ဦးစီတို့အကြား သိသာထင်ရှားသော ကွဲပြားခြားနားချက်များရှိလျက်နေသော်လည်း၊ စကားစမြည်ဝိုင်းအားလုံး တို့မှကြားရစမြဲအများလက်ခံသော ခေါင်းစဉ်(၁၆)ခုအားထုတ်ဖော်နိုင်ခဲ့ပြီး၊ အရေးကြီးမှုအဆင့်အလိုက်ဇယား(၁)တွင်စာရင်းပြုစုထားလျက်ရှိသည်။

ဇယား၁: ခြေလျင်တပ်သားများထံမှ ကြားရစမြဲဖြစ်သော အများသဘောတူအကြောင်းအရာခေါင်းစဉ်များ

၁။ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အပြုသဘောဆောင်သောခံစားချက်အချို့ရှိသည်။

၂။ရိုးဖြောင့်၍စစ်မှန်ပြည့်ဝသောငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုကိုဆန္ဒရှိသည်။

၃။ယုံကြည်မှုတည်ဆောက်ရန်လိုအပ်သည်။

၄။လက်နက်များစွန့်လွှတ်ရန်စောလွန်းသေးသည်။

၅။လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်ခွင့်တိုးတက်လာသော်လည်းထိုထက်ပိုသောလွတ်လပ်ခွင့်ကိုလိုအပ်နေသည်။

၆။တိုင်းရင်းသားဒေသများ၌မြန်မာ့တပ်မတော်တည်ရှိနေမှုကိုလျော့ချရန်နှင့် ထိန်းချုပ်နယ်မြေများအား ရှင်းလင်းပြတ်သားစွာ နယ်နိမိတ်သတ်မှတ်ရန်လိုအပ်သည်။

၇။လက်နက်ကိုင်အဖွဲ့အစည်းဦးဆောင်မှုနောက်သို့လိုက်နာပါမည်ဟုကတိကဝတ်ပြုသည်။

၈။ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊တန်းတူအခွင့်အရေးတို့ကိုတောင့်တဆန္ဒရှိကြသည်။

၉။စစ်မှန်သောငြိမ်းချမ်းရေး[4]ကိုရရှိပိုင်ဆိုင်ပါကသာမာန်အရပ်သားအဖြစ်သော်လည်းကောင်း၊တိုင်းရင်းသား (သို့) အစိုးရလုံခြုံရေးအင်အားစုတွင်ပါဝင်လိုသောဆန္ဒရှိသည်။

---

[4]စစ်မှန်သောငြိမ်းချမ်းရေးဟူသောဝါဟာရအား ပူးပေါင်းပါဝင်သူတစ်ဦးစီသာမက လက်နက်ကိုင်အဖွဲ့အသီးသီးတို့က ကွဲပြားစွာအဓိပ္ပာယ်ဖွင့်ကြသည်။ သို့ရာတွင် ခြေလျင်တပ်သားတိုင်းထံမှ ကြားသိခဲ့ရသောစစ်မှန်သော ငြိမ်းချမ်းရေး၏အဓိပ္ပာယ်တွင်၎င်းတို့သက်ဆိုင်ရာ လက်နက်ကိုင်အဖွဲ့အစည်း၏ ရည်မှန်းချက်ပန်းတိုင်ကို ရယူနိုင်ခြင်း၊ အကြမ်းဖက်မှုနှင့် ဖိနှိပ်မှုတို့မှ လွတ်မြောက်ရှင်သန်နိုင်သော စွမ်းရည်ရှိခြင်း၊နှင့် တည်တံ့ခိုင်မာသော ငြိမ်းချမ်းရေးရယူရန်

၁၀။ပြန်လည်ပေါင်းစည်းရေးထောက်ပံ့ကူညီမှုအစီအစဉ်များအားလိုအပ်သည်။

၁၁။ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်သောသတင်းအချက်အလက်များအားပိုမိုရရှိရန်ဆန္ဒရှိသည်။

၁၂။အပစ်အခတ်ရပ်စဲရေးကြီးကြပ်လေ့လာစောင့်ကြည့်ရေးအဖွဲ့များကိုလိုအပ်သည်။

၁၃။စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ဆန္ဒရှိသည်။

၁၄။တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်တပ်မတော်[5]တို့အကြားပိုမိုကောင်းမွန်သောဆက်သွယ်ဆက်ဆံရေးဖြစ်ပေါ်စေလိုသည်။

၁၅။တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြားစည်းလုံးမှုလိုအပ်သည်။

၁၆။ငြိမ်းချမ်းရေးအပြန်အလှန်ဆွေးနွေးခြင်းများအားကြားဝင်ဖျန်ဖြေသူများပါဝင်စေ၍ရုံဖန်ရံခါပြုလုပ်ရန်လိုအပ်သည်။

နားထောင်ခြင်းစကားစမြည်ပွဲများမှတစ်ဆင့် ငြိမ်းချမ်းရေးစေ့စပ်ညှိနှိုင်းမှုများနှင့် သဘောတူညီမှုများ၌ ခြေလျင်တပ်သားများ၏ ကြောင့်ကြမှုနှင့် လိုအပ်ချက် တို့နှင့်သက်ဆိုင်သော အရေးကြီးသည့်အကြောင်းအရာ ခေါင်းစဉ်(၁၀)မျိုးပေါ်ထွက်လာခဲ့သည်။ အောက်ဖော်ပြပါဇယား(၂)ရှိခေါင်းစဉ်ဆယ်မျိုးတို့သည် လက်နက်ကိုင် အဖွဲ့အစည်း ခေါင်းဆောင်ပိုင်းနှင့် မြန်မာအစိုးရအရာရှိတို့အတွက် အရေးပါသော သတင်းစကားများဖြစ်သည်။

---

နှစ်ဘက်ပါတီ - NSAGSနှင့် အစိုးရက စစ်မှန်စွာကတိပြုဆောင်ရွက်သောအဆင့်သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား တိုးတက်စေလိုသောဆန္ဒဟူသောတူညီသောအကြောင်းအရာသုံးခုပါဝင်လျက်ရှိလေသည်။

[5]တပ်မတော်ဆိုသည်မှာမြန်မာနိုင်ငံလုံးဆိုင်ရာစစ်တပ်ကိုဆိုလိုခြင်းဖြစ်သည်။

ဇယား၂။ လက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်များ နှင့်မြန်မာအစိုးရအရာရှိများအတွက် အရေးကြီးသတင်းစကားများ

၁။ငြိမ်းချမ်းရေးသဘောတူညီမှုများ[6]နှင့် အကောင်အထည်ဖော်ဆောင်မှုများတွင် ပါဝင်သူအဖွဲ့တိုင်း၏ ရိုးသားဖြောင့်မတ်ခြင်း နှင့်ယုံကြည်မှုတည်ဆောက်ခြင်းကိုလိုအပ်လျက်ရှိသည်။

၂။တပ်ဖျက်သိမ်းခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် လက်တွေ့ကျသော ရှုထောင့်အမြင်နှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များ၌ ကတိပြုထားသော အချက်များအပေါ်တွင် အခြေခံရမည်ဖြစ်သည်။ တပ်ဖျက်သိမ်းခြင်းသည် ငြိမ်းချမ်းရေးသဘောတူညီချက်များအား အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ပြီးမှသာ ပြုလုပ်ရန်ဖြစ်နိုင်ပေမည်။

၃။ပဋိပက္ခ၌ပါဝင်ပတ်သက်သော ပါတီတိုင်းသည် ရိုးသားဖြောင့်မတ်ခြင်းကို ထိန်းသိမ်းကြ၍ အပြန်အလှန်သာတူညီမျှပြုမှု ဆက်ဆံကြကာအပစ်အခတ်ရပ်စဲခြင်း နှင့် ငြိမ်းချမ်းရေးသဘောတူညီမှုများ၌ သဘောတူထားခဲ့ကြသော အချက်များအပေါ် တာဝန်ယူဖြည့်ဆည်းရမည်ဖြစ်သည်။

၄။ခြေလျင်တပ်သားများက တောင့်တင်းခိုင်မာသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ နိုင်ငံတော်အဆင့်၌ တန်းတူအခွင့်အရေး၊ လူနည်းစုတိုင်းရင်းသားမျိုးနွယ်စုအပေါ် အသိအမှတ်ပြုခြင်းနှင့် ယဉ်ကျေးမှုအစဉ်အလာတို့အား လေးစားရှိသေခြင်းတို့ပါဝင်လျက်ရှိသော ဖယ်ဒရယ်စနစ်တစ်ခုအားအလိုရှိကြသည်။

၅။အခြေခံလူ့အခွင့်အရေး အလိုရှိကြသည်။

၆။ခြေလျင်တပ်သားများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နှင့်ပတ်သက်ပြီး သာ၍ကောင်းမွန်စွာ သိရှိနိုင်ရန်အတွက် သတင်းအချက်အလက်လွယ်ကူစွာ လက်လှမ်းမှီရယူခွင့် တိုးမြှင့်ရရှိရန် လိုအပ်လျက်ရှိသည်။

၇။ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား တရားဝင်ဖြစ်ခြင်းသဘောကို ထည့်သွင်းနိုင်ရန် အဖွဲ့အစည်းတိုင်းအတွက် အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်စစ်ဆေးမှုလုပ်ငန်းအားတည်ထောင်ခြင်း၊ ရှိသေလေးစားခြင်းနှင့် လိုက်နာဆောင်ရွက်ရန် ဥပဒေပြဋ္ဌာန်းခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ရမည်။

၈။ သဘာဝသယံဇာတအရင်းအမြစ်များအား ကာကွယ်စောင့်ရှောက်ခြင်း၊ အသုံးပြုခြင်းနှင့် ယင်းတို့တည်ရှိရာပြည်နယ်ကိုယ်ပိုင်အုပ်ချုပ်မှုအောက်၌ ထားရှိခြင်းတို့ကို ပြုလုပ်သင့်သည်။

၉။ခြေလျင်တပ်သားများသည်လွန်ခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ ဖြစ်ပွားခဲ့သော ပျက်ပြားခြင်းများကို

[6]ငြိမ်းချမ်းရေးသဘောတူညီချက်များဟူသောဝေါဟာရအားပဏာမသဘောတူညီချက်များနားလည်မှုစာချုပ်မူကြမ်းနှင့်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များစသည်တို့ပါဝင်သောမည်သည့်ငြိမ်းချမ်းရေးဆိုင်ရာသဘောတူညီချက်တို့ကိုမဆိုထည့်သွင်းကာအသုံးပြုလျက်ရှိသည်။

| |
|---|
| ရှောင်လွှဲလိုကြသည်။<br><br>၁၀။စစ်မှန်သောငြိမ်းချမ်းရေးရရှိပါက ခြေလျင်တပ်သားများအနေဖြင့် နိုင်ငံတော်၏ လုံခြုံရေးအင်အားစု တစ်ရပ်တွင်ပါဝင်ခြင်း (သို့မဟုတ်) သာမန်အရပ်သားဘဝသို့ ပြန်လည်ပေါင်းစည်းခြင်းအား ပြုလုပ်လိုကြသည်။ |

ထို့အပြင် ခြေလျင်တပ်သားတို့၏ လက်ရှိကာလ နှင့် အနာဂတ်ကာလအောက်ခြေမြေပြင်ရှိ လိုအပ်ချက်နှင့် ကြောင့်ကြမှုတို့နှင့် စပ်ဆိုင်၍ ဖော်ထုတ်ခဲ့သော အကြောင်းအရာခေါင်းစဉ်များတွင် နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGOs)နှင့် ၎င်းအဖွဲ့အစည်းများအတွက် အကြံပြုချက်များပါရှိလေသည်။ ယင်းအချက်များအား ဇယား(၃)တွင်အောက်ပါအတိုင်းဖော်ပြထားပါသည်။

| ဇယား၃။နိုင်ငံတကာမှအစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့်ယင်းအဖွဲ့အစည်းများအတွက် အရေးကြီးသတင်းစကားများ | |
|---|---|
| ၁။အရပ်သားပြန်လည်ပေါင်းစည်းရေးအထောက်အပံ့ | • ၃နှစ်မှ၅နှစ်တိုင်အောင်ဘဏ္ဍာရေးအထောက်အပံ့<br>• မိသားစုများနှင့်နေထိုင်နိုင်ရန်နှင့်အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက်မြေနေရာရရှိခွင့်<br>• စီးပွားရေးအခွင့်အလမ်းများ<br>• အသက်မွေးဝမ်းကျောင်းမှုသင်တန်းများ<br>• စစ်သားများနှင့်သူတို့မိသားစုများအတွက်ပညာရေးများ<br>• နိုင်ငံသားစိစစ်ရေးကဒ်ပြား |

| | |
|---|---|
| ၂။သဘာဝအရင်းအမြစ်အားစီမံခန့်ခွဲမှု | • သဘာဝသယံဇာတအရင်းအမြစ်ဖွံ့ဖြိုးရေးမှ လူထုအကျိုးအမြတ်ခံစားရခြင်း<br>• သဘာဝသယံဇာတအရင်းအမြစ်အပေါ်ကောင်းမွန်စွာ**ကျင့်သုံး**တတ်ခြင်း |
| ၃။အခြေခံလူ့အခွင့်အရေးများ | • အကြမ်းဖက်မှုမျိုးစုံမှလွတ်လပ်ခွင့်<br>• လူနည်းစုတိုင်းရင်းသားမျိုးနွယ်စုများအားအသိအမှတ်ပြုခွင့်<br>• လွတ်လပ်စွာသွားလာလှုပ်ရှားခွင့် |
| ၄။အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များအားထိန်းသိမ်းလိုက်နာမှု | • နိုင်ငံတကာမှအစိုးရမဟုတ်သောအဖွဲ့အစည်းများ (သို့) ကြားနေဝါဒီအဖွဲ့တစ်ဖွဲ့မှနေ၍အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အားလုံးကိုစောင့်ကြည့်စစ်ဆေးခြင်းကိုဦးစီးဆောင်ရွက်ရမည်။ |
| ၅။အခြေခံအဆောက်အဦး | • ပညာရေးဆိုင်ရာအထောက်အပံ့ပစ္စည်းများနှင့်အဆောက်အဦးများ<br>• ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာအဆောက်အဦး (ကျန်းမာရေးစင်တာနှင့်ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ခွင့်)<br>• အိမ်ယာနှင့်ကျေးရွာအဆောက်အအုံ |
| ၆။မိမိအားသော်လည်းကောင်း၊ရပ်ရွာလူထုအားလည်းကောင်းဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်ခွင့် | • စစ်သားများသည်သူတို့ကိုယ်တိုင်၊သူတို့မိသားစုများနှင့်သူတို့၏ရပ်ရွာလူထုများအားကာကွယ်စောင့်ရှောက်သောစွမ်းဆောင်ရည်အားထိန်သိမ်းစောင့်ရှောက်ရမည်။ |
| ၇။ဘဏ္ဍာရေးလုံခြုံမှုရှိစေရန်အတွက်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | • စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၌ ချိတ်ဆက်လုပ်ဆောင်နိုင်ရန် အခွင့်အလမ်းများ |

## အကြံပြုချက်များ

မြန်မာ့ငြိမ်းချမ်းရေးအတွက် လုပ်ကိုင်ဆောင်ရွက်ကြသော အဖွဲ့တိုင်းသည် ရာထူးအဆင့်မရှိသောရဲဘော်များထံမှ ကြားသိခဲ့ရသော ထင်ရှားပေါ်လွင်သော အကြောင်းအရာခေါင်းစဉ်များ နှင့်သတင်းစကားများအား အသိအမှတ်ပြု၊ ကိုင်တွယ်ဖြေရှင်း၍ ထောက်ပံ့ကူညီရမည်ဖြစ်သည်။ CPCSသည်အရေးပါသော သတင်းစကားများ၊

ကြားသိခဲ့ရသောအဓိကခေါင်းစဉ်များ နှင့် မြန်မာနိုင်ငံ၏ဆက်နွယ်လျက်ရှိသော အခြေအနေအား ခွဲခြားစိတ်ဖြာသုံးသပ်ခြင်းတို့ကို ပေါင်းစပ်၍အဓိကပါဝင်လှုပ်ရှား ဆောင်ရွက်သူတို့အတွက် အကြံပြုချက်များကို ဖော်ထုတ်ခဲ့သည်။

**NSAG ခေါင်းဆောင်များနှင့်မြန်မာအစိုးရသို့**

၁)အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်စစ်ဆေးရေး ပဏာမလှုပ်ရှားမှုများအား ကြားနေတတိယပါတီ (သို့မဟုတ်)ရပ်ရွာအခြေပြုအဖွဲ့တို့ကယုံကြည်မှုတည်ဆောက်ရန် နှင့် တာဝန်ယူဆောင်ရွက်မှု တိုးတက် စေရေး အတွက် အကောင်အထည်ဖော်ဆောင်ရွက်သင့်သည်။

၂)တပ်ဖျက်သိမ်းခြင်း အစီအစဉ်များသည် တပ်သားများ၏ အောက်ခြေမြေပြင်အခြေအနေကို လက်တွေ့ဆန်စွာ နားလည်သဘောပေါက်ခြင်း၌ အခြေခံကြရမည်ဖြစ်ပြီး၊ အပစ်အခတ်ရပ်စဲရေးလုပ်ငန်းများ အခြေကျ၍ ယုံကြည်မှု တည်ဆောက်ခြင်း ပြုလုပ်နိုင်သောအခါတွင်သာလျှင် ၎င်းအစီအစဉ်များကို အကောင်အထည် ဖော်ဆောင် သင့်ပါသည်။

၃)တပ်ဖျက်သိမ်းခြင်း နှင့်ပြန်လည်ပေါင်းစည်းရေးစီစဉ်ခြင်းတွင် စစ်သားများအား ပါဝင်ပတ်သက်စေ၍၊ သူတို့၏လိုအပ်ချက်များ နှင့်အကြံဉာဏ်များအား ထည့်သွင်းစဉ်းစားကာ ထိုလုပ်ငန်းစဉ်များစတင်ထူထောင်ခြင်း၌ ပါဝင်ဖြည့်ဆည်းခွင့် ပေးအပ်ရမည်ဖြစ်သည်။

၄)ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ နိုင်ငံရေးအခြေအနေနှင့် လက်တွေ့ဆန်သော ရှေ့ဆက်ခြေလှမ်းတို့နှင့် ပတ်သက်သော သတင်းအချက်အလက်တို့ကို ဝေမျှနိုင်ရန်အတွက် သတင်းအချက်အလက်ဝေမျှရေး အစပျိုးလုပ်ငန်းများတွင်လက်နက်ကိုင်အဖွဲ့အစည်းတိုင်းမှ ခြေလျင်တပ်သားတို့နှင့်အတူ တာဝန်ယူဆောင်ရွက်သင့်သည်။

၅)ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကနဦးအဆင့်၌ စစ်သားများအား သာမန်အရပ်သားဘဝသို့ ပြန်လည်ပေါင်းစည်းခြင်း အတွက်ပြင်ဆင်ပေးပြီး၊ စစ်သားဘဝမှစတင်၍ အတတ်ပညာများ တစ်ခုထက်မက သင်ယူတတ်မြောက်နိုင်သော ရွေးချယ်ခွင့်ကိုပေးရန် ရည်ရွယ်သောအစီအစဉ်များကို တည်ထောင်ကြရမည်။

၆)သဘာဝသယံဇာတ အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သောစီမံအုပ်ချုပ်မှုနည်းလမ်းအား လေ့လာစူးစမ်းခြင်းဖြင့် မိမိဒေသအတွင်းဖြစ်ပေါ်လျက်ရှိသော အရင်းအမြစ်ဖွံ့ဖြိုးရေးမှ ရပ်ရွာလူထုက အကျိုးခံစားခွင့် သေချာစေရန်ရမည်ဖြစ်သည်။

**အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်နိုင်ငံတကာမှအစိုးရမဟုတ်သောအဖွဲ့အစည်းများသို့**

၁)သုံးနှစ်မှငါးနှစ်ထိ ဘဏ္ဍာရေးအထောက်အပံ့၊ မြေယာပိုင်ဆိုင်ခွင့်၊ အသက်မွေးဝမ်းကျောင်းမှုသင်တန်းများ၊ စစ်သားများ နှင့် ၎င်းတို့မိသားစုများအတွက် ပညာရေး နှင့် စီးပွားရေးအခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး စသည်တို့ပါဝင်သော ပြန်လည်ပေါင်းစည်းရေးကူညီထောက်ပံ့မှုများကို စစ်သားများအား ဖြည့်ဆည်းပေးရမည်။

၂)အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များအား၊ လူထုအခြေပြု ကြားနေ စောင့်ကြည့်စစ်ဆေးရေးအဖွဲ့များ (သို့မဟုတ်)နိုင်ငံတကာမှအစိုးရမဟုတ်သောအဖွဲ့အစည်းများက အားပေးထောက်ပံ့သင့်ပါသည်။

၃)အခြေခံအဆောက်အဦးများ ဖြည့်ဆည်းပေးရာတွင် ပညာရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှု အထောက်အကူပြုပစ္စည်းများ၊ ကျေးရွာအဆောက်အအုံများအား အဓိကဂရုပြုထောက်ပံ့ကူညီသင့်ပါသည်။

၄)ရပ်ရွာလူထုအကျိုးခံစားရေး၊ လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်အပေါ် အနုတ်လက္ခဏာဆောင်သော အကျိုးသက်ရောက်မှု လျော့ပါးသက်သာစေရေးတို့ကို သေချာစေသော ကောင်းမွန်သော အုပ်ချုပ်နည်းတစ်ခု ပါဝင်သော သဘာဝသယံဇာတအရင်းအမြစ်စီမံခန့်ခွဲရေးစီမံကိန်းကို အားပေးထောက်ခံသင့်သည်။

၅)မြန်မာနိုင်ငံရှိလူတိုင်း၊ အထူးသဖြင့်လူနည်းစုတိုင်းရင်းသားမျိုးနွယ်စုများအား အသိအမှတ်ပြုလေးစား၍ စစ်သားများအား မိမိတို့ကိုယ်ကို၊ မိမိတို့၏မိသားစုများနှင့် ရပ်ရွာလူထုတို့အား ကာကွယ်စောင့်ရှောက်နိုင်စွမ်း ဆက်လက်ထိန်းသိမ်းထားနိုင်သော အခွင့်အရေးတို့ပါဝင်သော အခြေခံလူ့အခွင့်အရေးကို သေချာစွာ ဦးတည်ဆောင်ရွက်သော အစီအစဉ်အစပျိုးလှုပ်ရှားမှုများအား တည်ထောင်ပြုလုပ်သင့်သည်။

## နိဒါန်း

မြန်မာအစိုးရသည် ၂၀၁၁ခုနှစ်၊ စက်တင်ဘာလမှစတင်၍ ရေရှည်ဖြစ်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ်၌ လက်နက်ကိုင်အဖွဲ့အစည်းများ နှင့်ချိတ်ဆက်လုပ်ဆောင်ရန် ကတိကဝတ်တစ်ခုကို ပြသလုပ်ဆောင် လျက်ရှိသည်။ တိုင်းရင်းသားမျိုးနွယ်စုအရေး၊ နှင့်ငြိမ်းချမ်းရေးဆိုင်ရာစကားအပြန်အလှန်ပြောဆိုမှုများ နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့ နှင့် လုပ်ကိုင်ဆောင်ရွက်ခြင်း၌ အစိုးရ၏စိတ်အားထက်သန်မှုသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ အစိုးရ၏တက်ကြွစွာ ပါဝင်လှုပ်ရှားမှုကို ပြသလျက်ရှိပြီး၊ ထိုအချင်းအရာသည် မြန်မာနိုင်ငံအတွက်ငြိမ်းချမ်းရေးရရှိနိုင်ရန် အကောင်းမွန်ဆုံးသောအခွင့်အလမ်းအဖြစ် မှတ်ယူနိုင်ပါသည်။ အထက်ပါအဆင့်ဆွေးနွေးပွဲများနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးခြင်းတို့၌ ထင်ရှားသောတိုးတက်မှုများကို တွေ့မြင်ရသော်လည်း၊ ပိုမိုကျယ်ပြန့်များပြားသော လူဦးရေအား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်လုပ်ဆောင်ကြစေရန် လိုအပ်နေသေးသည်။ ထို့အပြင် မြန်မာနိုင်ငံ အခြေအနေသည် ထိခိုက်လွယ်သော အသွင်ကူးပြောင်းကာလ၌ ရှိလျက်နေသေးလေသည်။

များစွာသောတိုင်းရင်းသားမျိုးနွယ်စုများ ဖြစ်တည်နေခြင်းနှင့် များစွာသောဘာသာစကားများကို ပြောဆို အသုံးပြုခြင်းတို့အပြင်၊ ပထဝီအနေအထားကွဲပြားခြားနားခြင်း နှင့်လူ့အုပ်စုများစွာကပထဝီအနေအထားအရ အထီးကျန်သီးသန့်အဖြစ်ရှိနေကြခြင်းတို့ကို မြန်မာ့ပဋိပက္ခ၏ ရှုပ်ထွေးမှုတစ်ပိုင်းတစ်ဆိတ်အဖြစ် ထည့်သွင်းယူဆနိုင်ပေသည်။ မြန်မာပြည်အတွင်းတက်ကြွလှုပ်ရှားသော NSAGS အဖွဲ့ ၁၅ခုတို့၏တည်ရှိနေမှုက တိုင်းပြည်၏ထွေပြားစွာကွဲပြားခြင်းကို ရောင်ပြန်ဟပ်ပြလျက်ရှိသည်။[7] မတူညီကွဲပြားသော တိုင်းရင်းသားလူမျိုးစု နောက်ခံသမိုင်းများ၊ ပြောဆိုအသုံးပြုနေသောကွဲပြားခြားနားသည့် ဘာသာစကားများ၊ ၎င်းတို့ကိုယ်စားပြုသော လူထုတို့နှင့်ဆက်ဆံရေးခြားနားချက်များကို အထက်ဖော်ပြပါ လက်နက်ကိုင်အဖွဲ့အစည်းများက ကိုယ်စားပြု လျက်ရှိသည်။ နှစ်ပေါင်း၆၀ကျော်ကြာဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများပြီးနောက်၊ ပါဝင်ပတ်သက်ကြသူ တိုင်း၌ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထည့်သွင်းဖြေရှင်းရမည့် ကွဲပြားခြားနားသောနစ်နာချက်များ၊ လိုအပ်ချက်များနှင့် ရည်ရွယ်ချက်များရှိနေကြသည်။ ထိုကဲ့သို့ကျယ်ပြန့်များပြားသော ပါဝင်လှုပ်ရှားဆောင်ရွက်သူများအား လုပ်ငန်းစဉ်အတွင်း ထည့်သွင်းလုပ်ဆောင်စေခြင်းသည် မြန်မာပြည်၏ကြန်အင်လက္ခဏာတစ်ခုကဲ့သို့ဖြစ်လျက်ရှိပြီး၊ ဤတိုင်းပြည်၏ ရှုပ်ထွေးပြီးရွှေ့ပြောင်းလှုပ်ရှားလျက်ရှိသော ဆက်စပ်လေ့လာရန်အခြေအနေကို ပံ့ပိုးအားဖြည့် နေလေသည်။

CPCS၏ သုတေသနစာတမ်းပုံနှိပ်မှုများသည် အောက်ခြေမြေပြင်အတွေ့အကြုံမှ ရရှိခဲ့သော လက်တွေ့သင်ခန်းစာများမှ သော်လည်းကောင်း၊ ပဋိပက္ခလှုပ်ရှားဖြစ်စဉ်များအပေါ် ခွဲခြားစိတ်ဖြာသုံးသပ်ချက်မှ လည်းကောင်း၊ အဓိကလှုံ့ဆော် တွန်းအားပေးခဲ့ရခြင်းဖြစ်သည်။ ဆက်လက်ပြုလုပ်လျက်ရှိသော ထိုခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်များအား ကျွန်ုပ်တို့၏အတွေ့အကြုံနှင့် မြန်မာပြည်အတွင်းရှိ အတိုင်းအတာ တစ်ခုမျှသောလူအရေအတွက်တို့နှင့် ဆွေးနွေးအကြံပေးခြင်းတို့မှတစ်ဆင့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ လစ်ဟာလျက်ရှိနေသော ရာထူးအဆင့်မဲ့ ရဲဘော်များ၏ စကားသံများကို ဖော်ထုတ်နိုင်ခဲ့သည်။

NSAGs ခေါင်းဆောင်ပိုင်းက စေ့စပ်ညှိနှိုင်းရေးနှင့် အပြန်အလှန်ဆွေးနွေးရေးတို့၌ ချိတ်ဆက် ဆောင်ရွက်နေကြသော်လည်း၊ ပဋိပက္ခ၏ရှေ့တမ်းစစ်မြေပြင်ရှိလူအများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်သူတို့၏ အနာဂါတ်အပေါ် ခံစားချက်များက မှုရှင်းလင်းသဲကွဲခြင်းမရှိပေ။ မြန်မာနိုင်ငံရှိလက်နက်ကိုင်အဖွဲ့အစည်းများ၊နှင့် ခြေလျင်တပ်သားများသည် စစ်ပုံသွင်းမှုအများဆုံးခံခဲ့ရသောသူများဖြစ်ကြပြီး၊ ၎င်းတို့တွင်အများအပြားက ဆယ်စုနှစ်များစွာပင် ရှေ့တန်းစစ်မြေပြင်တွင် တိုက်ခိုက်နေခဲ့ကြသူများဖြစ်ကြသည်။ ခြေလျင်တပ်သားအများစုသည် ပထဝီအနေအထားအရ ခရီးသွားလာခွင့်ကန့်သတ်ထိန်းချုပ်ခံရသော အထီးကျန်ချောင်ကြသော နေရာဒေသများတွင် နေထိုင်လျက်ရှိကြပြီး၊ လက်နက်များ ဆက်လက်ကိုင်စွဲနေကြသေးသည်။ တင်းကျပ်သောရာထူးဂုဏ်အဆင့်ဆင့်ဖြင့် ဖွဲ့စည်းထားသော တပ်ဖွဲ့စည်းတည်ဆောက်ပုံ၏ စီမံခန့်ခွဲမှုအတွင်း ရာထူးအဆင့်မဲ့တပ်သားများသည်

[7]အဖွဲ့အစည်းများ၏အရေအတွက်ကိုမြန်မာ့ငြိမ်းချမ်းရေးစောင့်ကြည့်စစ်ဆေးမှုအားတိုးထားထားပြီး www.mmpeacemonitor.org မှ၁၃ရက်မတ်လ၂၀၁၄တွင်အချက်အလက်ရယူခဲ့ပါသည်။

အခြားသူများကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း သူတို့၏ကိုယ်ပိုင်အကြံဉာဏ်များ၊ လိုအပ်ချက်များနှင့် ကြောင့်ကြမှုများအား ဖွင့်ဟပြောကြားနိုင်ရန် အခွင့်အလမ်းနည်းပါးလေသည်။

ခြေလျင်တပ်သားများအား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ပါဝင်ပတ်သက်စေခြင်းသည် ပို၍ကျယ်ပြန့်သော ပူးပေါင်းပါဝင်မှုရှိစေခြင်း၊ မိမိတို့နှင့်စပ်ဆိုင်သည်ဟူသော ပိုင်ရှင်စိတ်ဓါတ်ကို တည်ဆောက်ရာ၌ကူညီခြင်းနှင့် အဖွဲ့တိုင်း၏ အခြေခံလိုအပ်ချက်များကိုသေချာစွာဖြည့်ဆည်းရန် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား တရားဝင်ဖြစ်စေ၍ အကျိုးသက်ရောက်မှုအား ပို၍အားကောင်းစေခြင်းတို့ကို လှုံ့ဆော်ပံ့ပိုးပေးလေသည်။ လက်နက်ကိုင်အဖွဲ့အစည်းများအတွက်မူ တိုင်ပင်ဆွေးနွေး၍ ပါဝင်ပတ်သက်စေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ဒေသအခြေအနေနှင့် လိုက်လျောညီထွေသော ပဋိပက္ခအပြီးအစီအစဉ်များ ထုတ်ဖော်ထည်ထောင်ခြင်း၌ လွယ်ကူစေပြီး ပိုမိုကျယ်ပြန့်စွာ ပါဝင်ပတ်သက်စေပြီး တည်တံ့ခိုင်မာသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ်ကို ဖန်တီးနိုင်ပေမည်။

လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုမှ သူတို့ကိုယ်ပိုင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖွံ့ဖြိုးရန် တည်ထောင်မှုအတွက် ဦးဆောင်မှုကဏ္ဍမှ ပါဝင်လှုပ်ရှားလျက်ရှိသော အာရှဆိုင်ရာ သာဓကတစ်ခုမှာ မိုရိုအစ္စလာမ်လွတ်မြောက်ရေးတပ်ဦး (MKLF)- ဖိလစ်ပိုင်အစိုးရ (GPH) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်၍၊ ထိုလုပ်ငန်းစဉ်တွင် ပြန်လည်ပေါင်းစပ်ခြင်းနှင့် တပ်ဖျက်သိမ်းခြင်းစသော ယေဘုယျဝေါဟာရများအစား ပုံမှန်ဖြစ်စေခြင်းဟူသော ဝေါဟာရကို အသုံးပြုခဲ့လေသည်။ ထိုပုံမှန်ဖြစ်စေခြင်းဟူသည်မှာ သူတို့၏ကိုယ်ပိုင်ပေါင်းစည်းရေးနှင့် တပ်ဖျက်သိမ်းရေးလုပ်ငန်းစဉ်များအား ရပ်ရွာလူထု ဆန္ဒရှိသော ဘဝအရည်အသွေး၊ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများနှင့် ငြိမ်းချမ်းသော လူ့ဘောင်အဖွဲ့အစည်းအတွင်း နိုင်ငံရေးနယ်ပယ်၌ ပါဝင်လှုပ်ရှားခွင့်စသည့် အခြေအနေတို့ကို ပြန်လည်ရရှိနိုင်သော အနေအထားအခြေအနေကို အခြေခံ၍အဓိပ္ပာယ်ဖွင့်ထားသော ဝေါဟာရတစ်ခုဖြစ်ပေသည်။ စစ်သားများသည် သူတို့ကိုယ်ပိုင်အသွင် ကူးပြောင်းရေးလုပ်ငန်းစဉ်ကို သူတို့နားလည်သဘောပေါက်သလိုဖန်တီးနိုင်စွမ်းနှင့် အခြားသူ နှင့် မတူညီဘဲသီးသန့်ဖြစ်သော လိုအပ်ချက်များ နှင့် နစ်နာမှုများကို ထည့်သွင်းစဉ်းစားခြင်းမရှိသော ပုံစံခွက်ကဲ့သို့သော မော်ဒယ်၏ ကန့်သတ်မှုကိုရှောင်လွှဲရန် အရေးကြီးကြောင်းကို အထက်ဖော်ပြပါဝေါဟာရကို အသုံးပြုခြင်းက မီးမောင်းထိုးပြလျက်ရှိလေသည်။ ဤသို့ဖော်ပြခြင်းကြောင့် မြန်မာနိုင်ငံရှိစစ်သားများ၌လည်း ထိုကဲ့သို့ ထပ်တူအခြေအနေဖြစ်ရမည်ဟူ၍ ဆိုလိုခြင်းမဟုတ်ဘဲ စစ်သားများသည် သူတို့၏ အနာဂါတ်များကို အကျိုးသက်ရောက်မှုရှိလာနိုင်မည့် လုပ်ငန်းစဉ်များအားဖန်တီးရာ၌ တစ်ထောင့်တစ်နေရာမှ ပါဝင်ရမည်ဟု ဆိုလိုခြင်းဖြစ်လေသည်။

ဤပုံနှိပ်ထုတ်ဝေမှုသည် ပြည်တွင်းရှိ ခြေလျင်တပ်သားများ၏ စကားသံများအားဖော်ထုတ်ရန်နှင့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ခြေလျင်တပ်သားများ၏ယူဆချက်များ၊ လိုအပ်ချက်များနှင့် တွေးဆမိသော အခက်အခဲစိန်ခေါ်မှုများအား သူတို့နှင့်တိုင်ပင်ဆွေးနွေးခြင်း၊ စကားလက်ဆုံပြောဆိုခြင်းများကို အစပျိုးလုပ်ဆောင်သွားနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

## သုတေသနရည်ရွယ်ချက်များ

**ဤစီမံကိန်း၏ အဓိကရည်ရွယ်ချက် (၂)ရပ်မှာ**

၁)ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နှင့် ခြေလျင်တပ်သားများ၏ အနာဂါတ် နှင့်ပတ်သက်၍ သူတို့၏ အကြံဉာဏ်ယူဆချက်များ၊ တွေးဆမိသောအခက်အခဲစိန်ခေါ်မှုများနှင့် ပူပန်ကြောင့်ကြမှုများကို နားလည်သဘောပေါက်နိုင်ရန်။

၂)ခြေလျင်တပ်သားများ၏ စကားသံများကို မြှင့်တင်ဖော်ထုတ်ခြင်းအားဖြင့် လက်နက်ကိုင် အဖွဲ့အစည်း ခေါင်းဆောင်များ၊ မြန်မာအစိုးရ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ နှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ထိုသူတို့၏ စကားသံများကိုကြားသိကြပြီး၊ သူတို့၏ အနာဂါတ်များကို အကျိုး သက်ရောက် စေမည်ဖြစ်သော ထိပ်တန်းအဆင့်ဆုံးဖြတ်ချက်များတွင် ထည့်သွင်းစဉ်းစားနိုင်ကြရန်။

## ပါဝင်သည့်အကြောင်းအရာနှင့် ဖွဲ့စည်းတည်ဆောက်ပုံ

ဤစာအုပ်၏ စာကိုယ်အား အပိုင်း(၄) ပိုင်းခွဲထားပါသည်။ ပထမဆုံးအပိုင်းတွင် အသုံးပြုခဲ့သည့်နည်းဉပဒေကို အသေးစိတ်ဖော်ပြထားပြီး၊ သုတေသနလုပ်ငန်းစဉ်ကို ရှင်းလင်းပြသထားပါသည်။ စာတမ်းအကျဉ်းချုပ်တွင် မိတ်ဆက်ဖော်ပြခဲ့သော ကြားရမြဲဖြစ်သော အကြောင်းအရာခေါင်းစဉ်များကို ဒုတိယပိုင်းတွင် အကျယ်ချဲ့၍ ပိုမိုရှင်းလင်းစွာဖော်ပြထားသည်။ တတိယပိုင်းတွင်မူ စိစစ်တွေ့ရှိချက်နှင့် ရှာဖွေတွေ့ရှိချက်များအရ ရှေ့ရှုဆောင်ရွက်ရမည့် အကြံပြုချက်များအား ပြဌာန်းထားသည်။ ဤစာတမ်းအား စီမံကိန်းတွင် ထည့်သွင်းပါဝင်စေခဲ့သော NSAGs အဖွဲ့အသီးသီးထံမှ ကြားခဲ့ရသော အဓိကအကြောင်းအရာခေါင်းစဉ်များအပေါ် အတိအကျရှင်းလင်းသရုပ်ဖော်မှုတို့ဖြင့် ဤစာတမ်းအား အဆုံးသတ်ထားပါသည်။

## သုတေသနဒီဇိုင်း

မြန်မာပြည်ရှိ ခြေလျင်တပ်သားများအတွက်မူ၊ အသစ်စက်စက်လက်မှတ်ထိုးထားသော သဘောတူညီချက်များ၏ အင်အားနှင့် ခိုင်မြဲမှုတို့က ရေရာမှုမရှိသောအခြေအနေ၌သာ ရှိနေသေးလေ၏။ စစ်သားများ၏ လှုပ်ရှားဆောင်ရွက်ခြင်းတို့ကို ကန့်သတ်ထိန်းချုပ်ခြင်းကို ဆက်လက်တွေ့ကြုံခံစားလျှင်ရှိပြီး၊ အချို့နေရာများတွင် ရင်ဆိုင်တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေလေသည်။ ဤသို့ထိခိုက်လွယ်သော အခြေအနေများသာမက စစ်တပ်ဖွဲ့စည်းပုံ၏ ရာထူးအဆင့်ဆင့် အုပ်ချုပ်မှုသဘာဝအခြေအနေတွင် ရာထူးအဆင့်မဲ့စစ်သားများ၏ စကားသံများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထည့်သွင်းပါဝင်ရန် အကန့်အသတ်ဖြင့်သာ အခွင့်အလမ်းရရှိနေပြီး၊ ဆက်သွယ်ပို့ဆောင်ရေးအရလည်း လက်လှမ်းမီနိုင်ရန်ခက်ခဲလှလေသည်။

အထက်ဖော်ပြပါ အကြောင်းပြချက်များအရ၊ ခြေလျင်တပ်သားများ၏ စကားသံများအား မြှင့်တင် ဖော်ထုတ်နိုင်ရန်အတွက်၊ ABSDG,CNF,KIO, KNPP,KNUနှင့် NMSPစသည့် လက်နက်ကိုင် အဖွဲ့အစည်းများမှ

ရာထူးအဆင့်မဲ့တပ်သား (၁၀၀)တို့နှင့် နားထောင်ခြင်းစကားစမြည်ဝိုင်းများအား နားထောင်ခြင်း နည်းစံနစ်ကို အသုံးပြု၍စီစဉ်ဆောင်ရွက်ခဲ့သည်။ ပူးပေါင်းပါဝင်သူများအား သက်တောင့်သက်သာရှိစေရန် နှင့်သူတို့အတွက် အရေးပါဆုံးယူဆချက်များအား ဖော်ထုတ်ပြောဆိုနိုင်ခွင့်ရှိစေရန်အတွက် နားထောင်ခြင်းစကားစမြည်ဝိုင်းများကို ပူးပေါင်းပါဝင်သူများ ရွေးချယ်သော ဘာသာစကားကိုအသုံးပြုကာ၊ ပျော့ပျောင်းညင်သာပြီး ကြီးကျယ်ခမ်းနားခြင်းမရှိ လွတ်လပ်သောစကားစမြည်ပြောဆိုခြင်း ပုံစံပြုလုပ်ခဲ့ကြသည်။

နားထောင်ခြင်းနည်းစံနစ်သည် ညလူပုဂ္ဂိုလ်အမျိုးမျိုးတို့၏ အကြံဉာဏ်ကိုစုစည်းခြင်း နှင့် ကျယ်ပြန့်များပြားသော လူအုပ်စုတို့ထံမှအရေးပါသော အကြောင်းအရာခေါင်းစဉ်များကို ဖော်ထုတ်ခြင်းတို့အတွက် ထိရောက်မှုရှိသော နည်းပညာတစ်ခုအဖြစ် အသိအမှတ်ပြုခံရသော နည်းစနစ်တစ်ခုဖြစ်သည်။ ဤနည်းစံနစ်က လူတို့သည် မည့်သည့်ဒေသအခြေအနေမျိုးတွင် နေထိုင်သောသူဖြစ်စေကာမူ၊ ထိုသူတို့၌မျက်မြင်ကိုယ်တွေ့အတွေ့အကြုံ၊ ဗဟုသုတနှင့် ထိုဒေသ၌ လှုပ်ရှားဖြစ်ပျက်မှုများကို အကောင်းဆုံးနားလည် သဘောပေါက် နိုင်စွမ်းတို့ရှိကြသည့်သူများဖြစ်ကြသည်ဟူ၍ အသိအမှတ်ပြုထားလေသည်။ သို့ဖြစ်၍ ထိုဒေသရှိလူများ၏ စကားများအား နားထောင်ရန် အလွန်အရေးကြီးပါသည်။ နားထောင်ခြင်းနည်းစနစ်က ပူးပေါင်းပါဝင်ကြသူများအား ပို၍စနစ်ကျသော အမေးအဖြေအင်တာဗျူးလုပ်ငန်းစဉ်မှ ရှောင်ခွာ၍၊ ပျော့ပျောင်းညင်သာပြီး လွတ်လပ်စွာ ပြောဆိုနိုင်သော စကားစမြည်ဝိုင်းများဖြင့် ပါဝင်ပတ်သက်စေခဲ့ပါသည်။ ၎င်းကိုင်တွယ်ဖြေရှင်းနည်းက ပူးပေါင်းပါဝင်သူတို့အတွက် အရေးကြီးဆုံးဖြစ်သော ပူပန်ကြောင့်ကြမှုများနှင့် သတင်းစကားများ ဝေ၄ပြောဆိုရာ၌ သက်တောင့်သက်သာစွာပြောဆိုနိုင်သော နေရာလပ်တစ်ခု ဖန်တီးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ စုပေါင်းညှိနှိုင်းမှုနှင့် စိစစ်လေ့လာမှု လုပ်စဉ်တစ်ခုအားဖြင့် ကျယ်ပြန့်များပြားသော လူဦးရေတို့မှ ယေဘုယျအကြောင်းအရာခေါင်းစဉ်များ နှင့်အများလက်ခံသော အရေးကြီးကိစ္စရပ်များကို ဖော်ထုတ်နိုင်ပေမည်။

CPCSသည် ပဋိပက္ခအသွင်ကူးပြောင်းရေးအဖွဲ့အစည်း တစ်ခုအနေဖြင့် ကျယ်ပြန့်သောလူဦးရေအပိုင်းအခြား တစ်ခုအတွင်းမှ စကားသံများကိုထည့်သွင်းပါဝင်ခြင်းဖြင့် တည်ဆောက်သည့် ပူးပေါင်းပါဝင်စေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခု၏ တန်ဖိုးကိုအသိအမှတ်ပြုလျက်ရှိသည်။ CPCSသည် ၂၀၀၈ခုနှစ်မှစ၍ နားထောင်ခြင်းနည်းစနစ်ကို အသုံးပြုကာ နားထောင်ခြင်းစီးရီးများအားဖြင့် မြန်မာပြည်တွင်းမှ မတူကွဲပြားသော စကားသံများကို လူအများသိရှိစေရန်အတွက် သုတေသနလုပ်ငန်းကို စီစဉ်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဤစီမံကိန်းအတွက်မူ CPCSမှနေ၍ တစ်ဘာသာထူးခြားလျက်ရှိသော အခြေအနေအကြောင်းအရာ၊ စိန်ခေါ်မှု အခက်အခဲများ နှင့် သုတေသန၏ရည်ရွယ်ချက်တို့ကို ထည့်သွင်းစဉ်းစားရန်နှင့် လိုက်ဖက်မှုရှိစေရန်အတွက် CDA ပူးပေါင်းဆောင်ရွက်လေ့လာခြင်းဖွံ့ဖြိုးရေး၏ နားထောင်ခြင်းနည်းစနစ်ကို လက်ခံမွေးစား၍ မွမ်းမံမှု အနည်းငယ်ပြုလုပ်ကာ အသုံးချခဲ့သည်။ မွမ်းမံပြုပြင်မှုများက စစ်သားများနှင့်စကားပြောခြင်း၊ ပဋိပက္ခနှင့် ဆက်စပ်လျက်ရှိသော အခြေအနေလုပ်ကိုင်ဆောင်ရွက်ခြင်းတို့၌ နည်းစံနစ် အားဖြည့်နိုင်ရန် လိုအပ်ကြောင်း တွေ့ရှိခဲ့ရသည်။ ဥပမာအားဖြင့်ဆိုသော် CPCSပံ့ပိုးကူညီခြင်းအဖွဲ့သည် နားထောင်ခြင်း အဖွဲ့များ လက်နက်ကိုင်အဖွဲ့အစည်းတပ်စခန်းများသို့ သွားရောက်ရာတွင် လိုက်ပါနိုင်ခဲ့ခြင်းမရှိပေ။ ထိုအစား၊

နေ့စဉ်အသုံးပြုရန် လုပ်ငန်းစဉ်အထောက်အပံ့ကိရိယာ ပံ့ပိုးကူညီခြင်း နှင့် အဖွဲ့မရှိခိုက် နားထောင်ခြင်းအသင်းများ အသုံးပြုနိုင်ကြရန် လမ်းညွှန်မေးခွန်းများ ပုံဖော်တည်ဆောက်ခဲ့လေသည်။

CPCSက နားထောင်ခြင်းနည်းစံနစ်ကို အရည်အသွေးအပေါ်အခြေခံပြီး၊ အကြောင်းအရာ အသားပေး ကိုင်တွယ်ဖြေရှင်းနည်းအားဖြင့် ပူးပေါင်းပါဝင်သူများ၏ တိုက်ရိုက်အတွေ့အကြုံများကို စိစစ်လေ့လာရန် နည်းလမ်းတစ်ခုအဖြစ် မြင်ယောင်ပုံဖော်အဓိပ္ပာယ်ဖွင့်ထားလေသည်။ ဤနည်းစနစ်ကိုအသုံးပြု၍ အဓိက အကြောင်းအရာခေါင်းစဉ်များ၊ ဦးတည်ရာများ၊ နှင့်အများလက်ခံအကြောင်းအရာကိစ္စရပ်များကို ကျယ်ပြန့်သော လူဦးရေအပိုင်းအခြားတို့ထံမှ ဖော်ထုတ်နိုင်လေသည်။ နားထောင်ခြင်းစီမံကိန်းများသည် အခြေအနေတစ်ရပ်၌ ရှင်သန်နေကြရပြီး၊ ထိခိုက်ခြင်းခံနေရသော လူတို့၏အကြံဉာဏ်များ နှင့် ထိုးထွင်းအမြင်တို့အားပြည့်စုံ၍စနစ်ကျစွာ လေ့လာ ဖော်ထုတ်ခြင်းအား ပြုလုပ်လေသည်။ ထိုသို့ပြုလုပ်ခြင်းသည် ကြားသိခွင့်နည်းပါးလှသောပုဂ္ဂိုလ် (သို့) လူအုပ်စုတို့၏စကားများအား မြှင့်တင်ဖော်ထုတ်ခြင်း နှင့်အများပြည်သူသိရှိနိုင်ကြစေရန် အခွင့်အလမ်းတစ်ခုကို ဖန်တီး၍ အခြေအနေတစ်ရပ်အတွက် ကြိုတင်အစီအစဉ်များ ဝေမျှနိုင်ရန် လမ်းကြောင်းတစ်ခုကို ပံ့ပိုးဖော်ဆောင်ခြင်းဖြစ်သည်။ လူပုဂ္ဂိုလ်တစ်ဦးစီ သီးသန့်တည်ရှိမှုကို လေးစားသောအနေဖြင့် နားထောင်ခြင်းအဖွဲ့ဝင်များ နှင့် မိမိတို့၏ အကြံဉာဏ်ယူဆချက်များကို ဝေမျှခဲ့ကြသော ရဲဘော်များအပါအဝင်၊ ဤစီမံကိန်း၌ ပူးပေါင်းပါဝင်ခဲ့ကြသူအားလုံး၏ အမည်များကိုဖော်ပြခြင်းရှိမည်မဟုတ်ပေ။ ဆက်လက် ဖတ်ရှုရမည်ဖြစ်သော စာမျက်နှာများတွင် ဖော်ပြထားသောကိုးကားစကားများသည် ပူးပေါင်းပါဝင်သူ တစ်ယောက်တည်းမဟုတ်ဘဲ၊ များစွာသောပါဝင်သူတို့ဝေမျှခဲ့သော အရေးပါသည့်ကိစ္စရပ်များနှင့် ရှုထောင့်အမြင်များအား ကိုယ်စားပြုသည်ဟု ယုံကြည်သောကြောင့် အမည်များကို ချန်လှပ်ထားပါသည်။

## ပံ့ပိုးကူညီခြင်း နှင့် နားထောင်ခြင်းအသင်းအဖွဲ့များ

ပံ့ပိုးကူညီခြင်းအဖွဲ့အား ဤစီမံကိန်း၏ အဓိကသုတေသနအဖွဲ့အဖြစ်ဆောင်ရွက်သော CPCSဝန်ထမ်း (၄)ဦးဖြင့် ဖွဲ့စည်းထားသည်။ ပံ့ပိုးကူညီခြင်းအဖွဲ့သည် သင်တန်းများနှင့် လုပ်ငန်းစဉ်စီမံခြင်း အလုပ်ရုံဆွေးနွေးပွဲများ၊ မှတ်တမ်းတင်ခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးစီစဉ်ဆောင်ရွက်မှုများ၊ ရရှိသောအဖြေများအား အတွင်းကျကျ စိစစ်လေ့လာခြင်း၊ နှင့် စာတမ်းပုံနှိပ်ထုတ်ဝေခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရသည်။

ထိုအပြင်ဤစီမံကိန်းသည် နားထောင်ခြင်းအဖွဲ့ဝင်များအဖြစ် ပါဝင်ရန်မေတ္တာရပ်ခံချက်ကို ရက်ရောစွာ လက်ခံခဲ့ကြသော ပုဂ္ဂိုလ်များ၏အားပေးထောက်ခံမှုအပေါ် များစွာမှီခိုအားကိုးခဲ့ရသည်။ နားထောင်ခြင်း စကားစမြည်ဝိုင်းများကို ဦးစီးဆောင်ရွက်ရန် အသင့်လျော်ဆုံးဟုယူဆရသော ပုဂ္ဂိုလ်အားရွေးချယ်ရန်အတွက် CPCSမှဖိတ်ခေါ်မှုများကို ဖြန့်ကျက်ပြုလုပ်ခဲ့သည်။ ထိုပုဂ္ဂိုလ်များသည် အဓိကအားဖြင့်မြန်မာပြည်တွင် (သို့) ထိုင်း-မြန်မာနယ်စပ်ဒေသများတွင် နေထိုင်လျက်ရှိကြသော NGO ဝန်ထမ်းများဖြစ်ကြသည်။

နားထောင်ခြင်းအဖွဲ့ဝင်များသည် လက်နက်ကိုင်အဖွဲ့အစည်းများ၏ ထိန်းချုပ်နယ်မြေများနှင့် ပတ်ဝန်း ကျင် ပြည်နယ်များအပေါ် အကျွမ်းတဝင်ရှိမှု နှင့်ဗဟုသုတရှိမှု၊ သူတို့၏တိုင်းရင်းသားမျိုးနွယ်နောက်ခံသမိုင်း၊ နှင့် သက်ဆိုင်ရာ လက်နက်ကိုင်အဖွဲ့များ၏ ဘာသာစကားကို ပြောဆိုနိုင်မှုတို့ကို အခြေပြု၍ အတွင်းလူ

အနေဖြင့်လည်းကောင်း၊ လက်နက်ကိုင်အဖွဲ့ဝင်တစ်ဦးမဟုတ်သောကြောင့် ကြားနေဝါဒအဆင့်ကို ထိန်းသိမ်းနိုင်၍ အပြင်လူတစ်ဦးဖြစ်ခြင်း စသောရပ်တည်ချက်နှစ်ရပ်ဒွန်တွဲတည်ရှိမှုကိုအခြေခံ၍ ရွေးချယ်ခံကြရခြင်းဖြစ်သည်။

**အဆင့်၁ - သင်တန်း၊အလုပ်ရုံဆွေးနွေးပွဲ**

ကနဦးအဆင့်တွင် နားထောင်ခြင်းအဖွဲ့ဝင်များ နှင့်ပြုလုပ်သောနှစ်ရက်တာသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပါဝင်သည်။ ထိုအလုပ်ရုံဆွေးနွေးပွဲ၏အဓိကရည်ရွယ်ချက်များမှာ နားထောင်သူများအား ခြေလျင်တပ်သား စီမံကိန်းနှင့်နားထောင်ခြင်းနည်းစနစ်တို့နှင့် ပတ်သက်သော သတင်းအချက်အလက်ဝေမျှရန်နှင့် နားထောင်သူများအား ခြေလျင်တပ်သားတို့နှင့် စကားစမြည်ဝိုင်းများကိုစီစဉ်ဆောင်ရွက်နိုင်ရန် အတတ်ပညာများ ဖြည့်ဆည်း ပေးရန်ဖြစ်သည်။

**အဆင့်၂ - နားထောင်ခြင်းစကားစမြည်ဝိုင်းများကိုဦးစီးဆောင်ရွက်ခြင်း**

အဆင့်၂ကိုမူ သင်တန်းအလုပ်ရုံဆွေးနွေးပွဲများပြီးမြောက်သည် နှင့်တစ်ပြိုင်နက် သင်ယူရရှိခဲ့သော အတတ်ပညာအသစ်တို့အား အမြန်ဆုံးအသုံးချနိုင်ရန်စတင်ခဲ့သည်။ နားထောင်သူများသည် လက်နက်ကိုင် အဖွဲ့ခေါင်းဆောင်များက ခြေလျင်တပ်သားများ နှင့်တွေ့ဆုံရန်သတ်မှတ်ထားသော နေရာများသို့ခရီးနှင်ခဲ့ကြရသည်။

နားထောင်ခြင်းစကားစမြည်ဝိုင်းအသီးသီးတွင် နားထောင်သူ (၂) ဦးပါဝင်သည်။ ယခင်ကဖော်ပြသကဲ့သို့ပင် စစ်သားများက သူတို့အတွက်အရေးကြီးဆုံး သတင်းအချက်အလက်များဝေမျှနိုင်စေရန် အားပေးကူညီသော သက်တောင့်သက်သာရှိသည့် ဝန်းကျင်အခြေအနေဖန်တီးခြင်းကို အလေးပေးဆောင်ရွက်ကြရလေသည်။ စကားစမြည်ဝိုင်းများကို စကားပြန်အသုံးပြုခြင်းဖြင့် ထွက်ပေါ်လာနိုင်သောအခက်အခဲများကို ရှောင်ရှားနိုင်ရန်အတွက် ပူးပေါင်းပါဝင်သူများရွေးချယ်သော ဘာသာစကားအားအသုံးပြုခဲ့ကြသည်။

စကားစမြည်ပြောဆိုကြစဉ်၊ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ခြေလျင်တပ်သားများနှင့်စပ်ဆိုင်သော အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။ စကားဝိုင်းများကို စီစဉ်ညွှန်ကြားနိုင်ရန်နှင့် အကြောင်းအရာ များစွာတို့အား ဆွေးနွေးပြောဆိုနိုင်ခဲ့ခြင်းရှိစေရန်အတွက် လမ်းညွှန်မေးခွန်းများ (နောက်ဆက်တွဲ စာမျက်နှာတွင်ကြည့်ရန်) အားနားထောင်သူများအသုံးပြုခဲ့ကြသည်။ လမ်းညွှန်မေးခွန်းများသည် စကားစမြည်ဝိုင်းများအတွင် လိုတိုးပိုလျော့ ပြုလုပ်နိုင်သော ကန့်သတ်ဘောင်တစ်ခုသာဖြစ်ပြီး၊ ပို၍ပျော့ပြောင်းညင်သာပြီး စကားဝိုင်းချောမွေ့မှုရှိစေရန် အတွက်ဖြစ်၍ အတိအကျလိုက်နာရန် ပြဌာန်းချက်တစ်ရပ်မဟုတ်ချေ။

| |
|---|
| ဇယား၄။စစ်သားများ၏အဖွဲ့အစည်း၊တည်နေရာနှင့်ဂျင်ဒါ (အမျိုးသား/အမျိုးသမီးဖြစ်မှု)<br>သတင်းအချက်အလက်များ |

ABSDF – ABSDFမှ အမျိုးသားစစ်သည် (၇)ဦးတို့နှင့်ထိုင်း-မြန်မာနယ်စပ် မဲခရန်တွင်စကားပြောဆိုခဲ့သည်။

CNF – CNFမှအမျိုးသားစစ်သည် (၁၁)ဦးအား ချင်းပြည်နယ်၊ တလမ်ပီးအနီးရှိ ဝိတိုရိယတပ်စခန်းတွင်စကားပြောဆိုခဲ့သည်။

KIO - တပ်မဟာ (၅)ဒေသအတွင်းရှိကချင်ပြည်နယ်လိုင်ဇာမြို့အနီးတွင် KIO စစ်သား (၂၁)ဦးတို့နှင့် စကားပြောဆိုခဲ့သည်။ (၁၀)ဦးမှာအမျိုးသမီးစစ်သည်များဖြစ်၍ ကျန် (၁၁)ဦးမှာအမျိုးသားများဖြစ်သည်။

KNPP – KNPPမှ အမျိုးသားစစ်သည် (၁၀)ဦးနှင့် ထိုင်းနိုင်ငံမြောက်ပိုင်း၊ မဲဟောင်ဆောင် ဒေသ ရှိနမ်ဆွဲတွင်စကားပြောခဲ့သည်။

KNU - စုစုပေါင်းအမျိုးသားစစ်သည် (၄၁)ဦးတို့နှင့်နားထောင်ခြင်းအဖွဲ့ (၄)ဖွဲ့တို့ စကားပြောဆိုခဲ့သည်။ ထိုအဖွဲ့တို့သည် ကရင်ပြည်နယ်၊ ညောင်လေးပင်မြို့နယ် နှင့်ဘားအံပြည်နယ်သို့ ခရီးနှင်၍တပ်ရင်း ၃၊၄၊၆နှင့်၇တို့မှတပ်သားတို့နှင့်စကားပြောဆိုခဲ့သည်။ KNUတပ်ရင်းများ၏ ပထဝီအနေအထားအရ ကွာဝေးစွာတည်ရှိခြင်း နှင့်တပ်ရင်းများအကြား၊ မတူကွဲပြားခြင်းတို့ကြောင့် တည်နေရာများစွာတို့၌ ခွဲ၍စီစဉ်ပြုလုပ်ခဲ့ရသည်။ KNU အတွင်းမှမတူကွဲပြားသော စကားသံများကိုကြားသိစေရန်အတွက် ကျယ်ပြန့် များပြားသော စကားဝိုင်းများကိုပြုလုပ်နိုင်ရန်လိုအပ်လေသည်။

NMSP – NMSP မှအမျိုးသားစစ်သည် (၁၀)ဦးတို့နှင့်မူ၊ မွန်ပြည်နယ်၊ မော်လမြိုင် တဝိုက်ရှိနေရာ သုံးခု၌ခွဲ၍စကားပြောခဲ့ကြသည်။

**အဆင့်၃-မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ် စီမံဆောင်ရွက်ခြင်းနှင့် စီစစ်သုံးသပ်ခြင်း**

နားထောင်သူများက ခြေလျင်တပ်သားများ နှင့်ပြုလုပ်သော စကားစမြည်ဝိုင်းများမှ သတင်းအချက်အလက်များကို မှတ်တမ်းတင်ရာ၌ မှတ်စုစာအုပ်များ၊ မှတ်တမ်းစာအုပ်များနှင့် ကိုးကားအဆိုများအား မှတ်စုမှတ်ခြင်း စသည့်ကိရိယာ၃မျိုးကို အသုံးပြုခဲ့ကြသည်။ နားထောင်သူများအား ပူးပေါင်းပါဝင်သူများ သက်တောင့်သက်သာဖြစ်ရန်နှင့် လွတ်လပ်သော ဝန်းကျင်အခြေအနေတစ်ခုအဖြစ် ခံစားကြစေရန်၊ စကားပြောဆိုနေကြစဉ် မှတ်စုမှတ်ခြင်း ကိုရှောင်ကျဉ်ကြရန် တိုက်တွန်းသည်။ ထိုအစား စကားစမြည်ဝိုင်းအသီးသီး၏ အသေးစိတ်အချက်အလက်များကို စကားစမြည်ပြောပြီးသည်နှင့် တပြိုင်နက် မှတ်စုစာအုပ်တစ်အုပ်အတွင်း၌ မှတ်တမ်းတင်ထားခဲ့သည်။ ထို့အပြင် နေ့စဉ်တစ်နေ့တာကုန်လွန်ချိန်၌ နားထောင်သူများသည် မှတ်တမ်းစာအုပ်ထဲ၌ ထိုတစ်နေ့တာလုံးပြုလုပ်ခဲ့သော စကားဝိုင်းများမှ အများဆုံးကြားခဲ့ရသော စကားတို့ကိုမှတ်တမ်းတင်ကြသည်။ မှတ်တမ်းစာအုပ်များကိုအသုံးချခြင်းက နားထောင်သူများ အတူတကွစုဝေးကြပြီး၊ စကားဝိုင်းများမှ ကြားရမြဲခေါင်းစဉ် အကြောင်းအရာများကို ဆွေးနွေးခြင်းပြုလုပ်ကြကာ နေ့စဉ်ဆောင်ရွက်ချက်များကို မေးမြန်းမှတ်သားခြင်းနှင့် လုပ်ငန်းစဉ်စီမံခြင်း လေ့ကျင့်ခန်းပြုလုပ်ခြင်းအဖြစ် တာဝန်ယူဆောင်ရွက်လေသည်။ ကွဲပြားခြားနားမှုများနှင့် သဘောထားကွဲလွဲမှုများကိုလည်း မှတ်တမ်းစာအုပ်များတွင် ထည့်သွင်းမှတ်တမ်းတင်ထားခဲ့သည်။ စကားပြောဆိုစဉ်

နားထောင်သူများက အဓိကအချက်ကို အမိအရဖမ်းယူနိုင်ခဲ့သည်ဟု ယူဆသောစကားစုများကို ကြားရပါက ကိုးကားချက်အဖြစ် မှတ်စုရေးမှတ်ထားခဲ့ကြသည်။

**အဆင့်၄-လုပ်ငန်းစဉ်စီမံခြင်းအလုပ်ရုံဆွေးနွေးပွဲများ**

နားထောင်ခြင်းစကားစမြည်ဝိုင်းများ ပြီးမြောက်အောင်ဆောင်ရွက်ပြီးသောအခါ၊ နားထောင်သူများသည် အခြားသောလက်နက်ကိုင်အဖွဲ့တို့နှင့် စကားပြောခဲ့ကြသော အဖွဲ့များနှင့်အတူ လုပ်ငန်းစဉ်စီမံခြင်း အလုပ်ရုံဆွေးနွေးပွဲ ကိုတက်ရောက်ကြရသည်။ နားထောင်သူများသည် မိမိတို့ပြုလုပ်ခဲ့သော စကားဝိုင်းအားလုံးမှ ကြားရဖန်အများဆုံးဖြစ်သော အကြောင်းအရာများကိုအစီရင်ခံကြရသည်။ အဖွဲ့အသီးသီးက သူတို့ရရှိခဲ့သော ရလဒ်များကိုတင်ပြပြီးသောအခါ CPCS ကူညီပံ့ပိုးမှုအဖွဲ့မှ သတင်းအချက်များအားစိစစ်သုံးသပ်ခြင်း နှင့် ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကိုပြုလုပ်ကြပြီးနောက်၊ နားထောင်သူတို့အား ကြားသိခဲ့ရသော အရေးပါအကြောင်းအရာ ခေါင်းစဉ်များကို ခြုံငုံ၍ ပြန်လည်တင်ပြခဲ့ကြသည်။ ထို့နောက်တွင် နားထောင်သူများ စုပေါင်း၍ ထိုအချက်များအား ဦးစားပေးသတ်မှတ်ကြစေခဲ့သည်။ ထိုလုပ်ငန်းစဉ်အား လမ်းညွှန်မေးခွန်းအသီးသီးမှ ကြားရသော အကြောင်းအရာကိစ္စတိုင်းအတွက် ထပ်ခါထပ်ခါပြုလုပ်ခဲ့ကြပြီး နားထောင်ခြင်းစကားဝိုင်းတိုင်းမှ ကြားခဲ့ရသော အဓိကအကြောင်းအရာ ခေါင်းစဉ်များအား မီးမောင်းထိုးပြသခဲ့ကြသည်။

**အဆင့် ၅-CPCS အဖွဲ့အစည်းတွင်း စိစစ်လေ့လာသုံးသပ်ခြင်း**

CPCSသည်အဆုံးသတ်တွင် မှတ်စုစာအုပ်များ၊ မှတ်တမ်းစာအုပ်များ နှင့်မှတ်တမ်းရေးမှတ်ခဲ့သောကိုးကားစကားများ စသည့် မှတ်တမ်းတင်ထားခဲ့သော သတင်းအချက်အလက်အားလုံးကို ပြန်လည်လေ့လာကြည့်ရှုခြင်းဖြင့်၊ အဖွဲ့အစည်းတွင်း စိစစ်လေ့လာသုံးသပ်ခြင်းကို စီစဉ်ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် အဓိကအကြောင်းအရာခေါင်းစဉ်များ နှင့်ဖော်ထုတ်တွေ့ရှိခဲ့သော အများသဘောတူပြဿနာကိစ္စရပ်များသည် နားထောင်ခြင်းစကားဝိုင်းများအတွင်း စစ်သားများထံမှကြားရသောစကားသံများကိုတိကျစွာရောင်ပြန်ဟပ်စေရန်အတွက်လုပ်ငန်းစဉ်စီမံခြင်းအလုပ်ရုံဆွေးနွေးခြင်းများမှရရှိခဲ့သော မှတ်တမ်းမှတ်ရာတို့အား ပြန်လည်ချင့်ချိန်ဆုံးဖြတ်ခဲ့လေသည်။

**အားနည်းချက်များ**

သုတေသနလုပ်ငန်းအားလုံးကဲ့သို့ပင်၊ ဤစီမံကိန်းတွင်လည်း အားနည်းချက်များရှိလေသည်။ ဤစီမံကိန်းသည် NSAGs (၆)ဖွဲ့မှ ခြေလျင်တပ်သားတို့၏ စကားသံများအား လျှပ်တစ်ပြက်စိစစ်လေ့လာချက်တစ်ရပ် ပြဌာန်းပေးခြင်းဖြစ်သည်ဟု သဘောပေါက်နားလည်ထားသင့်ပါသည်။ မြန်မာနိုင်ငံ၏ ဆက်စပ်စဉ်းစားရမည့် အခြေအနေသည် ခက်ခဲရှုပ်ထွေး၍ လှုပ်ရှားပြောင်းလဲလျက်ရှိပြီး ဆက်လက်၍ ပြောင်းလဲနေဦးမည်ဖြစ်သည်။ ထိုနည်းတူပင် ရာထူးအဆင့်မဲ့ရဲဘော်များ၏ သဘောထားခံယူချက်များ၊ စိန်ခေါ်မှုအခက်အခဲများ နှင့် စိုးရိမ်ကြောင့်ကြမှုများကလည်း၊ အခြေအနေများအဆင့်ဆင့်ပြောင်းလဲနေသည်နှင့်အမျှ ဆက်လက် ပြောင်းလဲလိမ့်မည်ဖြစ်သည်။ ဤစာတမ်းသည် အချိန်တဒင်္ဂထွက်ပေါ်လျက်ရှိသော စကားသံများကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။

NSAGအဖွဲ့ (၆)ဖွဲ့နှင့်စကားပြောဆိုခဲ့ခြင်းသည် ခြေလျင်တပ်သားများအားလုံး၏ စကားသံများကို ကြားသိရန်ပြုလုပ်ရာ၌ လစ်ဟာမှုရှိနေသေးသည် ဟူသောအဓိပ္ပာယ်ရလေသည်။ ကျန်ရှိနေသေးသော NSAGအဖွဲ့များသာမက တပ်မတော်မှ ရာထူးအဆင့်မဲ့ရဲဘော်များ နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်းမှာ သုတေသန ရှေ့ဆက်ချဲ့ထွင်ပြုလုပ်မည့် နယ်ပယ်တစ်ခုဖြစ်သည်။ ရေရှည်တည်တံ့၍ အသွင်ပြောင်းလဲစေသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တစ်ရပ်အား တည်ဆောက်နိုင်ရန်အတွက် အဖွဲ့အစည်းတိုင်းမှ ရာထူးအဆင့်ရဲဘော်များ၏ စကားသံများအား ကြားသိသဘောပေါက်နားလည်၍ ထည့်သွင်းစဉ်းစားကြရန် အရေးကြီးပါသည်။

ဤစာတမ်းထုတ်ဝေမှုသည် ခြေလျင်တပ်သားများ၏ အရေးကြီးဆုံးကိစ္စရပ်အချို့ကိုလစ်ဟပြသသော်လည်း၊ သဘောထားခံယူချက်များ၊ ကြောင့်ကြမှုများ၊ တွေးဆမိသောစိန်ခေါ်မှုအခက်အခဲများအားလုံးကို စာရင်းပြုစု တင်ပြခြင်းမဟုတ်ပေ။ ရဲဘော်အများလက်ခံသည့် တူညီသောအကြောင်းအရာများကိုသာ ဖော်ပြထားခြင်း ဖြစ်လေသည်။

## အဓိကအကြောင်းအရာခေါင်းစဉ်များ

ဤအခန်းသည် စာတမ်းအကျဉ်းချုပ်မှ ဇယား(၁)တွင်အသေးစိတ်ဖော်ပြခဲ့သော အဓိကအကြောင်းအရာ ခေါင်းစဉ်များအား အကျယ်ချဲ့၍ အဓိကအချက်များအား ပိုမိုအနုစိတ်စွာ ရှင်းလင်းတင်ပြ ထားခြင်း ဖြစ်သည်။ ကြားရမြဲ အများအကြောင်းအရာ ခေါင်းစဉ်(၁၆)ခုအား ခြေလျင်တပ်သားများ၏ အထွေထွေဆင်ခြင်သုံးသပ်ချက်များ၊ ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးခြင်းများ၊ နှင့် အပစ်အခတ်ရပ်ဆဲရေး သဘောတူညီမှုများ၌ လိုအပ်ချက်နှင့် ပူပန်မှုအကြောင်းအရာများ၊ ပစ္စုပ္ပန်နှင့်အနာဂါတ်ကာလ အောက်ခြေမြေပြင်၌ (ကိုင်တွယ်၍ရသောအရာများ (သို့)ရုပ်ဝတ္တုပစ္စည်း)လိုအပ်မှု နှင့်ပူပန်မှုအကြောင်းအရာများ ဟူ၍ဆက်စပ်လွှမ်းခြုံသော အကြောင်းအရာခေါင်းစဉ် သုံးမျိုးအဖြစ်အမျိုးအစားခွဲခြားထားသည်။

**အထွေထွေဆင်ခြင်သုံးသပ်ချက်များ နှင့် သဘောထားခံယူချက်များ**

အချို့သောအကြောင်းအရာခေါင်းစဉ်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ စစ်သားများ စွဲကိုင်ထားကြသော အထွေထွေဆင်ခြင်သုံးသပ်ချက်များ နှင့်သဘောထားခံယူချက်များဖြစ်ကြသည်။ ၎င်းအကြောင်းအရာခေါင်းစဉ်များသည် လိုအပ်မှုများနှင့် တိကျသော ပူပန်မှုအကြောင်းအရာများအား ကိုယ်စားပြုရောင်ပြန်ဟပ်ခြင်းမဟုတ်ဘဲ၊ ခြေလျင်တပ်သားများ၏ လုပ်ငန်းစဉ်အပေါ် ယေဘုယျအမြင်၊ နှင့် ပေါ်ပေါက်လာနိုင်ဖွယ်ရှိသော ပြောင်းလဲမှုများအားမည်သို့တုန့်ပြန်မည် ဟူသောအကြောင်းအရာတို့ကို အမိအရသိမ်းဆည်းထားခြင်းဖြစ်သည်။

### *ငြိမ်းချမ်းရေးအတွက်ဆန္ဒ*

စကားဝိုင်းများတလျှောက် စစ်သားများထံမှ အဓိကဦးစားပေးအဖြစ်ကြားခဲ့ရသော ခေါင်းစဉ်တစ်ခုမှာ ငြိမ်းချမ်းရေးအတွက် ဆန္ဒပင်ဖြစ်သည်။ KNPPမှရဲဘော်တစ်ဦးက “လူတိုင်းငြိမ်းချမ်းရေးကိုလိုချင်ကြတယ်”ဟူ၍ လိုရင်းတိုရှင်းဖွင့်ဟပြောကြားခဲ့သည်။ ၎င်းငြိမ်းချမ်းရေးအတွက်ဆန္ဒသည် ငြိမ်းချမ်းစွာနေထိုင်လိုသောဆန္ဒ၊ လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်ခွင့်တိုးမြှင့်ရရှိခြင်း၊ အခြေခံလုံခြုံရေး၊လူ့အခွင့်အရေး၊ နှင့် အကြမ်းဖက်မှုကင်းဝေးသော လူ့ဘောင်အဖွဲ့အစည်းတွင် နေထိုင်ရှင်သန်လိုသောလူထု၏တောင့်တမှု စသည်တို့ဒွန်တွဲပါဝင်လျက်ရှိသည်။

အဆိုပါမျှော်လင့်ချက်များအား NMSPရဲဘော်တစ်ဦးက “အကယ်၍ကျွန်တော့်တစ်သက်မှာမဖြစ်နိုင်ခဲ့ရင်တောင်၊ နောင်လာမည့်မျိုးဆက်သစ်တွေငြိမ်းချမ်းရေး အရသာကိုခံစားကြရလိမ့်မယ်လို့ မျှော်လင့်ဆုတောင်းမိတယ်”ဟူ၍ ဖွင့်ဟပြောကြားခဲ့သည်။ ရဲဘော်များသည်ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဝင်နေကြခြင်းဖြစ်သည် ဟုခိုင်မာစွာ ယုံကြည်လျက်ရှိကြပြီး၊ KNUရဲဘော်တစ်ဦးက “စစ်မှန်တဲ့ငြိမ်းချမ်းရေးကိုလိုလားတဲ့အတွက် လက်နက်ကိုင်တော်လှန်ရေးသမားအဖြစ် တစ်သက်လုံးတိုက်ပွဲဝင်မယ်လို့ကျွန်တော်ဆုံးဖြတ်ခဲ့တာပါ”ဟူ၍ ပြောကြားခဲ့သည်။

### *ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်အပြုသဘောဆောင်သောခံစားချက်များ*

အဖွဲ့အစည်းတိုင်းမှရဲဘော်များကလက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍အပြုသဘောဆောင်သောခံစားချက်များရှိကြောင်းတင်ပြခဲ့ကြပြီး၊ထိုလုပ်ငန်းစဉ်အားဖြင့်ငြိမ်းချမ်းရေးဆွတ်ခူးရရှိမည်ဟုမျှော်လင့်ခဲ့ကြသည်။ KNUတပ်သားတစ်ဦးက “ကျွန်တော်ဒီငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကိုအောင်မြင်စေချင်ပါတယ်။ ငြိမ်းချမ်းရေးရပြီးရင် နောင်လာမည့်မျိုးဆက်သစ်တွေငြိမ်းငြိမ်းချမ်းချမ်းနေနိုင်ကြမှာပါ”ဟူ၍ပြောဆိုခဲ့သည်။ CNFတပ်သားတစ်ဦးကလည်း “အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က အပြုသဘောဆောင်တဲ့ အကျိုးသက်ရောက်မှုတွေ ဖြစ်စေခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ အပစ်အခတ်ရပ်စဲခဲ့တဲ့နေရာဒေသတွေမှာ နေထိုင်ကြတဲ့သူတွေအတွက် အကျိုးရှိခဲ့လို့ဖြစ်ပါတယ်” ဟူ၍ထုတ်ဖော်ပြောဆိုခဲ့ပြီး၊ KNUစစ်သားအခြားတစ်ဦးကမူ “ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကျွန်တော်အလွန်နှစ်သက်ပါတယ်။ ကျွန်တော်ငြိမ်းချမ်းရေးလိုလားပါတယ်။ တော်လှန်ရေးကိုလုပ်ချင်လို့လုပ်နေတာ မဟုတ်ပါဘူး”ဟု ဖြည့်စွက်ပြောကြားခဲ့ပါသည်။

အချို့သူတို့ကပို၍သိမ့်မွေ့သောခံစားချက်များ - ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ပါဝင်ခြင်းသည် မည့်သည့်အရာကိုမျှ ဆောင်ရွက်ခြင်းမရှိခြင်းထက် ပို၍ကောင်းမွန်သည်ဟူသော သဘောထားမျိုးကိုဖော်ပြခဲ့သည်။ CNFမှရဲဘော်တစ်ဦးက “ဘာမှမရှိတာထက်စာရင်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုရှိတာက ပိုကောင်းတာပေါ့၊ လူထုကငြိမ်းချမ်းရေးကို အရမ်းလိုချင်ကြတယ်ဆိုတာကျွန်တော်တို့သိတယ်”ဟူ၍ပြောဆိုခဲ့သည်။ အခြားသော ရဲဘော်များက ငြိမ်းချမ်းရေး

လုပ်ငန်းစဉ်ပို၍ တိုးတက်ရန်ဆန္ဒရှိကြသည် ဟုဖော်ထုတ်ပြောဆိုကြသည်။ KNPPစစ်သားတစ်ဦးက" ငြိမ်းချမ်းရေး ဆွေးနွေးပွဲကိုဆက်ပြီးလုပ်ကြဖို့ကျွန်တော်လိုလားပါတယ်။ ပြီးတော့ကျွန်တော်တို့ခေါင်းဆောင်တွေကို ကျွန်တော်တို့ရဲ့ နောက်မျိုးဆက်တွေ ကောင်းကျိုးအတွက် သဘောတူညီမှုတွေ ရအောင်ကြိုးစားပြီး ညှိနှိုင်းဆွေးနွေးစေချင်ပါတယ်"ဟူ၍ဆိုခဲ့သည်။

အချို့ရဲဘော်များက၊ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယခင်ပြုလုပ်ခဲ့သောအားထုတ်မှုများနှင့်၊ နိုင်းယှဉ်လျှင် NSAGSအများအပြား၊ လူထုအခြေပြုအဖွဲ့အစည်းမှလှုပ်ရှားဆောင်ရွက်သူများ၊ နှင့် နိုင်ငံတကာအဖွဲ့အစည်းများ ၏ပါဝင်ပတ်သက်မှုများအရ သာလွန်သောအပြုသဘောဆောင်သည့် ခံစားချက်များရှိနေကြကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့အပြင်အချို့ရဲဘော်များကမူ ရပ်ရွာလူထုတို့အတွက် အကျိုးကျေးဇူးရှိသည်ဟု ခံစားကြရသည့်အတွက် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များအပေါ် အပြုသဘောဆောင်သော ခံစားချက်များရှိကြသည်။

စစ်သားအများစုက စင်စစ်ဖြစ်သော၊ ရိုးသားဖြောင့်မတ်သော၊ စစ်မှန်ခြင်း(သို့) ကြာရှည်ခိုင်မြဲခြင်းရှိသော ငြိမ်းချမ်းရေးကို လိုလားတောင့်တကြကြောင်း ရည်ညွှန်းပြောဆိုခဲ့ကြသည်။KNU ရဲဘော်တစ်ဦးက "ကျွန်တော်ကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အကောင်းမြင်ပါတယ်၊ ဒါပေမဲ့စစ်မှန်တဲ့ငြိမ်းချမ်းရေးဖြစ်ဖို့လိုအပ်ပါတယ်"ဟုဖွင့်ဟခဲ့ပြီး KIOမှစစ်သည်တစ်ဦးကမူ "ကျွန်တော်က စစ်မှန်တဲ့ငြိမ်းချမ်းရေးအစစ်ဖြစ်ရမယ်"ဟူ၍ ပြောဆိုခဲ့သည်။ ထိုသူတို့ပြောကြားသော ငြိမ်းချမ်းရေးအမျိုးအစားများ၏ အတိအကျအဓိပ္ပာယ်မှာ လူတစ်ဦးချင်းအလိုက် ခြားနားလျက်ရှိပြီး၊ လက်နက်ကိုင်အဖွဲ့အစည်း အသီးသီးတို့၌လည်း တစ်မျိုးတစ်ဘာသာစီ ထူးခြားကွဲပြားကြသည်။ သို့သော်လည်း အဖွဲ့အစည်းများအားလုံးထံမှ တူညီချက် (၃)ချက်ကိုကြားသိခဲ့ရသည်။ စစ်သားအများစုအတွက်မူ စင်စစ်ဖြစ်သော၊ ရိုးသားဖြောင့်မှန်သော၊ စစ်မှန်၍ကြာရှည်ခိုင်မြဲခြင်းရှိသော ငြိမ်းချမ်းရေးဟူသည်မှာ - သူတို့သက်ဆိုင်ရာ လက်နက်ကိုင်အဖွဲ့အစည်း၏ ရည်မှန်းချက်များ အောင်မြင်ရန် စွမ်းဆောင်နိုင်ခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် နှစ်ဖက်စလုံး(NSAGSနှင့်မြန်မာအစိုးရ)က ရေရှည်ခိုင်ခံ့သောငြိမ်းချမ်းရေးရရှိရန် စွမ်းဆောင်ရာ၌ ရိုးသားဖြောင့်မှန်စွာ ကတိပြုဆောင်ရွက်သောအဆင့်သို့ တိုးတက်ရောက်ရှိရန် ဆန္ဒရှိကြခြင်း၊ နှင့် ဖိနှိပ်ချုပ်ချယ်ခြင်းနှင့်အကြမ်းဖက်မှုများ ကင်းဝေးရာ၌လွတ်လပ်စွာနေထိုင်လိုခြင်း ဟူ၍အဓိပ္ပာယ်ရှိလေသည်။

လက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်ပတ်သက်စေရန် ချိတ်ဆက်လုပ်ဆောင်စေခြင်းကို အားပေးထောက်ခံခြင်းကလည်း၊ အများသဘောတူကြောင်းအရာခေါင်းစဉ် တစ်ခုဖြစ်လေသည်။ စစ်သားများက ၎င်းအားပေးထောက်ခံခြင်းအား ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နှင့်ပတ်သက်၍ ဗဟုသုတအနည်းအကျဉ်းသာရှိသော်လည်း၊ လုပ်ငန်းစဉ်၌ လက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်တို့၏ ပါဝင်ပတ်သက်မှုရှိသည်ဟု မကြာခဏတင်ပြပြောဆိုခဲ့ကြသည်။ KNUစစ်သားတစ်ဦးက "ကျွန်တော်ကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်းမြင်တယ်၊ ပြီးတော့ကျွန်တော်တို့ ခေါင်းဆောင်တွေရဲ့ ပါဝင်လုပ်ဆောင်မှုတွေကိုလဲ အပြုသဘောဆောင်တယ်လို့မြင်တယ်"ဟုပြောကြားခဲ့ပြီး၊ အခြားတစ်ဦးက "ကျွန်တော် တို့ ခေါင်းဆောင်တွေ ငြိမ်းချမ်းရေးဆွေးနွေးနေကြတဲ့အတွက်၊ အဲဒီအပေါ်မှာအများကြီး မျှော်လင့်ချက်ထားမိပါတယ်။ အဲဒီအချိန်ကနေစပြီး၊ အရင်တုန်းကထက်အသက်ရှူပိုချောင်သွားလို့ အရမ်းကိုပျော်ရွှင်မိပါတယ်။

ကျွန်တော်ကတော့အနာဂတ်မှာ ငြိမ်းချမ်းရေးကိုအရမ်းရစေချင်ပါတယ်။ ငြိမ်းချမ်းရေးလိုအပ်ပါတယ်” ဟူ၍ ပြောကြားခဲ့သည်။

အထူးသဖြင့်၊ လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်ခွင့်တိုးမြှင့်ရရှိခြင်း၊ စစ်မှန်၍ရိုးသားမှုရှိသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဖြစ်ခြင်း၊ ပါဝင်ပတ်သက်သော ပါတီအချင်းချင်း အပြန်အလှန်လေးစားခြင်း၊ နှင့်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ၌ ပါဝင်သောအချက်များအားလေးစားခြင်း စသည့်အချက်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သော အပေါင်းလက္ခဏာခံစားချက်တို့နှင့် ဆက်စပ်လျက်ရှိလေသည်။

### *ခေါင်းဆောင်မှုအားလိုက်နာခြင်း*

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အနာဂါတ်ဖွံ့ဖြိုးတိုးတက်မှု နှင့်ပတ်သက်လျှင်၊ တပ်သားများသည် သူတို့၏သက်ဆိုင်ရာ လက်နက်ကိုင်အဖွဲ့အစည်း ခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်များအား လိုက်နာရန် ခိုင်မာသော ကတိသစ္စာ ထားရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ တပ်ဖျက်သိမ်းခြင်း ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးကြသောအခါ စစ်သားများက လက်နက်ဖျက်သိမ်းခြင်းအား ဆန့်ကျင်ကြောင်းကိုဖွင့်ဟခဲ့သည်။ သို့ရာတွင် သူတို့၏ ခေါင်းဆောင်များက လက်နက်ဖျက်သိမ်းရန်အမိန့်ပေးလာပါက လိုက်နာကြမည်ဖြစ်ကြောင်း အခိုင်အမာ ပြောကြားခဲ့သည်။ ၎င်းရပ်တည်ချက်သဘောထားအား KNUစစ်သားတစ်ဦးက သူ၏ခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်များအား နာခံမည်ဖြစ်ကြောင်းကို “သူတို့ကတိုက်ပါလို့ အမိန့်ပေးမလား၊ ဒါမှမဟုတ် ငြိမ်းချမ်းရေးယူမယ် လို့အမိန့်ပေးမလား”ဟူ၍ ထွက်ဆိုခဲ့သည်။အခြားသော KNUတပ်သားတစ်ဦးက သူ့ခေါင်းဆောင်၏ အမိန့်ကိုနာခံမည့်ကတိသစ္စာတရားအား “ကျွန်တော့်ခေါင်းဆောင်ကမပစ်နဲ့ လို့ပြောရင် တစ်ဖက်က ကျွန်တော့်ကိုလာပစ်နေရင်တောင် ကျွန်တော်ပြန်မပစ်ဘူး”ဟူ၍ ဖွင့်ဟပြောဆိုခဲ့ပါသည်။

စစ်သားများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ရလဒ်များနှင့်ပတ်သက်၍ သေချာဂနစွာမသိရှိကြသော်လည်း၊ သူတို့ခေါင်းဆောင်များက အကောင်းဆုံးကြိုးစားနေကြသည်။ ရဲဘော်အားလုံး၏ လိုအပ်ချက်များအား ကိုယ်စားပြုလျက်ရှိသည်ဟူ၍ ယုံကြည်မှုအပြည့်ရှိခဲ့ကြသည်။ KIOမှရဲဘော်တစ်ဦးကမူ “ကျွန်တော်တို့ရဲ့ ခေါင်းဆောင်တွေက ကျွန်တော်တို့အတွက် ကောင်းတဲ့ကိစ္စတွေလုပ်ပေးနေတယ် လို့တွေးမိပါတယ်။ ဘာတွေလုပ်နေတာလဲလို့ အတိအကျတော့မသိပေမဲ့၊ ငြိမ်းချမ်းရေးအတွက်လုပ်တယ်ဆိုရင် ကောင်းတာဖြစ်မှာပါ” ဟုဆိုခဲ့သည်။ စစ်သားများကခေါင်းဆောင်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း စိန်ခေါ်မှုအခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရန်ကြိုးပမ်းနေကြသည် ဟုယုံကြည်ကြ၍၊ ညှိနှိုင်းဆွေးနွေးရေး စားပွဲမှရရှိလာခဲ့သောရလဒ်များကို လက်ခံပါမည် ဟူ၍လည်း ရပ်တည်ပြောကြားခဲ့ကြသည်။

### **ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးခြင်း နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများအတွင်း လိုအပ်ချက်များ နှင့် ပူပန်သောအကြောင်းအရာများ**

စကားစမြည်ဝိုင်းများတလျှောက်၊ စစ်သားများက လက်ရှိပြုလုပ်နေသော ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးခြင်းများ နှင့် အပစ်အခတ်ရပ်စဲမှုသဘောတူညီချက်များ နှင့်ပတ်သက်၍ သူတို့၏လိုအပ်ချက်များ နှင့် ပူပန်သော အကြောင်းအရာများကို ရောင်ပြန်ဟပ်သော သဘောထား ယူဆချက်များစွာကို ဖော်ထုတ်ပြောကြား ခဲ့ကြသည်။

ထိုအချက်များအားလုံးတို့က မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ပဏာမအဆင့်များ၌ သာရှိနေသေးကြောင်းကို သက်သေပြလျက်ရှိပြီး၊ ဆက်လက်၍အားဖြည့်ရန် နှင့်အခြေအနေတည်ငြိမ်မှုရှိအောင် တည်ဆောက်ရန်လိုအပ်ချက်ကိုမီးမောင်းထိုးပြခဲ့သည်။

### *ရိုးသားဖြောင့်မှန်၍ စစ်မှန်မှုရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ်ကိုလိုအပ်ခြင်း*

စစ်သားများထုတ်ဖော်ဖွင့်ဟခဲ့သော အဓိကစိုးရိမ်ပူပန်သောအကြောင်းအရာတစ်ခုမှာ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား တရားဝင်ဖြစ်စေခြင်း ဟူသောလိုအပ်ချက် နှင့် ထိုလုပ်ငန်းစဉ်အား ရိုးသားဖြောင့်မှန်၍ စစ်မှန်မှုရှိစေရန် ဆန္ဒသဘောထားဖြစ်ပေသည်။ စစ်သားများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ အစိုးရ၏ပါဝင်ပတ်သက်လုပ်ဆောင်မှု နှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိစေရန် ဟူသောရည်ရွယ်ချက်များက ရိုးသားဖြောင့်မှန်မှုရှိ/ မရှိ မရေရာဘဲရှိခဲ့ကြသည်။ အချို့စစ်သားများက ဤလုပ်ငန်းစဉ်မှ စစ်မှန်သောငြိမ်းချမ်းရေးကို အောင်မြင်စွာ ဆွတ်ခူးနိုင်မည် ဟူသောဖြစ်နိုင်ချေအပေါ် သံသယစိတ်များကိုဖွင့်ဟခဲ့ကြပြီး၊ အချို့ကမူငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အပြုသဘောဆောင်သော အမြင်များရှိသော်လည်း၊ ထိုလုပ်ငန်းစဉ် လက်တွေ့အကောင်အထည်ဖော်ခြင်း နှင့်ပတ်သက်၍ သံသယများရှိနေခဲ့သည် ဟုတင်ပြခဲ့ကြသည်။ အထက်တွင်ဖော်ပြထားသကဲ့သို့ပင်၊ စစ်သားများသည် စင်စစ်ဖြစ်သော၊ ရိုးသားဖြောင့်မှန်သော၊ စစ်မှန်၍ကြာရှည်ခိုင်မာခြင်းရှိသော ငြိမ်းချမ်းရေးကို အလိုရှိကြခြင်းဖြစ်သည်။ စစ်မှန်သောငြိမ်းချမ်းရေးရရှိရန် ဆန္ဒသဘောထားသည် အတိတ်ကာလများ၌ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး သဘောတူညီချက်များ ပျက်ပြားခဲ့သောအခြေအနေများအား ရည်ညွှန်းကိုးကားချက်များဖြင့် ဒွန်တွဲလျက်ရှိပြီး၊ လုပ်ငန်းစဉ်၏ရိုးသားမှုနှင့် ပတ်သက်ဆက်နွယ်သော ပူပန်ခြင်းအကြောင်းအရာတို့နှင့်ဆက်စပ်လျက်ရှိခဲ့သည်။

အချို့စစ်သားများက အစိုးရသည်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို NSAGတို့၏အားနည်းချက်များကို ဖော်ထုတ်ရန် အခွင့်အလမ်းတစ်ရပ်အဖြစ် အသုံးချရန်(သို့) NSAGတို့ကညှိနှိုင်းဆွေးနွေးရေးလုပ်ငန်းများ အပေါ်အာရုံစိုက်နေစဉ်၊ ဆက်လက်ဖြစ်ပွားစေမည့် ပဋိပက္ခအတွက်လက်နက်ဖြည့်တင်းခြင်း(သို့မဟုတ်) သူတို့၏စွမ်းအားအရင်းအမြစ်များ ကိုပြန်လည်အားဖြည့်ခြင်းတို့ကိုပြုလုပ်လိမ့်မည် ဟူသောသဘောထားယူဆချက်ကို ထုတ်ဖော်ပြောကြားခဲ့ကြသည်။ စစ်သားအများအပြားက ရေရှည်တည်တံ့သောငြိမ်းချမ်းရေး နှင့်သာတူညီမျှဖြစ်ရေးတို့ကို အောင်မြင်စွာ ဖော်ဆောင်ရန် ပါဝင်ပတ်သက်သော ပါတီတိုင်း ကတိပြုဆောင်ရွက်ကြသော လုပ်ငန်းစဉ်တစ်ရပ် လိုအပ်ကြောင်း ထပ်လောင်း ပြောဆိုခဲ့ကြသည်။ စစ်သားအများစုက အတိတ်ကာလ၌ အပစ်အခတ်ရပ်စဲမှု သဘောတူညီချက်များ ပျက်ပြားခဲ့မှုတို့ကို ကိုးကားပြောဆိုခဲ့ကြပြီး၊ ထိုသို့သောအဖြစ်အပျက်များ ထပ်မံဖြစ်ပွားခြင်းအား လက်ရှိ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများ၌ ရှောင်ကြဉ်ရန်လိုအပ်ကြောင်း အသားပေးပြောကြားခဲ့သည်။

### *အပြန်အလှန်လေးစားမှု နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အား ထိန်းသိမ်းလိုက်နာမှု*

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်မှုအတွက် ပါဝင်ပတ်သက်သော ပါတီအားလုံးတို့အကြား အပြန်အလှန်လေးစားမှု လိုအပ်သည်ဟူ၍ စစ်သားများကရှင်းလင်းပြောကြားခဲ့ကြသည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တို့ကို ထိန်းသိမ်းလိုက်နာရန်လိုအပ်ခြင်း၊ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များအပေါ် ပျက်ကွက်မှုများအား အစီရင်ခံခြင်းများ၊ နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ရိုးသားမှုအပေါ်စိုးရိမ်ပူပန်မှုများ စသည့်အချက်တို့နှင့်ဆက်စပ်၍

အပြန်အလှန်လေးစားမှု ဟူသောသဘောတရားအား မကြာခဏထုတ်ဖော်ပြောကြားကြလေသည်။ ယေဘုယျအားဖြင့် ခြေလျင်တပ်သားများက ပါဝင်ပတ်သက်သောပါတီတိုင်းသည် သဘောတူညီချက်များ၌ ပါရှိသော လိုက်နာကြရမည့် စည်းကမ်းချက်များ နှင့် သတ်မှတ်ချက်များအား တန်းတူညီမျှလိုက်နာကြရန် လိုအပ်ကြောင်း ဖော်ထုတ်ခဲ့ကြသည်။ ဆွေးနွေးညှိနှိုင်း၍သဘောတူခဲ့ကြသောငြိမ်းချမ်းရေး (သို့)အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုများ နှင့် လက်တွေ့အကောင်အထည်ဖော်မှုတို့အကြား ပို၍ခိုင်မာသောဆက်စပ်မှုများ တည်ဆောက်ရန် ဆန္ဒရှိကြောင်းကို စစ်သားများက ဖွင့်ဟပြောဆိုခဲ့ကြသည်။ အချေအတင်ငြင်းခုံခဲ့ရသော အဓိကအကြောင်းကိစ္စများတွင်၊ သဘောတူညီချက်၌ တားမြစ်ထားသော်လည်း စစ်သားများက မိမိတို့ထိန်းချုပ်နယ်နိမိတ်ပြင်ပ၌ လက်နက်များ ကိုင်ဆောင်သွားလာကြခြင်း ပါဝင်လျက်ရှိသည်။ တပ်မတော်မှ စစ်သားများ မိမိတို့နယ်မြေထဲသို့ မဝင်ရောက်ခင် ခွင့်ပြုချက်တောင်းခံရန် လိုအပ်ကြောင်း ဖွင့်ဟခဲ့ကြသည်။ KNUစစ်သားတစ်ဦးက "တပ်မတော်စစ်သားတွေက ကျွန်တော်တို့ဒေသတွေကို လာရင်လက်နက်တွေကိုင်လာကြတယ်။ ဒါဆိုရင်ကျွန်တော်တို့မှာရော လက်နက် ကိုင်ဆောင်ခွင့်မရှိဘူးလား။ ကျွန်တော်တို့ကစည်းမျဉ်းစည်းကမ်းတွေလိုက်နာတယ်။"

ဖြေရှင်းနည်းတစ်ရပ်အနေဖြင့်၊ ပို၍တိကျသောထိန်းချုပ်နယ်မြေနယ်နိမိတ် မှတ်သားထားခြင်းက စစ်သားများအား မိမိတို့ကိုယ်ပိုင်နယ်မြေပြင်ပ၌ လက်နက်ကိုင်ဆောင်ခြင်းအား တားမြစ်ကန့်သတ်ရာ၌ အထောက်အကူဖြစ်စေမည် ဟူသောမျှော်လင့်ချက်ဖြင့် နယ်နိမိတ်ဖုံများအား ပို၍တိကျကောင်းမွန်စွာ နယ်နိမိတ်ပိုင်းခြားသတ်မှတ်ခြင်း ပြုလုပ်သင့်သည်ဟူ၍ စစ်သားအများစုကအကြံပေးခဲ့ကြသည်။ CNFရဲဘော်တစ်ဦးမှ "မြန်မာအစိုးရကို ကျွန်တော်တို့ ချင်းပြည်နယ်အတွက် နယ်နိမိတ်မျဉ်းတွေ တိတိကျကျ သတ်မှတ်ပေးစေချင်တယ်"ဟုဆိုခဲ့ပြီး၊ KNUစစ်သား တစ်ဦးက"နယ်မြေဒေသတွေမှာ နယ်နိမိတ်စည်းမျဉ်းတွေ ရှင်းရှင်းလင်းလင်းပိုင်းခြား သတ်မှတ်ထားစေ ချင်တယ်"ဟူ၍ ပြောကြားခဲ့ပါသည်။

လက်မှတ်ရေးထိုးထားသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များအား ထိန်းသိမ်းလိုက်နာခြင်း နှင့်ပတ်သက်၍ဖော်ပြခဲ့သောအခြားတစ်ချက်မှာ - တပ်သားစုဆောင်းခြင်း နှင့်ပတ်သက်သော စည်းကမ်းသတ်မှတ်ချက်များအား နှစ်ဖက်စလုံးကခိုင်မာစွာလိုက်နာရန် လိုအပ်မှုပင်ဖြစ်သည်။ စကားစမြည်ဝိုင်း များအတွင်း သိရှိစေရန်ဖော်ပြခဲ့သည့် အားကောင်းသော အကြောင်းအရာခေါင်းစဉ်တစ်ရပ်မှာ သဘောတူညီချက်များ၌ စစ်အင်အားတိုးမြှင့်ရေးကို နှစ်ဖက်စလုံးမှရှောင်ကြဉ်ကြရန် အသေးစိတ်သတ်မှတ်ထားသော်လည်း၊ တပ်မတော်မှ အင်အားများတိုးမြှင့်ရန် စစ်ကူဖြည့်တင်းနေခြင်းကို ဤစီမံကိန်း၌ပူးပေါင်းပါဝင်ခဲ့ကြသော ခြေလျင်တပ်သားများက သတိပြုတွေ့ရှိခဲ့ကြလေသည်။

အစိုးရက တပ်အင်အားများ ဆက်လက်စည်းရုံးစုဆောင်းနေခြင်း၊ ရှေ့တန်းကတုတ်ကျင်းများ၊ စစ်တပ်စခန်းများကို တိုးချဲ့တည်ဆောက်ခြင်း၊ NSAGs ထိန်းချုပ်ဧရိယာများ၌ စစ်ရေးလေ့ကျင့်မှုများ စီစဉ်ပြုလုပ်ခဲ့ခြင်း နှင့်တပ်စခန်းများရုတ်သိမ်းမည်ဟု ကတိပြုထားသော်လည်း ပျက်ကွက်ခဲ့ခြင်းတို့ကြောင့် စစ်သားများက စိုးရိမ်ပူပန်နေကြရသည်။

*ကျွန်တော်တို့အတွက်အရေးကြီးဆုံးအချက်ကတော့၊ အခုအချိန်က စစ်တပ်အင်အားတွေ လျော့ချရမယ့် အချိန်ဖြစ်လို့ တပ်မတော်က တပ်သားစည်းရုံးစုဆောင်းခြင်းတွေ၊ စစ်သား အင်အား ဖြည့်တင်းခြင်း တွေမလုပ်ဖို့ပါဘဲ၊ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ကိုလူသိရှင်ကြား ကြေငြာပြီးပြီဖြစ်လို့ သူတို့ရဲ့စစ်အင်အားကို လျော့ချရမှာပါ။ ကျွန်တော် တို့ကိုသူတို့က စစ်အင်အားလျော့ခိုင်းပါတယ်။ ဒါပေမဲ့ သူတို့ကျတော့ သူတို့ရဲ့ လက်နက်ကိုင်အင်အား ကို တိုးချဲ့ပါတယ်။ဒါကကျွန်တော်တို့အတွက်စိန်ခေါ်မှုတစ်ခုပါ။*

စစ်သားများက သူတို့၏ဒေသများအတွင်း တည်ရှိနေသော တပ်မတော်စစ်အင်အား လျော့ချသည်ကို တွေ့မြင်လိုကြသည်။ ထိုသို့ပြုလုပ်ခြင်းသည် အပြန်အလှန်လေးစားမှု နှင့်အစိုးရဖက်မှ ရိုးသားဖြောင့်မှန်မှုကို ပြသနိုင်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အားကောင်းလာစေမည်ဟုယုံကြည်ခဲ့ကြသည်။

### *ယုံကြည်မှုတည်ဆောက်ခြင်း*

ပဋိပက္ခတွင်ပါဝင်ပတ်သက်သူများအကြားသော်လည်းကောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌သော်လည်းကောင်း ယုံကြည်မှုတည်ဆောက်ရန် လိုအပ်ကြောင်းကို အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရန် အရေးကြီးကြောင်း မီးမောင်းထိုးခဲ့သော စစ်သားများက ထုတ်ဖော်ဖွင့်ဟခဲ့ကြသည်။ ABSDFစစ်သားတစ်ဦးက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရန် "နှစ်ဦးနှစ်ဖက်တစ်ဦးနှင့် တစ်ဦးယုံကြည်မှုရှိဖို့လို အပ်တယ်"ဟူ၍ သူ၏အတွေးများကို ဖော်ထုတ်ပြောကြားခဲ့သည်။

စကားဝိုင်းများ၌စစ်သားများဖွင့်ဟပြောကြစဉ်တွင်၊ လွန်ခဲ့သောကာလ၌ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများ ပြိုပျက်ခဲ့သည့်အတွေ့အကြုံများကြောင့်၊ အစိုးရအပေါ်ယုံကြည်မှုကင်းမဲ့ခြင်း နှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား သံသယများရှိနေသေးခြင်း ဟူသောစိုးရိမ်ကြောင့်ကြမှုများရှိနေသည်ကိုကြားသိခဲ့ရသည်။ NMSPမှစစ်သားတစ်ဦးက NSAGs နှင့် အစိုးရတို့၏ဆက်ဆံရေးအား ငါးနှင့်တံငါသည်တို့၏ ဆက်ဆံရေးဖြင့်နှိုင်းယှဉ်ကာ "ဒါကငါးမျှားတာနဲ့တူတယ်။ တံငါသည်က ငါးတွေဘာကြိုက်သလဲဆိုတာ သိတယ်။ ဒီလိုပဲကျွန်တော်တို့ကလည်း တံငါသည်ဘာလို့ဒီငါးကိုလိုချင်သလဲဆိုတာသိဖို့လိုတယ်"ဟူ၍ သူ၏ယုံကြည်မှုကင်းသော ခံစားချက် ကို ပြောဆိုခဲ့သည်။ အနာဂါတ်တွင် ယုံကြည်မှုတိုးမြှင့်လာမည်ဟု မျှော်လင့်ကြောင်းကိုလည်း စစ်သားများကထုတ်ဖော်ပြောဆိုခဲ့ကြသည်။

အချို့စစ်သားများက ယုံကြည်မှုတည်ဆောက်ခြင်း၌ အထောက်အကူဖြစ်ရန်? သတင်းအချက်အလက်များဝေမျှခြင်းဖြင့် ပို၍သာလွန်သော ပွင့်လင်းမြင်သာမှုကျင့်သုံးရန်လိုအပ်ကြောင်း ထောက်ပြခဲ့ကြပြီး၊ အခြားသူတို့ကမူ အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်လေ့လာမှု (စာမျက်နှာ၃၄တွင်ပို၍ရှင်းလင်းစွာရှင်းပြထားသည်)အား ပါဝင်ပတ်သက်သော ပါတီတို့အကြား ယုံကြည်မှုတည်ဆောက်ရာ၌ ကူညီထောက်ပံ့သော လုပ်ထုံးလုပ်နည်းတစ်ခု အဖြစ် အသုံးပြုရန်လိုအပ်သည် ဟု ဖွင့်ဟပြောကြားခဲ့ကြသည်။

*တပ်ဖျက်သိမ်းရေး ကိစ္စကိုထည့်သွင်းစဉ်းစားရန် စောလွန်းသေးခြင်း*

အဖွဲ့အစည်းတိုင်းမှစစ်သားများအကြား ပြင်းပြအားကောင်းသော အများသဘောတူဆန္ဒတစ်ခုမှာ၊ တပ်ဖက်သိမ်းရေးကိစ္စ ထည့်သွင်းစဉ်းစားရန်စောလွန်းသေးခြင်း၊ အဓိကအားဖြင့် လက်နက်ဖျက်သိမ်းခြင်း ကိစ္စကိုစဉ်းစားရန် စောလွန်းသေးသည် ဟူသောယုံကြည်ချက်ပင်ဖြစ်သည်။ စစ်သားများသည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေးထိုးပြီးသည့် လက်ရှိကာလကို သတိနှင့်စောင့်ကြည့်ရန် အသားပေးပြောဆိုခဲ့ကြပြီး၊ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ပျက်စီးသွားခဲ့၍ တိုက်ပွဲများပြန်လည်ဖြစ်ပွားပါက လက်နက်များကို ဆက်လက် ကိုင်ဆောင်ထိန်းသိမ်းခွင့် လိုအပ်ကြောင်း ထပ်လောင်းပြောဆိုခဲ့ကြသည်။ ABSDFတပ်သားတစ်ဦးက လက်နက်ဖျက်သိမ်းဖို့စဉ်းစားဖို့က စောလွန်းသေးတယ်။ လက်နက်ချတာကို နောက်ဆုံးမှစဉ်းစားရမှာ” ဟူ၍ရှင်းပြသည်။

စစ်သားများက မြန်မာတပ်မတော်မှ စစ်အင်အားများ မြင်သာစွာစုစည်းနေမှု၊ ရှေ့တန်းကတုတ်ကျင်းများအား ဖြည့်ဆောက်လုပ်နေမှု၊ စစ်ရေးလေ့ကျင့်ခြင်းများ၊ နှင့် NSAGတို့၏ထိန်းချုပ်နယ်မြေများသို့တပ်မတော်စစ်သားများ လက်နက်များကိုင်ဆောင်ဝင်ရောက်ကြခြင်း စသည့်လက်ရှိ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များအပေါ် ချိုးဖောက်ပျက်ကွက်မှုများကိုကိုးကားရည်ညွှန်း၍၊ တပ်ဖျက်သိမ်းခြင်း နှင့်လက်နက်ဖျက်သိမ်းခြင်း တို့ပြုလုပ်ရန် အချိန်မတန်သေးကြောင်းထောက်ပြခဲ့ကြသည်။

တပ်မတော်အား ယုံကြည်မှုမရှိခြင်း နှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အစိုးရ၏ရိုးသားမှု တို့နှင့်ပတ်သက်သော မရေရာသောအခြေအနေများသည် တပ်ဖျက်သိမ်းခြင်း(သို့)လက်နက်ဖျက်သိမ်းခြင်းဖြစ်မြောက်ရေး အတွက် အတားအဆီးများဖြစ်သည် ဟုတင်ပြခဲ့ကြသည်။ အချို့စစ်သားများကမူ ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးရေးများအား တပ်မတော်ကအခွင့်အလမ်း တစ်ခုအဖြစ်အသုံးချ၍ စစ်စွမ်းအားစုစည်းမြှင့်တင်ရန်နှင့် NSAGSများ၏ အားနည်းချက်များအား ရှာဖွေဖော်ထုတ်မည် ဟူ၍ယူဆကြသဖြင့် လက်နက်ဖျက်သိမ်းရန် စောလွန်းသည်ဟူသော ခံစားချက်ကိုပို၍ခိုင်မာစေခဲ့ခြင်းဖြစ်သည်။

စစ်သားများက လက်နက်ဖျက်သိမ်းမည့် အကြံဉာဏ်သည် သူတို့၏လက်ရှိအနေအထားများ နှင့်သင့်လျော်မှုမရှိခြင်း ကိုအသိပေးခဲ့ကြပြီး၊ လက်နက်ဖျက်သိမ်းခြင်းသည် ခြေလျင်စစ်သားများ လက်ရှိရင်ဆိုင်နေရသော အခြေအနေအဖြစ်မှန်တို့နှင့် ကိုက်ညီမှုမရှိခြင်းကို မီးမောင်းထိုးပြခဲ့ကြသည်။ KNPPတပ်သားတစ်ဦးက “လက်နက်မဖျက်သိမ်းခင်၊ စစ်မှန်တဲ့ငြိမ်းချမ်းရေး အရင်ရဖို့လိုအပ်တယ်”ဟုဆိုခဲ့သည်။ နားထောင်ခြင်းအဖွဲ့များ သွားရောက်တွေ့ဆုံစဉ်အချိန်တွင် KIOခြေလျင်တပ်သားများသည် တိုက်ပွဲရင်ဆိုင်နေကြရချိန်ဖြစ်ခဲ့ပြီး၊ NMSP၏ခေါင်းဆောင်များက လက်ရှိအချိန်၌ လက်နက်ဖျက်သိမ်းရေးကိစ္စကို ဆွေးနွေးခြင်းသည် သင့်လျော်မှု မရှိဟုထင်မြင်ယူဆခဲ့ကြသည်။

စစ်သားများသည် လက်နက်ဆက်လက်ကိုင်ဆောင်ရန် လိုအပ်ချက်ကို အလေးပေးအာရုံစိုက်ခဲ့သော်လည်း၊ သူတို့ခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်များကိုလိုက်နာကြမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။ လက်ရှိပြုလုပ်ရန် မသင့်လျော်သော်လည်း အမိန့်ပေးပါက လက်နက်ဖျက်သိမ်းကြမည် ဟုဆိုခဲ့ကြသည်။ ထို့အပြင်

အချို့စစ်သားများကမူ တပ်မတော်ဖက်မှလည်း တပ်ဖျက်သိမ်းမှသာလျှင် လက်နက်ဖျက်သိမ်းရန် ကိစ္စကို ထည့်သွင်းစဉ်းစားမည်ဖြစ်ကြောင်း၊ သို့သော်ဆက်လက်ဖြစ်ပွားနိုင်သည့် တိုက်ပွဲများ၌ခုခံနိုင်မှု အားနည်းခြင်း အဖြစ်သို့ရောက်ရှိသွားမည်ဖြစ်၍ NSAGSတို့ကသာ တစ်ဖက်သတ်တပ်ဖျက်သိမ်းကြရန် မဖြစ်နိုင်ကြောင်း ထောက်ပြပြောဆိုခဲ့ကြသည်။

### *အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်လေ့လာခြင်း*

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ချိုးဖောက်ခဲ့မှုအပေါ် စစ်သားများ၏စိုးရိမ်ပူပန်မှုများက၊ အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာမှု လိုအပ်ကြောင်း၊ ထိုစောင့်ကြည့်မှုအား ပဋိပက္ခဖြစ်ပွားနေသော ပါတီများအကြား အလယ်လူအဖြစ် ဆောင်ရွက်နိုင်စွမ်းရှိသည့်ကြားနေဝါဒီအဖွဲ့တစ်ခုမှ တာဝန်ယူဆောင်ရွက်ပါက သင့်လျော်ကြောင်း အစီရင်ခံချက်များကို အားပေးလှုံ့ဆော်ခဲ့လေသည်။

အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာမှုအား ငြိမ်းချမ်းရေးစကားဝိုင်းများ လိုက်နာရန်သတ်မှတ်ချက်များ ဆွေးနွေးခြင်း၌ ထည့်သွင်းစဉ်းစားသင့်ပြီး၊ ကြားနေဝါဒီ၊ နိုင်ငံတကာငြိမ်းချမ်းရေး လုပ်ငန်းစဉ် စောင့်ကြည့်လေ့လာရေး ကော်မတီတစ်ခုမှစောင့်ကြည့်ပါက မြန်မာ့ငြိမ်းချမ်းရေးတိုးတက်မှုကို ပိုမိုအားဖြည့်ကြားကန်ပေးလိမ့်မည် ဟုခြေလျင်တပ်သားများက ယုံကြည်ကြသည်။ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ကိုတည်ထောင်ဖွဲ့စည်းခြင်းသည် NSAGs နှင့်အစိုးရတပ်များအကြား ယုံကြည်မှုတည်ဆောက်ရန် နှင့် အပြန်အလှန်လေးစားမှုထားရှိနိုင်ကြရန် အထောက်အကူဖြစ်စေနိုင်သည် ဟုစစ်သားအများအပြားက ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

### *စည်းလုံးညီညွတ်ရန်လိုအပ်မှု*

လူအများ သဘောတူပြောကြားခြင်း နည်းပါးသော်လည်း၊ လက်နက်ကိုင်အဖွဲ့အစည်းများအတွင်း၊ တိုင်းရင်းသားမျိုးနွယ်စုဒေသများအတွင်း နှင့် NSAGအဖွဲ့အစည်းများအကြား စည်းလုံးညီညွတ်ရန်လိုအပ်မှုသည် နားထောင်ခြင်းစကားစမြည်ဝိုင်းများအတွင်း ထွက်ပေါ်လာခဲ့သော အကြောင်းအရာခေါင်းစဉ်တစ်ရပ်ဖြစ်သည်။ NSAGများအကြားစည်းလုံးမှုတိုးမြှင့်ခြင်းသည် NSAGတိုင်း၏ စုပေါင်းသဘောတူညီချက်တစ်ရပ်ကို အစိုးရနှင့် လက်မှတ်ရေးထိုးနိုင်ခြင်း ဖြစ်စေသော အများပါဝင်ပတ်သက်စေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ် ထွက်ပေါ်လာစေမည့် မရှိမဖြစ်လိုအပ်ချက်ဖြစ်ကြောင်း သဘောထားတစ်ရပ်ကို စစ်သားများက အသိပေးခဲ့ကြသည်။ စစ်သားအချို့ကသူတို့၏ပြည်နယ်များအတွင်း စည်းလုံးညီညွတ်မှုကင်းမဲ့နေခြင်း နှင့်ပတ်သက်၍ ပူပန်ကြောင့်ကြမှုများရှိကြောင်း ဖွင့်ဟပြောဆိုခဲ့ကြပြီး၊ ထိုအချင်းအရာသည် မတူကွဲပြားခြားနားမှုများ နှင့် ကွဲပြားသော ဘာသာစကား များစွာကိုပြောဆိုအသုံးပြုကြသော လူနည်းစုတိုင်းရင်းသားမျိုးနွယ်စုများစွာတို့တည်ရှိမှု ကိုမီးမောင်းထိုးပြလျက်ရှိသည်။ ထိုသို့ညီညွတ်မှုကင်းမဲ့ခြင်းသည် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးခြင်း နှင့် တောင့်တင်းခိုင်မာသော ဖယ်ဒရယ်ပြည်ထောင်စုစနစ်ဖော်ဆောင်နိုင်ရန် အခက်ခဲစိန်ခေါ်မှုတစ်ရပ်ဖြစ်စေနိုင်သည်

ဟုစစ်သားများကခံစားမိကြသည်။ အခြားသောစစ်သားများကမူ မိမိတို့အဖွဲ့အစည်း၏ရည်မှန်းချက်များ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန် မိမိတို့လက်နက်ကိုင်အဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်ရန် လိုအပ်ကြောင်းကို ဖွင့်ဟခဲ့ကြသည်။

***ခေါင်းဆောင်များအကြားဆက်သွယ်ဆက်ဆံရေး***

စစ်သားများက လက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်တို့နှင့် အစိုးရတို့မကြာခဏတွေ့ဆုံသင့်ကြောင်း အကြံပြုခဲ့ကြသည်။ KNUစစ်သားတစ်ဦးက “ခေါင်းဆောင်တွေတွေ့ဆုံကြတဲ့အခါမှာ ကောင်းမွန်တဲ့စည်းကမ်းချက်တွေနဲ့ပြောဆိုဆွေးနွေးသင့်တယ်။ ပြီးတော့သင့်လျော်ကောင်းမွန်တဲ့ စကားအသုံးအနှုန်းကို အသုံးပြုသင့်ပါတယ်။ ဒါကတစ်ကြိမ်ထဲ တွေ့ဆုံဆွေးနွေးရုံနဲ့မပြီးပါဘူး”ဟုဆိုခဲ့သည်။ KNUစစ်သားအခြားတစ်ဦးကမူ ”နှစ်ဖက်စလုံးက ခေါင်းဆောင်တွေမကြာခဏတွေ့သင့်တယ်၊ အခုတွေ့ကြတယ်။ ပြီးတော့အကြာကြီးမတွေ့ကြပြန်ဘူး၊ သဘောတူညီချက်ကိုအထောက်အကူဖြစ်စေဖို့အစည်းအဝေးပွဲတွေဆက်တိုက်ခဏခဏလုပ်လို့မရဘူးလား”ဟုတင်ပြပြောဆိုခဲ့သည်။

စစ်သားများက လက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်များ နှင့်အစိုးရအကြားဆွေးနွေးပြောဆိုခြင်းများသည် ပွင့်လင်းမြင်သာမှုရှိရန်လိုအပ်ကြောင်း၊ စေ့စပ်ညှိနှိုင်းရေးဆွေးနွေးပွဲများ၌ပြောဆိုတိုင်ပင်ခဲ့သောအကြောင်းအရာများကိုအများပြည်သူထံ ဝေငှပြောပြသင့်ကြောင်း ထောက်ပြအကြံပြုခဲ့ကြသည်။ အချို့ကမူ တပ်မတော်နှင့် NSAGs ခေါင်းဆောင်တို့အကြား ပို၍ကောင်းမွန်သော ဆက်သွယ်ဆက်ဆံရေးရှိသင့်ကြောင်း၊ သို့မှသာ မိမိတို့ထိန်းချုပ်နယ်နိမိတ်ပြင်ပသို့ ခရီးသွားလာစဉ် အခြားတစ်ဖက်၏လှုပ်ရှားမှုများကို တစ်ဖက်မှသတိပြုသိရှိနိုင်ကြမည်ဖြစ်လေသည်။

***ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် နှင့် တန်းတူအခွင့်အရေးများ***

စစ်သားများနှင့်ပြုလုပ်ခဲ့သောစကားဝိုင်းများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ တစ်ဆင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်၊ တန်းတူအခွင့်အရေး၊ နှင့် လွတ်လပ်ခွင့်တို့ကို အကောင်အထည်ဖော်ဆောင်လိုကြသော သဘောထားဆန္ဒအားထင်ဟပ်ပြသခဲ့သည်။ လွတ်လပ်ခွင့်အား လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်၊ နေထိုင်ရှင်သန်ခွင့်နှင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများရရှိနိုင်ခွင့်၊ ခရီးသွားလာနိုင်ခွင့်နှင့် ပွင့်လင်းစွာစကားပြောဆိုနိုင်ပြီး၊ ဆက်သွယ်ဆက်ဆံနိုင်ခွင့် ဟူ၍ရည်ညွှန်းရှင်းပြခဲ့ကြသည်။

စစ်သားအများအပြားက တန်းတူအခွင့်အရေး လိုအပ်ချက်အား၊ ပင်လုံသဘောတူစာချုပ်နှင့်ဗိုလ်ချုပ်အောင်ဆန်း၏ “ဗမာတစ်ကျပ်၊ တိုင်းရင်းသားတစ်ကျပ်”ဟူသော စကားစုအားဖြင့် ဖွင့်ဟပြောကြားခဲ့ကြသည်။ ထို့အပြင်KNU တပ်သားတစ်ဦးက “ညှိနှိုင်းဆွေးနွေးရေးတွေပြီးသွားပြီး ၊ငြိမ်းချမ်းရေးရသွားခဲ့ရင် ကျွန်တော်တို့ရဲ့ပြည်သူတွေ တန်းတူအခွင့်အရေးရကြမှာလား၊ အဲဒီလိုမှမဟုတ်ရင်တော့ အရင်အတိုင်းဘဲဖြစ်နေဦးမှာပေါ့။ ငြိမ်းချမ်းရေး

နဲ့တန်းတူအခွင့်အရေး ရတာကိုတကယ်မြင်ချင်ပါတယ်"ဟူ၍ ရှင်းပြသကဲ့သို့ပင်၊ မြန်မာပြည်၌နေထိုင်ကြသော လူအားလုံး၌ တန်းတူအခွင့်အရေးရရှိရန် လိုအပ်ကြောင်းကို စစ်သားများက ကြိမ်ဖန်များစွာတင်ပြပြောဆိုခဲ့ကြသည်။

ဖယ်ဒရယ်မှု နှင့် ဖယ်ဒရယ်စနစ်အုပ်ချုပ်ရေးတို့အား တောင့်တမှုသည် စစ်သားများထံမှကြားသိခဲ့သော ထပ်ဖန်တလဲလဲထွက်ပေါ်လာသည့် အကြောင်းအရာတစ်ရပ်ဖြစ်သည်။ အချို့သူများအတွက်မူ ထိုတောင့်တချက်ဆန္ဒတွင် ဗဟိုအစိုးရက ဖယ်ဒရယ်ခေါင်းဆောင်များ၊ ပြည်နယ်များအားလုံးအပေါ် "ညီအစ်ကို မောင်နမများ"ကဲ့သို့(KNPPစစ်သားတစ်ဦး၏အဆို) တန်းတူဆက်ဆံရမည် ဟူသောပြဌာန်းချက်တစ်ရပ် ဒွန်တွဲပါဝင်လျက်ရှိသည်။ အချို့သောစစ်သားများက ဖယ်ဒရယ်ရဲတပ်ဖွဲ့နှင့် ဖယ်ဒရယ်တပ်မတော်တို့၌ တိုင်းရင်းသားမျိုးနွယ်စုလူဦးရေ ကိုယ်စားလှယ်များ မျှတစွာပါဝင်ကြ၍၊ လူနည်းစု တိုင်းရင်းသားလူမျိုးများမှ ရာထူးကိုလူဦးရေအချိုးကျ၊ အလှည့်ကျတာဝန်ယူခြင်းတို့ရှိရမည် ဟုစစ်သားများကတင်ပြခဲ့ကြသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့် နှင့်ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်တို့မှာလည်း ကြားသိခဲ့ရသော အများသဘောတူအကြောင်းအရာ တစ်ခုဖြစ်သည်။ စစ်သားများက မြန်မာအစိုးရလက်အောက်မှ လွတ်လပ်ရေးရရှိခြင်း နှင့် မိမိတို့ပြည်နယ်အား ကိုယ်တိုင် အုပ်ချုပ်နိုင်စွမ်း ရှိခြင်းတို့အား ပြောကြားခဲ့ကြသည်။ စစ်သားအများအပြားတို့က ဝေါဟာရအသုံးအနှုန်းအပေါ် ရှင်းလင်းစွာမသိရှိကြသော်လည်း၊ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်တရား စီရင်ပိုင်ခွင့်ဟုဆိုသည် ထက် မိမိတို့၏ပြည်နယ်အား မိမိတို့ကိုယ်တိုင်ထိန်းချုပ်ခွင့်အပေါ်အကြံပြုခဲ့ကြသည်။ KNUစစ်သားတစ်ဦးက "ကျွန်တော့ပြည်နယ်ကို ကျွန်တော်ပြန်လိုချင်တယ်"ဟုပြတ်သားစွာဆိုခဲ့သည်။

### *အခြေခံလူ့အခွင့်အရေးလိုအပ်ချက်*

စစ်သားများ ဖွင့်ဟပြောကြားခဲ့ကြသည့်အချို့သောပူပန်မှုအကြောင်းအရာတို့က လွတ်လပ်စွာနေထိုင်ရန်ဆန္ဒ၊ လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်နိုင်ခြင်း၊ နှင့် ညှင်းပန်းနှိပ်စက်ခြင်း နှင့်အဓမ္မခိုင်းစေခြင်း တို့မှလွတ်မြောက်ခြင်း တို့အပါအဝင်အခြေခံလူ့အခွင့်ရေးများအား လိုလားတောင့်တကြကြောင်း ထင်ဟပ်ပြသလျက်ရှိသည်။ အခြေခံလူ့အခွင့်အရေးများ ရရှိရန်တည်ထောင်ကြိုးပမ်းခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အခြေခံ အုတ်မြစ်တစ်ခုဖြစ်သင့်သည် ဟုစစ်သားများကခံစားမိကြသည်။

ရပ်ရွာလူထုတို့အတွက် အခြေခံလူ့အခွင့်အရေးလိုအပ်ချက်အား စစ်သားများ သာမန်အရပ်သား အဖြစ်သို့ပြန်လည်ပေါင်းစပ်ပြီးသောအခါ၊ မိမိတို့ရပ်ရွာမိသားစုတို့ထံ လွတ်လပ်စွာပြန်လည်သွားရောက်လိုသောဆန္ဒ နှင့်မကြာခဏယှဉ်တွဲတင်ပြခြင်းခံကြရသည်။ KIOမှအမျိုးသမီးရဲဘော်များက အခြေခံလုံခြုံမှုကင်းမဲ့ခြင်းအား လူထု၊ အထူးသဖြင့်အမျိုးသမီးများက မိမိတို့၏ရပ်ရွာများတွင် နေထိုင်ရာ၌လုံခြုံမှုမရှိ ဟုခံစားရကြောင်းကိုရှင်းပြခဲ့ကာ အသေအချာ ထောက်ပြပြောဆိုခဲ့ကြသည်။ ၎င်းစစ်သားတို့က လူထုတို့က လုံခြုံမှုမရှိဘဲ ပိုင်ရှင်စိတ်ဓါတ် ကင်းမဲ့နေသည်ဟုခံစားနေရကြောင်းကို"ကျွန်မတို့က ကိုယ့်အိမ်မှာကိုယ်နေနေရပေမဲ့၊ ကိုယ့်ကိုယ်ကို ဧည့်သည့်တွေလို့ခံစားရတယ်"ဟုမှတ်ချက်ချ၍ သရုပ်ဖော်ပြခဲ့ကြသည်။

စစ်သားများက မိမိကိုယ်ကိုကာကွယ်ရန်နှင့် မိမိမိသားစုများနှင့်လူထုတို့အား အန္တရာယ်ကျရောက်ခြင်းမှ ကာကွယ်နိုင်ရန်အခွင့်အရေး လိုအပ်ချက်တို့ကိုဆွေးနွေးခဲ့ကြသည်။ ၎င်းဆန္ဒသဘောထားအား လက်နက်ကိုင်

ဆောင်ရန် အခွင့်အရေး နှင့်တပ်ဖျက်သိမ်းရေးကိုစဉ်းစားရန် အထူးစောလွန်းခြင်း ဟူသော အကြောင်းအရင်းတို့နှင့်ဆက်စပ်၍ ရံဖန်ရံခါကိုးကားပြောဆိုခဲ့ကြသည်။

*လွတ်လပ်စွာသွားလာလှုပ်ရှားခွင့်*

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နှင့်ပတ်သက်၍ အပြုသဘောဆောင်သည့် သဘောထားခံစားချက်များတွင် လွတ်လပ်စွာသွားလာ လှုပ်ရှားခွင့်တိုးမြှင့်ရရှိသည့် အစီရင်ခံချက်များက ဒွန်တွဲပါဝင်လေ့ရှိသည်။ စစ်သားများသည် ခရီးသွားလာခွင့် နှင့် မိမိတို့လက်နက်ကိုင်အဖွဲ့အစည်း ထိန်းချုပ်နယ်နိမိတ်အတွင်း နှင့်ပြင်ပတို့၌ လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်ခွင့် တို့တိုးမြှင့်ရရှိလာခြင်း နှင့်ပတ်သက်၍ ပျော်ရွှင်ဝမ်းမြောက်လျက်ရှိကြသည်။ KNUစစ်သားတစ်ဦးက "အခုဆိုရင်အရင်ထက်ပိုပြီးတော့ လွတ်လပ်စွာသွားလာနိုင်တယ်။ အခုဆိုရင် သွားလာဖို့ပိုပြီးလွယ်ကူသွားပြီ။"ဟုဆိုခဲ့ပြီး၊ အခြားသော KNUစစ်သားတစ်ဦးကလည်း " အရင်ကဆိုရင် အိမ်ကိုခိုးပြန်ရတယ်။ အခုတော့အိမ်ကို ပွင့်ပွင့်လင်းလင်းပြန်လို့ရပြီ၊ ကျွန်တော်အိမ်ကို ခဏခဏ ပြန်ဖြစ်တယ်"ဟုရှင်းပြခဲ့သည်။ လွတ်လပ်စွာသွားလာလှုပ်ရှားခွင့်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း စစ်သားများအတွက် အရေးကြီးဆုံးေ ခါင်းစဉ်တစ်ရပ်ဖြစ်၍ ထပ်ခါတလဲလဲကြားခဲ့ရသော အကြောင်းအရာတစ်ခုဖြစ်ခဲ့သည်။

လွတ်လပ်စွာသွားလာလှုပ်ရှားခွင့်သည် ယခင်အသေးစိတ်ဖော်ပြခဲ့သည့် စစ်မှန်သော၊ မှန်ကန်သော (သို့) ရိုးသားဖြောင့်မှန်သော ငြိမ်းချမ်းရေး၏ အရေးကြီးအစိတ်အပိုင်းတစ်ခုဖြစ်သည် ဟုစစ်သားများကဆိုကြသည်။ KNPPစစ်သားတစ်ဦးက "(ခေါင်းဆောင်တွေ) စစ်မှန်တဲ့ငြိမ်းချမ်းရေးအတွက် (ညှိနှိုင်းဆွေးနွေးရေးစားပွဲဝိုင်းတွေမှာ) ဆွေးနွေးစေချင်ပါတယ်။ အဲဒါက လူတွေကို တစ်နေရာကနေ တစ်နေရာကိုလွတ်လွတ်လပ်လပ်သွားလာစေနိုင်ပြီး၊ ငြိမ်းငြိမ်းချမ်းချမ်းနေထိုင် အလုပ်လုပ်နိုင်ခြင်းကိုဖြစ်စေခြင်းဖြစ်ပါတယ်"ဟုဖွင့်ဟပြောဆိုခဲ့ပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အပြုသဘောဆောင်စွာရှုမြင်ခံရခြင်း အကြောင်းပြချက်တစ်ရပ်မှာ လက်ရှိအပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများသည် လွတ်လပ်စွာသွားလာလှုပ်ရှားခွင့် တိုးမြှင့်ရရှိရန် ဖန်တီးပေးခဲ့သည် ဟူသောယုံကြည်မှုကြောင့်ဖြစ်သည်။ စစ်သားများကမိမိတို့ရပ်ရွာများသို့ ခရီးသွားလာစဉ် စစ်ဆေးရေးဂိတ်များလျော့နည်းသွားခဲ့သည် ဟုတင်ပြခဲ့ကြသည်။ ရလဒ်အားဖြင့် လွတ်လပ်စွာသွားလာလှုပ်ရှားခွင့် နှင့်လွတ်လပ်စွာနေထိုင်ခွင့် တို့ဆက်လက်ရရှိရန်အတွက် ပံ့ပိုးကူညီနိုင်ရန်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို အားပေးထောက်ခံကြလေသည်။ လွတ်လပ်စွာသွားလာလှုပ်ရှားခွင့်အားဖြင့် ပြည်သူလူထုတို့သည် ပို၍ကောင်းမွန်သော သယ်ယူပို့ဆောင်ရေးကို တွေ့ကြုံခံစားရသော အကျိုးကျေးဇူးများရရှိခဲ့သည်ဟူ၍ လည်းစစ်သားများကပြောကြားခဲ့ကြသည်။ KNPPရဲဘော်တစ်ဦးက " ငြိမ်းချမ်းရေးရတဲ့အထိ၊ အစိုးရနှင့်KNPPတို့ ဆွေးနွေးသင့်တယ်၊ ဒါမှပြည်သူလူထုကငြိမ်းချမ်းခြင်းကိုတွေ့ကြုံခံစားရပြီး၊ ပိုပြီးလွတ်လွတ်လပ်လပ်ခရီးသွား လာနိုင်ကြမှာဖြစ်တယ်"ဟုအစီရင်ခံခဲ့သည်။

စစ်သားတို့ လွတ်လပ်စွာသွားလာလှုပ်ရှားခွင့်တိုးမြှင့်ရရှိခြင်း အပေါ် အပြုသဘောဆောင်သော ခံစားချက်များရှိကြောင်း ဖွင့်ဟပြောဆိုလျက်ရှိစဉ်၊ လွတ်လပ်စွာလှုပ်ရှားခွင့်ပို၍ ရရှိရန် ခိုင်မာအားကောင်းသော

သဘောထားဆန္ဒတစ်ခုလည်း ရှိနေသည်ကိုတွေ့ရှိခဲ့ရသည်။ ခရီးသွားလာရေး၌ ကန့်သတ်ပိတ်ပင်တားဆီးမှုများ ဆက်လက်ရှိနေသေးသည်ဟူ၍အချို့စစ်သားများကအစီရင်ခံခဲ့ကြသည်။ “ ကျွန်တော်အခုရွာကိုပြန်ပြီး သွားလည် မယ်ဆိုရင်၊ ကျွန်တော့်မိသားစု နဲ့ ဆွေမျိုးတွေက ကျွန်တော့်ကိုအော်ကြလိမ့်မယ်။ ကျွန်တော်နဲ့ဆက်ဆံဖို့အတွက် သူတို့ကြောက်နေကြသေးတယ်”ဟု KNPPစစ်သားတစ်ဦးကဆိုခဲ့သည်။

***သတင်းအချက်အလက်ပိုမိုရရှိရန်လိုအပ်မှု***

စစ်သားအမြောက်အများတို့သည် စကားစမြည်ဝိုင်းများ၊ အထူးသဖြင့်ပဏာမအဆင့်စကားဝိုင်းများ၊ နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နှင့်ပတ်သက်၍ ဗဟုသုတအနည်းအကျဉ်းသာရှိခဲ့ကြသည်။ အချို့က သူတို့၏ခေါင်းဆောင်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ပါဝင်ပတ်သက်ဆောင်ရွက်နေသည် ဟူသောယေဘုယျ နားလည်သဘောပေါက်မှုရှိကြသော်လည်း၊ အများစုမှာမူ တိကျသောအသေးစိတ်အချက်အလက်များ အပေါ်ဗဟုသုတ အသိအမြင်မရှိကြချေ။ “ကျွန်တော်တို့ ခေါင်းဆောင်တွေငြိမ်းချမ်းရေး လုပ်ငန်းစဉ်ပြုလုပ်နေကြတယ် ဆိုတာကြားမိပါတယ်။ဒါပေမဲ့အတိအကျတော့မသိဘူး”ဟူ၍ KIO စစ်သားတစ်ဦးကဖွင့်ဟပြောဆိုခဲ့သည်။

ဤစီမံကိန်းတလျှောက် တွင်ပူးပေါင်းပါဝင်ကြသော စစ်သားများက စကားပြောဆိုရန်သူတို့အား ချဉ်းကပ်မှုအပေါ်အံ့အားသင့်ကြောင်း၊ ထုတ်ဖော်ပြောကြားကြသဖြင့် စစ်သားများအားငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်း သူတို့၏ သဘောထားအမြင်များ၊ လိုအပ်မှုများ နှင့်တောင့်တချက်များအား ယခင်က ဆွေးနွေးတိုင်ပင်ခဲ့ခြင် းမရှိခဲ့သည်ကို သိသာစွာတွေ့ရှိခဲ့သည်။ စစ်သားအများအပြားတို့သည် သတင်းအချက်အလက် အကန့်အသတ် ဖြင့်သာသိရှိမှုအပြင်၊ မိမိတို့ကိုယ်ပိုင် သဘောထားယူဆချက်တို့အား ထုတ်ဖော်ပြောကြားရန် အလေ့ အကျင့် မရှိမှုတို့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ဝေဖန်သုံးသပ်ရာ၌အခက်အခဲရှိနေကြသည် ကိုနားထောင်ခြင်းအဖွဲ့များက အကဲခတ်မိခဲ့ကြသည်။ သို့ရာတွင် စစ်သားများသည် ပဏာမအဆင့်စကားဝိုင်းများအပြီး၌ စကားများပိုပြီးပြောဆိုလာကြခြင်း၊ မိမိတို့ကြိုတင်မျှော်လင့်ထားသည် ထက်ပိုမိုသော သတင်းအချက်အလက်များအား ဝေမျှပြောဆိုကြခြင်းနှင့် သူတို့၏ပူပန်မှုများနှင့် သဘောထားအမြင်များအား ထုတ်ဖော်ပြောကြားရန် အခွင့်အလမ်းအပေါ်စိတ်လှုပ်ရှားခြင်း နှင့်သဘောကျ နှစ်သက်ခြင်း တို့ရှိလာကြသည်ကို နားထောင်ခြင်းအဖွဲ့များကအစီရင်ခံခဲ့ကြသည်။ *ထို့အပြင် ရပ်ရွာလူထုတို့နှင့်ဆွေးနွေးတိုင်ပင်ရန်နှင့် သတင်းအချက်အလက်များ ဝေမျှရန်လိုအပ်ချက်တစ်ရပ်ကိုစ စ်သားများကထောက်ပြအစီရင်ခံခဲ့ကြသည်။* KNPP*စစ်သားတစ်ဦးက “လူထုခေါင်းဆောင်တွေနဲ့ဘဲ ဆွေးနွေးတိုင်ပင်တာ လုံလောက်မှုမရှိပါဘူး၊ တခြားလူထုအဖွဲ့ဝင်တွေနဲ့လည်း တိုင်ပင်ဆွေးနွေးဖို့လိုအပ်ပါတယ်။ လူတိုင်းစီက အကြံဉာဏ်တွေရဖို့အတွက် အစည်းအဝေးသွားတက်တဲ့ ခေါင်းဆောင်တွေက သတင်းအချက်အလက်တွေဖြန့်ဖြူးဖို့နဲ့ လူတွေဆီကအကြံဉာဏ်တွေရယူဖို့က အရေးကြီးပါတယ်။” ဟူ၍ထွက်ဆိုခဲ့သည်။*

***သာမန်အရပ်သားဘဝ (သို့မဟုတ်) ဖယ်ဒရယ်တပ်မတော်***

စစ်မှန်သောငြိမ်းချမ်းရေးကို အောင်မြင်စွာဆွတ်ခူးရရှိပါက တွေ့ကြုံလာရမည့်သူတို့၏အနာဂါတ်အရေး နှင့်ပတ်သက်၍လည်း စစ်သားများနှင့်ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။ စစ်သားတိုင်းသည်သူတို့အားလိုအပ်နေသ၍ NSAG၌ တာဝန်ထမ်းဆောင်ကြမည်ဖြစ်ကြောင်း၊ စစ်မှန်သောငြိမ်းချမ်းရေးကိုရရှိအောင်မြင်ခဲ့ပါက ဖယ်ဒရယ်တပ်မတော်အတွင်း ပေါင်းစပ်ပါဝင်ခြင်း (သို့မဟုတ်) သာမန်အရပ်သားဘဝဖြင့်ပြန်လည် နေထိုင်ကြမည်ဟူ၍ခံယူထားကြသည်။

ဖယ်ဒရယ်တပ်မတော်အတွင်း ပေါင်းစပ်ပါဝင်မည်ဟုထွက်ဆိုခဲ့သော စစ်သားများက သူတို့တာဝန် ထမ်းဆောင်ခြင်းအားမလိုအပ်တော့ချိန် နှင့်သူတို့၏ခေါင်းဆောင်များက တိုက်တွန်းအကြံပေးချိန်မှသာ လက်နက်ကိုင်အဖွဲ့အစည်းမှထွက်ခွာမည်ဖြစ်သည် ဟုထုတ်ဖော်ပြောကြားခဲ့သည်။ အများစုကတိုက်ခိုက်ရေးကဏ္ဍ၌ ဘဝတလျှောက်လုံးတာဝန်ထမ်းဆောင်ခဲ့ကြသဖြင့်၊ အခြားသောကျွမ်းကျင်မှုအတတ်ပညာတို့မရှိခြင်းကြောင့် ဖယ်ဒရယ်တပ်မတော်အတွင်းပေါင်းစပ်ပါဝင်ကြရန် ဆန္ဒရှိသည်ဟုအသိပေးခဲ့ကြသည်။ အခြားသူတို့က သူတို့ပြည်နယ်တွင်းရှိလူထုတို့ကို ဆက်လက်၍ကာကွယ်ရန် နှင့်အလုပ်အကျွေးပြုရန်မျှော်လင့်ချက်ဖြင့် ဖက်ဒရယ်စနစ်အတွင်း၌ ပေါင်းစပ်ပါဝင်သောသူတို့၏ ဆန္ဒသဘောထားကို ညွှန်ပြပြောကြားခဲ့ကြသည်။ ၎င်းစစ်သားတို့က သူတို့၏ဘဝများကို သူတို့၏ပြည်နယ်၊ သူတို့၏တိုင်းရင်းသားမျိုး နွယ်စုတို့အတွက်ပေးဆပ်ထားပြီး၊ သူတို့၏လက်ရှိနေထိုင်မှု ဘဝပုံစံတို့ကိုထိန်းသိမ်းလိုကြကြောင်းရှင်းပြခဲ့ကြသည်။

အထက်ပါအချက်နှင့်ညီမျှသော အများသဘောထားတစ်ခုမှာ သာမန်အရပ်သားဘဝသို့ ပြန်လည်ပေါင်းစပ်လိုသော ဆန္ဒဖြစ်သည်။ သူတို့၏လက်နက်ကိုင်အဖွဲ့အစည်းများက သူတို့အားလိုအပ်ခြင်းမရှိတော့သော အခြေအနေ၌မှ သူတို့၏ရပ်ရွာများသို့ပြန်လည်ရွှေ့ပြောင်း၍ မိသားစုများနှင့်နေထိုင်ရန် လိုလားကြကြောင်းထွက်ဆိုခဲ့ကြသည်။ “ကျွန်တော်ရွာကိုပြန်ပြီးအေးအေးချမ်းချမ်းနေချင်တယ်။ သွေးထွက်သံယိုဖြစ်တာတွေကိုအများကြီးတွေ့ခဲ့ရပြီးပြီ”ဟု KNUစစ်သားတစ်ဦးကမှတ်ချက်ချခဲ့သည်။

ထို့အပြင်အချို့သော စစ်သားများကမူ သာမန်အရပ်သားဘဝနှင့် အချိန်ပိုင်းနယ်မြေလုံခြုံရေးတပ်သားဘဝဟူ၍ ဒွန်တွဲလျက်ရှိသောကဏ္ဍ အခြေအနေပိုင်ဆိုင်ရန်စိတ်ဝင်စားမှုရှိကြောင်းဖွင့်ဟပြောဆိုခဲ့သည်။ “ကျွန်တော့်မှာ ပခုံးနှစ်ဖက်ရှိတယ်၊ တစ်ဖက်စီကတာဝန်တစ်ခုစီယူနိုင်ပါတယ်”ဟု CNF စစ်သားတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။

**လက်ရှိနှင့်အနာဂါတ်ကာလအောက်ခြေမြေပြင်၌လိုအပ်ချက်များနှင့်ပူပန်ကြောင့်ကြမှုများ**

စကားစမြည်ဝိုင်းများထဲမှ ထွက်ပေါ်လာခဲ့သောကျန်ရှိသည့်အကြောင်းအရာခေါင်းစဉ်တို့မှာ ခြေလျင်တပ်သားများ၏ လက်ရှိနှင့်အနာဂါတ်လိုအပ်ချက်များမှာ၊ အခြေခံအားဖြင့်ပြန်လည်ပေါင်းစည်းရေး အထောက်အပံ့ နှင့်စီးပွားရေးဖွံ့ဖြိုးမှုနှင့် သက်ဆိုင်လေသည်။

***ပြန်လည်ပေါင်းစည်းရေးတောင့်တချက်များ နှင့်စိန်ခေါ်မှုအခက်အခဲများ***

စစ်သားများက ရပ်ရွာလူထုအတွင်းသို့ပြန်လည်ပေါင်းစည်းရမည်ဆိုပါက ကျောင်းဆရာ၊ ဆရာမများနှင့် သူနာပြုများ စသည့်အလုပ်တို့ကိုလုပ်ကိုင်၍၊ မိမိတို့ပြည်နယ်ဒေသကိုဆက်လက်ပံ့ပိုးအလုပ်အကျွေးပြုလိုကြကြောင်း၊ အချို့ကမူ စိုက်ပျိုးရေး၊စီးပွားရေး၊ကုန်သွယ်ရေး၊သစ်ထုတ်လုပ်ရေး၊သစ်ပင်စိုက်ပျိုးရေး၊ဆံသလုပ်ငန်း၊မွေးမြူရေး၊လက်သမားပညာ စသည့်အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းတို့လုပ်ကိုင်ကြရန်စိတ်ဝင်စားကြသည်ဟု တင်ပြပြောကြားခဲ့ကြသည်။

စစ်သားအများစုက ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သောပူပန်စိုးရိမ်မှုများစွာအား ထုတ်ဖော်ပြောကြားခဲ့ကြရာ၊ ၎င်းပူပန်မှုများမှာ အတတ်ပညာကျွမ်းကျင်မှုကင်းမဲ့ခြင်း နှင့်စပ်ဆိုင်လျက်ရှိသည်။ မိမိတို့ရပ်ရွာဒေသများ၌ပြန်လည်နေထိုင်ခြင်းသည် မိမိတို့ဘဝအား “သုည (သို့) အောက်ခြေ”မှပြန်စတင်ရမည်ဖြစ်၍ အခြားသောနေထိုင်မှုဘဝပုံစံများကို ရွေးချယ်နိုင်ရန်အတွက် ကျွမ်းကျင်မှုအတတ်ပညာများ နှင့်အရင်းအနှီးတို့ကို တိုးမြှင့်ဖြည့်ဆည်းနိုင်ရန်လိုအပ်မည်ဖြစ်သည်ဟုယုံကြည်ကြလေသည်။ အချို့က အတိတ်မှလယ်ယာစိုက်ပျိုးခြင်း၊ နှင့်စိုက်ပျိုးရေးလုပ်ငန်းအတွေ့အကြုံများရှိခဲ့ကြသော်လည်း၊ မည်သို့ဦးစီးလုပ်ကိုင်ကြရမည်ကို မှတ်မိခြင်းမရှိကြတော့ပေ။ အများစုအတွက်မူ တိုက်ခိုက်ရေးကဏ္ဍ၌ကာလကြာရှည်စွာရှိခဲ့သောအတွေ့အကြုံများအရ၊ အခြားအလုပ်အကိုင်များကို လုပ်ကိုင်နိုင်ရန်အဆင်သင့်မဖြစ်ဟု ခံစားနေကြလေသည်။ KNPPစစ်သားတစ်ဦး၏ ထွက်ဆိုချက်တစ်ခုကရင်းခံစားချက်သဘောထားများကို၌သို့အမိအရပုံဖမ်းနိုင်ခဲ့သည်။

> *အရာရာတိုင်းကိုအစကနေပြန်စရမှာစိုးရိမ်မိတယ်။အိမ်တစ်လုံးဆောက်မယ်ဆိုရင်တောင်တိုင်တစ်ချောင်းကအစရှာရမှာ၊ကျွန်တော်မှာပိုက်ဆံလဲမရှိဘူး၊ကျွန်တော်ကသေနတ်ပဲကိုင်တတ်တာ။အခက်အခဲတွေတော့ရှိမှာဘဲဘယ်နေရာမှာကျွန်တော်သာပြန်ရမယ်ဆိုရင်နေရမလဲဆိုတာလဲမသိဘူး၊ကျွန်တော့်ကိုနေပါလို့ပြောတဲ့နေရာမှာနေရမလား၊ကိုယ့်ရွာမှာပဲနေရမှာလားဆိုတာပေ့ါ။*

စစ်သားများက လက်နက်ကိုင်အဖွဲ့အစည်း ခေါင်းဆောင်၏လမ်းညွှန်မှုနှင့်သာမန်အရပ်သားဘဝသို့ ပြန်လည်ပေါင်းစည်းခြင်းလုပ်ငန်းစဉ်၌ အကူအညီပေးခြင်းတို့ကို ရရှိလိုကြောင်းဆက်သွယ်ပြောဆိုခဲ့ကြသည်။ စစ်သားအချို့ကစစ်တပ် နှင့်သာမန်အရပ်သားဘဝတို့၏ကွာခြားမှုကြီးမားလှသည့်အတွက် ရပ်ရွာထဲရှိအခြားသောသူများ နှင့်ရောနှောနေထိုင်ခြင်း၊ ဆက်ဆံပြောဆိုခြင်းကဲ့သို့သော အတတ်ပညာတို့အပါဝင် ပြန်လည်ထူထောင်ရေးသင်တန်း နှင့်အထောက်အပံ့ကူညီမှု လိုအပ်နေကြောင်းဖွင့်ဟခဲ့ကြသည်။ ရှေ့တွင်ရင်ဆိုင်ကြုံတွေ့မည့် စိန်ခေါ်မှုအခက်အခဲများအား စစ်သားများကကြိုတင်တွက်ဆနေကြစဉ်တွင်၊ အများစုမှာမူ ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ်အားမ ည်သို့ပုံဖော်မြင်ယောင်ကြည့်ရမည်ကိုမရေရာဘဲရှိနေကြသည်။

**ပြန်လည်ပေါင်းစည်းရေး၌လိုအပ်သောထောက်ပံ့ကူညီမှု**

ယေဘုယျအားဖြင့်၊ (၃)နှစ်မှ (၅)နှစ်တာမျှရှည်ကြာသော ပြန်လည်ပေါင်းစည်းရေးထောက်ပံ့ကူညီမှု လိုအပ်လိမ့်မည်ဟုစစ်သားများကတင်ပြကြသည်။[8] ကူညီထောက်ပံ့ခြင်းသည်ငွေကြေးအထောက်အပံ့၊ စားနပ်ရိက္ခာဖူလုံမှု၊ အသက်မွေးဝမ်းကျောင်းမှုသင်တန်း၊ စီးပွားရေးအခွင့်အလမ်းနှင့်နေအိမ်ပံ့ပိုးမှုတို့ ပါဝင်သင့်ကြောင်း စစ်သားများကအကြံပြုခဲ့ကြသည်။ KNPPစစ်သားတစ်ဦးက

*"ကျွန်တော့်တို့ဘဝကိုပြန်စနိုင်ဖို့အနည်းဆုံး(၃)နှစ်လောက်တော့အကူအညီလိုအပ်တယ်။အစပိုင်းမှာတော့စားနပ်ရိက္ခာဖူလုံဖို့ထောက်ပံ့ပေးဖို့လိုတယ်။ဘာကြောင့်လဲဆိုတော့ကျွန်တော်တို့ပြန်တာနဲ့ချက်ချင်းသီးပင်စားပင်တွေကိုရိတ်သိမ်းလို့မရဘူးလေ။စိုက်ရပျိုးရဦးမှာ။"*

ဟုဖွင့်ဟပြောဆိုခဲ့သည်။

အတတ်ပညာကျွမ်းကျင်မှုကင်းမဲ့ခြင်း နှင့်ဆက်စပ်သောပူပန်စိုးရိမ်မှုများမှ တစ်ဆင့်အလုပ်အကိုင်အသစ်တို့ ရရှိကြရန်အကူအညီပေးနိုင်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းအား လိုလားကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ဥပမာအနေဖြင့် မြေနေရာခွဲဝေခြင်း၊ နှင့်စတင်စိုက်ပျိုးနိုင်ရန်မျိုးစေ့များ (သို့မဟုတ်) စိုက်ပျိုးရေးလုပ်ငန်းများလုပ်ဆောင်နိုင်ရန်ထွန်စက်များနှင့်စိုက်ပျိုးရေးကိရိယာများ စသည့်လိုအပ်သောအရင်းအနှီး မတည်နိုင်ရန်၊ မိမိတို့၌အကူအညီလိုအပ်ပုံကိုလည်း စစ်သားများသတိပြုမိခဲ့ကြသည်။ ရိတ်သိမ်းသီးနှံတို့မှ အကျိုးအမြတ်များကိုခံစားနိုင်ရန် အချိန်လိုအပ်မည်ကိုနားလည်သဘောပေါက်မိခဲ့ကြပြီး၊ ၎င်းကာလ အတွက် ထပ်လောင်းအထောက်အပံ့ကိုတောင်းဆိုခဲ့ကြသည်။

ကျန်းမာရေးစောင့်ရှောက်မှုပညာရေးနှင့်နိုင်ငံသားစိစစ်ရေးကဒ်ပြားအပါအဝင်အခြေခံဝန်ဆောင်မှုများလိုအပ်မှုကိုလည်းစစ်သားများကအသိအမှတ်ပြုခဲ့ကြသည်။ စစ်သားများသာမကသူတို့၏ ရပ်ရွာလူထုအသိုင်းအဝိုင်းတို့ နှင့်မိသားစုတို့အတွက် အခြေခံပညာရေးလိုအပ်ကြောင်း မှာလည်း ပြန်လည်ပေါ်ပေါက်လျက်ရှိသော အကြောင်းအရာတစ်ခုဖြစ်သည်။

*ကျွန်တော်တစ်ခါမှကျောင်းမှာစာမသင်ခဲ့ရဘူး။စစ်ပွဲတွေအမြဲတမ်းဖြစ်နေတော့ကျောင်းသွားဖို့စိတ်လည်းမရှိပါဘူး၊ ဒါပေမဲ့ကျွန်တော့်ရဲ့သမီးကိုတော့ပညာတတ်ကြီးဖြစ်စေချင်တယ်။ကျွန်တော့သားသာပညာတတ်မယ်ဆိုရင်တိုင်းရင်းသားလူမျိုးကောင်းကျိုးအတွက်အများကြီးလုပ်နိုင်တယ်။*

ဟုKNUတပ်သားတစ်ဦးက
ဖွင့်ဟပြောဆိုခဲ့သည်။KNPPမှစစ်သားတစ်ဦးကလည်းအလားတူခံစားချက်များအားဤသို့ရင်ဖွင့်ခဲ့သည်။

---

[8]ကြားသိခဲ့ရခြင်းနည်းပါးသော်လည်း
စစ်သားအချို့ကမိမိတို့ရပ်ရွာကိုပြန်ရမည့်အတွက်ပျော်ရွှင်ဝမ်းမြောက်ကြောင်းနှင့်မိမိတို့အတွက်ကိုယ်တိုင်တာဝန်ယူနိုင်ကြောင်းမည်သည့်အထောက်အပံ့ကိုမျှမျှော်လင့်ခြင်းမရှိ၊လိုအပ်ခြင်းမရှိကြောင်းပြောဆိုခဲ့ကြသည်။

*ကျွန်တော်ကစာမတတ်ဘူးဆိုတော့နေထိုင်စားသောက်ရေးအတွက်ဘယ်အလုပ်ပဲဖြစ်ဖြစ်လုပ်ဖို့ရှာရမယ်၊ကျွန်တော့်ကလေးတွေကိုတော့ပညာတတ်ဖြစ်စေချင်တယ်။သူတို့ကိုစာမတတ်ပေမတတ်မဖြစ်စေချင်ဘူး။*

စာသင်ကျောင်းကဲ့သို့သော ပညာရေးဆိုင်ရာအထောက်အကူပစ္စည်းများ၊ ကျန်းမာရေးအထောက်အကူများ (ကျန်းမာရေးစင်တာများနှင့်ကျန်းမာရေးစောင့်ရှောက်မှုခံစားခွင့်)၊နေအိမ်များ၊လမ်းများနှင့်မိမိတို့ကုန်ပစ္စည်းများရောင်းချရန်ဈေးများစသည်တို့ပါဝင်သော အခြေခံအဆောက်အအုံလိုအပ်ချက်များကိုလည်းစစ်သားများထံမှကြားခဲ့ရသည်။ “ကျွန်တော့်ဒေသမှာပိုပြီးကောင်းမွန်တိုးတက်တဲ့ကျောင်းတွေ၊ဆေးပေးခန်းတွေ၊လမ်းတွေနဲ့တံတားတွေရှိစေချင်ပါတယ်။ဒါမှအဲဒီအရာတွေကကျွန်တော်တို့အတွက်လွယ်ကူချောမွေ့အဆင်ပြေစေမှာပါ။ဒါကတော့တောင်းဆိုချက်တစ်ခုပါ” ဟု KNUစစ်သားတစ်ဦးက ထပ်မံသဘောတူပြောကြားခဲ့သည်။

သယံဇာတအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးမှာလည်း ပြန်လည်ပေါင်းစည်းရေးနှင့်ပတ်သက်သောလိုအပ်ချက်များနှင့်ပူပန်စိုးရိမ်မှုများအကြားထွက်ပေါ်ခဲ့သော အကြောင်းအရာခေါင်းစဉ်တစ်ရပ်ဖြစ်သည်။ သဘာဝသယံဇာတအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းရန် မိမိတို့ပြည်နယ်ရှိ သဘာဝသယံဇာတအရင်းအမြစ်တို့အားပိုင်ဆိုင်ထိန်းသိမ်းခွင့်သည် မိမိတို့ပြည်နယ်၌ဆက်လက်တည်ရှိရန် ၊နှင့်မိမိတို့ပြည်နယ်များအတွင်း ရှိသဘာဝသယံဇာတဖွံ့ဖြိုးရေးအား တိုင်းရင်းသားမျိုးနွယ်စုများက အကျိုးကျေးဇူးရရှိခံစားခွင့် ဆန္ဒအားထုတ်ဖော်ပြောကြားခဲ့သည်။ သူတို့ပြည်နယ်များအတွင်း နိုင်ငံတကာကုမ္ပဏီများက သယံဇာတအရင်းအမြစ်ဖော်ထုတ်ရေးတို့ကိုလုပ်ဆောင်နေကြခြင်း နှင့်ထိုစီမံကိန်းများမှရရှိသောအကျိုးအမြတ်ဝင်ငွေတို့အား သဘာဝသယံဇာတများထွက်ရှိသောပြည်နယ်ထံသို့ဦးတည်အသုံးပြုမှုမရှိခြင်းတို့အပေါ်စစ်သားများကစိုးရိမ်ပူပန်နေခဲ့ကြသည်။ရံဖန်ရံခါကြားရခြင်းမရှိသော်လည်း၊ မြေမြှုပ်မိုင်းများမြှုပ်နှံထားသောမြေနေရာများအားအနာဂတ်တွင်လယ်ယာစိုက်ပျိုးရေးအတွက်အသုံးပြုနိုင်ရန်မြေမြှုပ်မိုင်းများတူးဖော်ဖျောက်ဖျက်ရန်လိုအပ်မှုကိုရည်ရွယ်ပြောဆိုမှုအချို့လည်းရှိခဲ့သည်။

အဆုံးတွင်မူ မိမိတို့ပြည်နယ်များအတွင်း ဘဏ္ဍာရေးလုံခြုံမှုကို အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေလိုသောသဘောဆန္ဒကိုဖွင့်ဟပြောဆိုခဲ့ကြသည်။ စစ်သားအများအပြားကမိမိတို့၏ NSAGများထိုသို့သော လုပ်ဆောင်မှုများ၌ပါဝင်ပတ်သက်လုပ်ဆောင်ရန်တိုက်တွန်းအားပေးခဲ့ကြသည်။

## စိစစ်တွေ့ရှိချက်နှင့်ရှေ့ရှုဆောင်ရွက်ရန်အကြံပြုချက်များ

ဤစီမံကိန်းမှပေါ်ထွက်လာခဲ့သည့် လွှမ်းခြုံလျက်ရှိသောဦးတည်ရာတို့က NSAG အဖွဲ့ (၆)ဖွဲ့တို့မှစစ်သားများသည် ငြိမ်းချမ်းရေးဖော်ဆောင်ခြင်း နှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ လက်ငင်းရလဒ်တို့အပေါ် အဓိကပူပန်လျက်ရှိကြကြောင်းပြသလျက်ရှိသည်။ စစ်သားများသည် အခြားရွေးချယ်စရာစီးပွားရေးနှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများအပေါ်၌သာ ပူပန်ကြောင့်ကြနေကြမည်ဟု အများကထင်မြင်ယူဆခဲ့ကြသည်။ သို့ရာတွင် ဆန့်ကျင်ဖက်အားဖြင့် ခြေလျင်စစ်သားများ၏ ငြိမ်းချမ်းရေးနှင့်စစ်မှန်၍ရိုးသားမှုရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သာမက၊ ယုံကြည်မှုတည်ဆောက်ရန်လိုအပ်ချက် လိုလားသောဆန္ဒသဘောထားများ တွေ့ရှိခဲ့ရသည်။ စစ်သားများထံမှ သာမန်အရပ်သားဘဝသို့ပြန်လည်ပေါင်းစည်းရေး

နှင့်ပြန်လည်ပေါင်းစည်းရေးအတောက်အပံ့တို့နှင့်ပတ်သက်သောအကြောင်းအရာတို့ကိုကြားခဲ့ရသော်လည်း၊ ၎င်းအကြောင်းအရာတို့မှာသူတို့အတွက် ဦးစားပေးအဆင့်အနိမ့်ဆုံးတွင်သာရှိခဲ့ကြသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အားကောင်းစေသောနည်းလမ်းများအား စစ်သားများကအကြံပေးကြရာတွင် နိုင်ငံတကာမှ အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာမှု အဖွဲ့များလိုအပ်ခြင်း၊ ခေါင်းဆောင်များအကြား ပို၍ကောင်းမွန်သောဆက်သွယ်ဆက်ဆံရေး၊ စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအပြန်အလှန် ဆွေးနွေးပြောဆိုခြင်းများ မကြာခဏပြုလုပ်ရန်လိုအပ်ခြင်းတို့ပါဝင်ကြပြီး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်မှုနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်အောင်မြင်မှုအတွက် ခြေလျင်စစ်သားများ၏ ရင်းနှီးမြှုပ်နှံပါဝင်ကြမှုကို ပို၍လေးနက်ထင်ရှားစွာသရုပ်ပြလျက်ရှိသည်။ စစ်မြေပြင်၌တိုက်ခိုက်ရေးကဏ္ဍတွင် ပါဝင်လျက်ရှိကြသော စစ်သားများအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ရှေးဦးပဏာမအဆင့်တို့တွင်သာ ရှိနေသေးသည်ကိုလည်း ပြသလျက်ရှိသည်။ ထိုအချင်းအရာအားအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ချိုးဖောက်မှုအစီရင်ခံချက်များ နှင့်စစ်သားများ၏ ယုံကြည်မှုကင်းမဲ့ခြင်းရင်ဖွင့်ချက်တို့က ကျားကန်ထောက်ပံ့ ပေးလျက်ရှိသည်။

ပြန်လည်ပေါင်းစည်းရေး နှင့်သာမန်အရပ်သားဘဝသို့အသွင်ကူးပြောင်းပါက လိုအပ်မှုတို့ကိုဆွေးနွေးပြောဆိုရန် ခက်ခဲကြသည်။ အဘယ်ကြောင့်ဆိုသော် NSAGအဖွဲ့များ၏တိုက်ခိုက်ရေးတာဝန်ပြင်ပဘဝ(သို့မဟုတ်) ငြိမ်းချမ်းရေးရရှိခဲ့သောအခါ၌ ရွေးချယ်စရာကိစ္စရပ်တို့ကို ကြိုတင်တွေးဆထားခြင်းမရှိသလောက် နည်းပါးကြသောကြောင့်ဖြစ်လေသည်။ သာမန်အရပ်သားဘဝသို့ပြန်လည်ပေါင်းစည်းခြင်း (သို့မဟုတ်) ဖယ်ဒရယ်လုံခြုံရေးအင်အားစု တပ်မတော်သို့ပေါင်းစပ်ပါဝင်ခြင်း နှင့်ပတ်သက်သော ဆွေးနွေးမှုအများစုတို့မှာ စစ်မှန်သောငြိမ်းချမ်းရေးကိုရရှိခဲ့ခြင်းနှင့် အောင်မြင်စွာဖော်ဆောင်နိုင်ခဲ့ခြင်း ဟူသော ဟန်ဆောင်စိတ်ကူးယဉ်ယူဆချက် ကိုအခြေခံထားခြင်းဖြစ်လေသည်။ သာလွန်သော လွတ်လပ်စွာသွားလာလှုပ်ရှားခွင့် နှင့်လျော့နည်းသွားသောလူ့အခွင့်အရေးချိုးဖောက်မှုများကဲ့သို့သော တိုးတက်ကောင်းမွန်မှုများကို တင်ပြအစီရင်ခံခဲ့ကြသော်လည်း၊ ခြေလျင်တပ်သားများ၏အမြင်အရမူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည်အစပျိုးအဆင့်၌ သာရှိနေသေးပြီး၎င်း၏ရလဒ်အဖြေမှာရေရာမှုမရှိသေးပေ။

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ပျက်ပြားခြင်း အစီရင်ခံချက်များ နှင့်တိုင်းရင်းသားမျိုးနွယ်တို့၏ဒေသများတွင် တပ်မတော်တည်ရှိနေမှုအားလျော့ချစေလိုသောစစ်သားများ၏သဘောထားဆန္ဒတို့ကအဘယ်ကြောင့်စစ်သားများ၌မိမိတို့သက်ဆိုင်ရာ NSAGအဖွဲ့များအတွင်း တိုက်ခိုက်ရေးကဏ္ဍ၌ တာဝန်ထမ်းဆောင်ခြင်းမပါဝင်သော အနာဂါတ်ကိုတွေးဆမျှော်မှန်းကြည့်ခြင်းအား ခဲယဉ်းသောစိန်ခေါ်မှုအဖြစ်ယူဆကြခြင်းဖြစ်သည်။

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ချိုးဖောက်မှုအစီရင်ခံချက်များ နှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည်အစပျိုးအဆင့်၌သာရှိသေးသည် ဟုပြောကြားချက်များက တပ်ဖျက်သိမ်းရေးအစီအစဉ်များကို ထည့်သွင်းစဉ်းစားရန် စောလွန်းသေးသည် ဟူသောစစ်သားများ၏ခံစားချက်သဘောထားများကို အားပေးထောက်ခံလျက်ရှိသည်။ ခြေလျင်တပ်သားများဝေဌပြောကြားခဲ့သည့်သတင်းအချက်အလက်များအရ၊ တပ်ဖျက်သိမ်းရေးအစီအစဉ်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား လက်တွေ့ကျသောအမြင်အပေါ်အခြေခံပြုလုပ်ရမည်ဟု ရှင်းလင်းစွာသိရှိခဲ့ရသည်။

တို့အပြင်၎င်းအစီအစဉ်တို့သည် ထိပ်တန်းအဆင့်နိုင်ငံရေးအခြေအနေသာမက အစီအစဉ်များဦးတည်ရေးဆွဲခြင်း၊ နှင့်တပ်ဖျက်သိမ်းရေးနှင့်လက်နက်ဖျက်သိမ်းရေးအစပျိုးလှုပ်ရှားမှုတို့အား သဘောတူလက်ခံကြရမည့်ပုဂ္ဂိုလ်များ၏ စိန်ခေါ်မှုအခက်အခဲများနှင့်လိုအပ်ချက်များကိုဗဟိုပြုထားသောအခြေအနေအပေါ်ဆက်စပ်တွေးခေါ်ပြုလုပ်ထားသည့်စိစစ်လေ့လာတွေ့ရှိချက်တို့အပေါ်၌လည်းအခြေခံကြရမည်ဖြစ်သည်။

တပ်ဖျက်သိမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးအပေါ်စစ်သားများအတိုက်အခံခြင်းအား၊ စစ်သားများ သူတို့အနာဂါတ်များအပေါ် မြင်ယောင်တွေးဆရန်ခက်ခဲသည် ဟုသုံးသပ်တွေ့ရှိချက်နှင့်ပေါင်းစပ်လေ့လာကြည့်ပါက သတင်းအချက်အလက်ဝေငှရန်နှင့် အနာဂါတ်သူတို့၏ကိုယ်ပိုင်ပြန်လည်ပေါင်းစည်းရေးနှင့် တပ်ဖျက်သိမ်းရေး လုပ်ငန်းစဉ်များ၌ သူတို့ကိုယ်တိုင်တစ်စိတ်တစ်ပိုင်းအနေဖြင့် ပါဝင်နိုင်ကြရန်အတွက် စစ်သားများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းအား တိုးမြင့်ကြိုးပမ်းကြရန်လိုအပ်ချက်တို့ကို မီးမောင်းထိုးပြလျက်ရှိလေသည်။ မြန်မာပြည်ရှိများပြားသော စစ်သားအရေအတွက်တို့၏လိုအပ်ချက်များ နှင့်နစ်နာချက်များအား ကိုင်တွယ်ဖြေရှင်းရာ၌ ရှုပ်ထွေးခက်ခဲခြင်းသည် စစ်သားများပါဝင်ပတ်သက်ဆောင်ရွက်စေရန်၊ နှင့်လက်ရှိအခြေအနေနှင့် အနာဂါတ်အပေါ်သူတို့၏ အကြံဉာဏ်ယူဆချက်များ နှင့်နားလည်သဘောပေါက်မှုများကို ထည့်သွင်းစဉ်းစားရန်ပြဌာန်းတောင်းဆိုလျက်ရှိသည်။ မြန်မာပြည်ရှိစစ်သားတို့၏ တစ်ဘာသာထူးခြားလျက်ရှိသော ဆက်စပ်စဉ်းစားရမည့် အခြေအနေလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ဆန်းသစ်တီထွင်သောကိုင်တွယ် ဖြေရှင်းနည်းတို့ကိုဖော်ထုတ်ဖန်တီးကြရမည်ဖြစ်သည်။

နိဒါန်း၌ကောက်ကြောင်းဆွဲဖော်ပြသကဲ့သို့ပင် ခြေလျင်စစ်သားများသည်၂ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ချိတ်ဆက်ဆောင်ရွက်ရန် အရေးပါလှသောအုပ်စုတစ်စုဖြစ်ပြီး၊ စစ်ပုံသွင်းမှုအများစုခံကြရသော အုပ်စုဖြစ်ခြင်းကြောင့်လုပ်ငန်းစဉ်အတွင်း သူတို့အားထည့်သွင်းချိတ်ဆက်ဆောင်ရွက်မှုမရှိ (သို့မဟုတ်) လုံလောက်စွာ ကိုယ်စားပြုခြင်းမခံရဟုခံစားရပါက ဖျက်လိုဖျက်ဆီးပြုမည့်ပုဂ္ဂိုလ်များ ဖြစ်လာကြရန် အမြင့်ဆုံးသောအလားအလာ အချို့ရှိနေလေသည်။

စစ်သားတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် နှင့်တန်းတူအခွင့်အရေး တောင့်တခြင်းအား အသေးစိတ်ဖော်ပြသောအကြောင်းအရာခေါင်းစဉ်သည်၊ ပဋိပက္ခ၌ပါဝင်ပတ်သက်နေကြသော ခြေလျင်တပ်သား တစ်ဦးစီ နှင့် အုပ်စုများ၏ စိတ်ပါဝင်စားမှု၊ တွန်းအားပေးအရင်းခံအကြောင်းများအပေါ် ထိုးထွင်းအမြင်ရရှိစေသည်။ တန်းတူအခွင့်အရေးရရှိရန်တောင့်တချက်သည် NSAGအများစုအတွက်မူမြန်မာပြည်ရှိပဋိပက္ခသည်ဒီမိုကရေစီအရေး ရှန်းကန်လှုပ်ရှားမှုအားဗဟိုပြုခြင်းနှင့်ဆန့်ကျင်ဖက်၊ တန်းတူအခွင့်အရေး၊ အထူးသဖြင့်၊ သာတူညီမျှသောတိုင်းရင်းသားလူမျိုးစုအခွင့်အရေး တို့အတွက်ဖြစ်သည်ဟူသော အနေအထားရပ်တည်ချက်ကို အားဖြည့်ပေးလျက်ရှိသည်။

စစ်သားများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် နှင့်ကိုယ့်ကြမ္မာဖန်တီးခွင့်သဘောဆန္ဒကမ ခြေလျင်တပ်သားတို့အား သတင်းအချက်အလက်များပိုမိုပံ့ပိုးပေးရန် လိုအပ်ချက်ကိုထင်ရှားစေရန်သရုပ်ဖော်ပြလျက်ရှိသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်[9] တို့မှာလက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် လက်တွေ့ကျသောရလဒ်မဖြစ်နိုင်သကဲ့သို့၊ စစ်သားများအတွက်လက်တွေ့မဆန်ပဲ ပုံကြီးချဲ့ထားသော မျှော်လင့်ချက်များ ဖန်တီးစေသည့်အလားအလာရှိလေသည်။ ထိုသို့လက်တွေ့မဆန်သော မျှော်လင့်ချက်များသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တိုးတက်လာခဲ့ပြီး၊ ပဏာမအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အဆင့်များ ကိုကျော်လွန်သွားသော်လည်း၊ စစ်သားများ၏မျှော်လင့်ချက်များ ပြည့်ဝခြင်းမရှိခဲ့ပါက နောင်အနာဂါတ် တွင်တင်းမာမှုများကိုဖန်တီးနိုင်လေသည်။

ရာထူးအဆင့်မဲ့တပ်သားတို့အား သတင်းအချက်အလက်များဝေမျှ၍ နိုင်ငံရေးလုပ်ငန်းစဉ်တို့နှင့် ဖြစ်နိုင်ချေရှိသောရလဒ်တို့အပေါ် ယခင်ထက်ပို၍ သတင်းရရှိနားလည်သဘောပေါက်ခြင်းကိုဖြစ်စေကာ ၊ ပုံကြီးချဲ့မျှော်လင့်ချက်များကိုလျော့ပါးသက်သာအောင်ပြုလုပ်နိုင်လေသည်။ထိုသို့ပြုလုပ်ခြင်းသည်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်လက်ရှိပေါ်ပေါက်လျက်ရှိသောအဖြစ်အပျက်တို့နှင့်ပတ်သက်သောသတင်းအချက်အလက်များကိုပိုမိုရရှိလိုသည်ဟုကြားသိခဲ့ရသောစစ်သားများ၏ဆန္ဒကိုဖြည့်ဆည်းပေးလေသည်။

မိမိခေါင်းဆောင်များချမှတ်သောဆုံးဖြတ်ချက်များအားလိုက်နာမည်ဟူသောစစ်သားတို့၏ကတိပြုချက်မှာအပြုသဘောဆောင်သောရှာဖွေတွေ့ရှိချက်တစ်ရပ်ဖြစ်လေသည်။ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီးသတင်းအချက်အလက်များလုံလောက်စွာမရရှိသော်လည်း ၊ ခေါင်းဆောင်တို့အားသစ္စာရှိစွာလိုက်နာမည်ဟုဆိုကြခြင်းမှာ NSAG များအတွင်းယုံကြည်မှုရှိခြင်းနှင့်ခြေလျင်တပ်သားတို့၏လိုအပ်ချက်များအားခေါင်းဆောင်တို့ကကိုယ်စားပြုတင်ပြပြော ဆိုမည်ဟုယုံကြည်စိတ်ချမှုရှိခြင်းကိုသရုပ်ပြလျက်ရှိသည်။ NSAGအားလုံးမှတပ်သားတို့က သူတို့၏ ခေါင်းဆောင်များအားနာခံလိုက်နာရန် အခိုင်အမာကတိပြုသောအစီရင်ခံချက်များသည် သူတို့၏လိုအပ်ချက်များ ပြည့်ဝသရွေ့၊ NSAGခေါင်းဆောင်ပိုင်းတို့ ထိပ်တန်းအဆင့်ဆွေးနွေးပွဲများ၌ ချမှတ်မည်ဖြစ်သော အနာဂါတ်ဆုံးဖြတ်ချက်တို့အားခိုင်မာစွာစောင့်ထိမ်းမည်ဟူသည့်နိမိတ်လက္ခဏာပင်ဖြစ်သည်။

## အဖွဲ့များ၏ပြောဆိုချက်အကျဉ်းချုပ်များ

ဤအခန်းတွင်လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးအကြား၊ ကွဲပြားခြားနားချက်တို့ကိုလက်ခံအသိအမှတ်ပြု၍၊ စီမံကိန်းအတွင်းပူးပေါင်းပါဝင်ခဲ့ကြသော NSAG အသီးသီးထံမှကြားခဲ့ရသော အများသဘောတူ အကြောင်းအရာခေါင်းစဉ်တို့အားအကျဉ်းချုပ်ဖော်ပြထားပါသည်။

### မြန်မာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)

| |
|---|
| ဇယား၅။ ABSDF ခြေလျင်တပ်သားတို့ထံမှအများသဘောတူအဖြစ်ကြားသိခဲ့ရသောအကြောင်းအရာခေါင်းစဉ်များ |
| ၁။ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်ကိုလက်မှတ်ရေးထိုးရန်စောလွန်းသေးသည်။ |

[9]ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ဆိုသည်ကိုလွတ်လပ်သောပြည်နယ်
(သို့မဟုတ်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟုသဘောပေါက်ကြသည်။

၂။စစ်မှန်ခြင်းနှင့်ရိုးသားဖြောင့်မှန်သောငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ်အားတောင့်တဆန္ဒရှိသည်။

၃။ပို၍ပါဝင်ပတ်သက်စေခြင်းရှိသောငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ်နှင့်တစ်ပြည်လုံးအတိုင်းအတာအပစ်အခတ်ရပ်စဲရေးသဘောတူညီမှုတို့ကိုလိုအပ်သည်။

၄။မိမိကိုယ်ကိုကာကွယ်နိုင်ရန်စစ်မက်ရေးရာစွမ်းဆောင်ရည်ကိုဆက်လက်ထိန်းသိမ်းလိုသောဆန္ဒရှိသည်။

၅။ ABSDFအားနိုင်ငံရေးရာအရပါဝင်ပတ်သက်စေလိုသောဆန္ဒရှိသည်။

၆။ကူးသန်းရောင်းဝယ်ရေးဖွံ့ဖြိုးတိုးတက်မှု၌ပါဝင်ဆောင်ရွက်စေလိုသည်။

၇။အသက်မွေးဝမ်းကျောင်းမှုသင်တန်းကိုလိုလားသည်။

၈။စစ်မှန်သောငြိမ်းချမ်းရေးဆွတ်ခူးရရှိပါကသာမန်အရပ်သားဘဝသို့ပြန်လည်ပေါင်းစည်းရန် (သို့မဟုတ်) ဖယ်ဒရယ်လုံခြုံရေးတပ်၊တပ်မတော်သို့ပေါင်းစပ်ပါဝင်ရန်ဆန္ဒရှိသည်။

## ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်အားလက်မှတ်ရေးထိုးရန်စောလွန်းသေးခြင်း

ABSDFစစ်သားများထံမှကြားသိခဲ့ရသောအဓိကသတင်းစကားတစ်ခုမှာ မြန်မာအစိုးရနှင့်ငြိမ်းချမ်းရေးသဘောတူညီချက် လက်မှတ်ရေးထိုးရန်စောလွန်းနေသေးသည် ဟူသောအချက်ဖြစ်သည်။ ထိုခံစားချက်သည် အစိုးရအပေါ်ယုံကြည်မှုကင်းမဲ့ခြင်း နှင့်အပစ်အခတ်ရပ်စဲရေးပြိုပျက်ခဲ့သောအတိတ်ကာလနှင့်အတွေ့အကြုံတို့နှင့် ဆက်စပ်လျက်ရှိသည်။စ စ်သားအများအပြားက အပြုသဘောဆောင်ခြင်း သို့မဟုတ် အပျက်သဘောဆောင်ခြင်းဖြစ်သည်ဟုဆုံးဖြတ်ချက်မချသေးမီ၊ ထိုငြိမ်းချမ်းရေးလုပ်ငန်းစဉ်မည်သို့ဖွံ့ဖြိုးလာမည်ကို “စောင့်၍ကြည့်”ရန်ဆန္ဒရှိကြောင်း ဖွင့်ဟပြောကြားခဲ့ကြသည်။ သဘောတူညီချက်လက်မှတ်ရေးထိုးခြင်းအပေါ်ဖြစ်ပေါ်နေသော သံသယများသည် စစ်မှန်သောဒီမိုကရေစီဖော်ဆောင်နိုင်ခြင်းမရှိသေးဟူသောယုံကြည်ချက်နှင့်ဆက်စပ်လျက်ရှိသည်။

## စစ်မှန်၍ရိုးသားဖြောင့်မှန်ခြင်းရှိသောငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုကိုလိုလားခြင်း

အထက်တွင်ဖော်ပြခဲ့သောအကြောင်းအရာ (သဘောတူညီချက်အားလက်မှတ်ထိုးရန်စောလွန်းခြင်း)အားလုပ်ငန်းစဉ်နှင့် ပါဝင်ပတ်သက်သောပါတီအားလုံးတို့သည် ငြိမ်းချမ်းရေးလိုလားမှုအပေါ်စစ်မှန်သောစိတ်ထားရှိပြီး၊ လက်မှတ်ရေးထိုးထားသော သဘောချက်တို့အပေါ် မြဲမြံစွာစောင့်ထိန်းလိမ့်မည်ဟူသောမျှော်လင့်ချက်တို့ပေါင်းစပ်၍ကိုးကားပြောဆိုခဲ့ကြသည်။

စစ်သားများက စစ်မှန်သောငြိမ်းချမ်းရေးဖော်ဆောင်ရယူခြင်း၏ အရေးကြီးပုံကိုမီးမောင်းထိုးပြခဲ့ကြပြီး၊ ထိုငြိမ်းချမ်းရေးအား စစ်မှန်သောဒီမိုကရေစီပူးတွဲပါရှိသော ပဋိပက္ခရပ်ဆိုင်းပြီးဆုံးခြင်း နှင့်ဖယ်ဒရယ်စနစ်အုပ်ချုပ်မှု

ဟုအဓိပ္ပာယ်ဖွင့်ဆိုထားကြသည်။ အပြန်အလှန်ယုံကြည်မှုနှင့်လေးစားမှုရှိရန်လိုအပ်ပြီး၊ စစ်မှန်သောငြိမ်းချမ်းရေးရရှိနိုင်ရန်အတွက် ထိုအချက်များကမရှိမဖြစ်လိုအပ်ကြောင်း တို့ကိုလည်းစစ်သားများက ရှင်းပြခဲ့ကြသည်။ စကားဝိုင်းများတလျှောက်တွင် ABSDF တပ်သားတို့က သူတို့အလယ်နှင့် သူတို့နှင့်အစိုးရတို့အကြား ပိုမိုခိုင်မာသောဆက်ဆံရေးတို့ရှိရန်လိုအပ်ကြောင်းဖော်ထုတ်ပြောဆိုခဲ့ကြပြီး၊ ထိုဆက်ဆံရေးကနစ်ဖက်ပါတီတို့အား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ရိုးသားဖြောင့်မှန်မှုကို တွေ့မြင်သိရှိရန် အထောက်အကူပြုမည်ဖြစ်ပြီး၊ စစ်မှန်သောငြိမ်းချမ်းရေးရရှိဖော်ဆောင်ခြင်းမရှိသေးမီငင်းကဲ့သို့သော ဆက်ဆံရေးဦးစွာရှိရန်လိုအပ်လှပေသည်။

## ကျယ်ပြန့်စွာပါဝင်ပတ်သက်စေခြင်း နှင့် တပြည်လုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုတစ်ရပ်

လက်ရှိထက်ပို၍ ကျယ်ပြန့်စွာပါဝင်ပတ်သက်စေခြင်းရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ် လိုအပ်လျက်ရှိကြောင်းကိုစကားဝိုင်းများ အတွင်းတွင်စစ်သားများကမှတ်ချက်ချခဲ့ကြသည်။ စစ်သားများသည် ကျယ်ပြန့်စွာပါဝင်ပတ်သက်စေသော နိုင်ငံရေးအပြန်အလှန်ပြောဆိုဆွေးနွေးပွဲ၏ အရေးပါပုံ၊ နှင့်အစိုးရနှင့် NSAGs အားလုံးတို့အကြား တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုလိုအပ်လျက်ရှိသည် ဟုစစ်သားများကပြောဆိုခဲ့ကြသည်။ "တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ ၊ရပ်ရွာအခြေပြုအဖွဲ့အစည်းတွေ၊ အစိုးရ၊ တပ်မတော်နဲ့နိုင်ငံရေးပါတီတွေပူးပေါင်းပါဝင်ကြပြီး၊ လွှတ်တော်ပြင်ပမှာပြုလုပ်တဲ့ အားလုံးပါဝင်ပတ်သက်ခြင်း ရှိတဲ့နိုင်ငံရေး ဒိုင်ယာလောခ် ဆွေးနွေးပွဲတွေကတစ်ဆင့် စစ်မှန်တဲ့ငြိမ်းချမ်းရေးကို လက်လှမ်းမီ ရောက်ရှိစေနိုင်ပါလိမ့်မယ်"ဟုစစ်သားတစ်ဦးကရှင်းပြခဲ့သည်။

အစိုးရနှင့်လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့တို့အကြားဆွေးနွေးမှုပျက်ပြားပါက NSAGအတွက် အာမခံချက်ကိုဖန်တီးရာ၌ တစ်နိုင်ငံအတိုင်းအတာအပစ်အခတ်ရပ်စဲရေး၏ အရေးပါလှသောအခန်းကဏ္ဍကိုစစ်သားများက မီးမောင်းထိုးပြခဲ့ကြသည်။ ကျယ်ပြန့်စွာပါဝင်ပတ်သက်စေသော သဘောတူညီမှုသည် NSAGတို့၏အနေအထားက ို မြှင့်တင်စေမည်ဖြစ်သော်လည်း၊ အခြားသောပါတီတိုင်းထံသို့ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုအတွင်း ကတိပြုထားသောစည်းကမ်းချက်များကိုလိုက်နာဖြည့်ဆည်းရမည့်ဖိအားများသက်ရောက်စေလေသည်။

## မိမိကိုယ်ကိုကာကွယ်ရန်စစ်ဘက်ဆိုင်ရာစွမ်းရည်

ABSDFစစ်သားတို့ထုတ်ဖော်ပြောကြားခဲ့သော အကြောင်းအရာခေါင်းစဉ်တစ်ခုမှာ၊ မိမိကိုယ်ကိုယ်ကာကွယ်နိုင်ရန် စစ်ဘက်ဆိုင်ရာစွမ်းရည်ကိုထိန်းသိမ်းလိုသောဆန္ဒပင်ဖြစ်သည်။ ၎င်းဆန္ဒသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် စစ်သားများ၏ရေရာမှုမရှိသော သဘောထားနှင့်၎င်းလုပ်ငန်းစဉ်ရိုးသားမှုရှိ၊ မရှိကိုစောင့်ကြည့်ရမည် ဟူသောခံစားချက်တို့နှင့် ဆက်စပ်လျက်ရှိသည်။ စစ်သားများကABSDFအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပြိုပျက်မည့် အခြေအနေကြုံလာခဲ့ပါကရင်ဆိုင်နိုင်ရန်၊ စစ်ဘက်ဆိုင်ရာစွမ်းရည်ကို ထိန်းသိမ်းရန်လိုအပ်မှုကိုဆွေးနွေးခဲ့ကြပြီး၊ သာမန်အရပ်သားများအတွက် ပူပန်စိုးရိမ်မိကြောင်းနှင့်တိုက်ပွဲများဖြစ်ပွားပါက ပြည်သူလူထုတို့က အမြဲတစေထိခိုက်မှုအများဆုံးခံရကြောင်းကိုထုတ်ဖော်ပြောကြားခဲ့သည်။

## နိုင်ငံရေးဆိုင်ရာပါဝင်ပတ်သက်လှုပ်ရှားမှု

စစ်သားများဖော်ထုတ်ပြောကြားခဲ့သောအဓိကခေါင်းစဉ်အခြားတစ်ခုမှာ ABSDFအားနိုင်ငံရေးအရ ပါဝင်ပတ်သက်စေလိုသောဆန္ဒဖြစ်သည်။ ရှေ့ဆက်လှမ်းလျှောက်နိုင်ရန်အတွက် ABSDFခေါင်းဆောင်များ အနေဖြင့်နိုင်ငံရေး လှုပ်ရှားဆောင်ရွက်မှုများတွင် ပါဝင်ပတ်သက်လုပ်ဆောင်ရန်လိုပြီး၊ အနာဂါတ်ငြိမ်းချမ်းရေး သဘောတူညီမှုများနှင့် သူတို့တာဝန်ယူပါဝင်နိုင်ရချေရှိသည့် အခန်းကဏ္ဍများအတွက်ကြိုတင်ပြင်ဆင်ကြရန် လိုအပ်ကြောင်းကိုလည်း တပ်သားတို့ကဖွင့်ဟခဲ့ကြသည်။ ABSDFအားနိုင်ငံရေးနယ်ပယ်၌ ပါဝင်ပတ်သက် စေလိုသောဆန္ဒမှာ ထိုသို့ပါဝင်ပတ်သက်ခြင်းမရှိပါက အစိုးရနှင့်ပြုလုပ်သောအပြန်အလှန်ဆွေးနွေးခြင်း၊ ဒိုင်ယာလောခ်များနှင့် ညှိနှိုင်းဆွေးနွေးခြင်းများ၌ ပါဝင်ပတ်သက်ချိတ်ဆက်လုပ်ဆောင်ကြသောအခြားသော NSAGအဖွဲ့တို့နှင့်နှိုင်းယှဉ်လျှင် အားနည်းချက်များကိုကြုံတွေ့ရနိုင်မည်ဟူသောပူပန်စိုးရိမ်မှုကယှဉ်တွဲလျက်ရှိသည်။

## ကူးသန်းရောင်းဝယ်ရေးဖွံ့ဖြိုးတိုးတက်မှု

ABSDFခြေလျင်တပ်သားတို့နှင့်ပြုလုပ်ခဲ့သော စကားဝိုင်းများတွင်၊ ABSDFခေါင်းဆောင်တို့အား ကူးသန်းရောင်းဝ ယ်ရေး ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများ၌ ပါဝင်ပတ်သက်စေလိုသော ဆန္ဒကိုထင်ဟပ်ပြသခဲ့သည်။ စစ်သားများက သူတို့၏အနာဂါတ်အတွက် ပူပန်မိကြောင်းနှင့် စီးပွားရေးအရလုံခြုံမှုရှိစေမည့် အခြားရွေးချယ်စရာနည်းလမ်းများအား ရှာဖွေဖော်ထုတ်ရန်လိုအပ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးပါက တိုင်းတစ်ပါးရောက်ABSDFအဖွဲ့တို့ထံမှ ထောက်ပံ့ကြေးအနည်းငယ်မျှသာ ရရှိတော့မည်ဖြစ်ကြောင်း ပူပန်မှုများရှိနေကြသည်။

## ပြန်လည်ပေါင်းစည်းရေး(သို့မဟုတ်)ဖယ်ဒရယ်လုံခြုံရေး

စစ်သားများသည် ABSDFမှသူတို့အားလိုအပ်ခြင်းမရှိတော့ပါက သာမန်အရပ်သားဘဝသို့ပြန်လည်ပေါင်းစည်းခြင်း သော်လည်းကောင်း၊ သို့မဟုတ်ပါက ဖယ်ဒရယ်လုံခြုံရေးတပ်အတွင်းသို့သော်လည်းကောင်း၊ ပေါင်းစပ်ပါဝင် လိုကြောင်းကို အခိုင်အမာပြောဆိုခဲ့ကြသည်။ သို့သော် ဖယ်ဒရယ်လုံခြုံရေးတပ်၌ ပေါင်းစပ်ပါဝင်ရန် ဆန္ဒရှိသည်ဟုဆိုခဲ့ကြသော စစ်သားများကမိမိတို့ကို ABSDFမှမလိုအပ်တော့ချိန်နှင့် စစ်မှန်သော ဒီမိုကရေစီရရှိပြီးချိန်မှသာ ထိုသို့ပါဝင်ခြင်းကိုပြုလုပ်ကြမည်ဟုအလေးပေးပြောကြားခဲ့ကြသည်။

## ပြန်လည်ပေါင်းစည်းမှုရွေးချယ်စရာများ

သာမန်အရပ်သားဘဝသို့ပြန်လည်ပေါင်းစည်းနိုင်ရန် (သို့မဟုတ်) အခြားရွေးချယ်စရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၌ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်သောကျွမ်းကျင်မှုများ မပိုင်ဆိုင်သည် ကိုစစ်သားများက စိုးရိမ်လျက်ရှိကြသည်။ ၎င်းအသွင်ကူးပြောင်းမှုဖြစ်ပေါ်စေရန် အခြားရွေးချယ်စရာ အသက်မွေးဝမ်းကျောင်းသင်တန်း နှင့်ပညာရေးတို့ကိုလိုအပ်ကြောင်းကိုလဲသတိပြုမိခဲ့ကြသည်။

စကားဝိုင်းများ၌ပူးပေါင်းပါဝင်ခဲ့ကြသော စစ်သားအများစုကသာမန်အရပ်သားဘဝသို့ ပြန်လည်ပေါင်းစည်းပါက မည်သည့်အသက်မွေးဝမ်းကျောင်း (သို့မဟုတ်)စီးပွားရေး လုပ်ငန်းတို့ လုပ်ကိုင်မည် ဟူ၍တိကျစွာ ရှင်းပြနိုင်ခြင်းမရှိကြသော်လည်း၊ သင်တန်းများ နှင့်သူတို့၏မိသားစုများအား စောင့်ရှောက်နိုင်ရန်၊ အထောက်အပံ့များ လိုအပ်ကြောင်းပြောကြားခဲ့ကြသည်။

## ထပ်ဆင့်စီစဥ်တွေ့ရှိချက်

မြန်မာပြည်ရှိအခြားသော NSAGတိုင်းနှင့်ကွဲပြားချက်မှာ၊ ABSDFသည်မျိုးနွယ်စုတစ်စုကို အခြေပြုဖွဲ့စည်းထားခြင်း မဟုတ်ပေ။ ထိုအတွက်ကြောင့် ခြေလျင်စစ်သားတို့ထံမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့် နှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် လိုအပ်ချက်တို့အား၊ ဤအဖွဲ့များ၊ စစ်သားများထံမှ မကြားရခြင်းဖြစ်သည်။၎င်းအစား ABSDFခြေလျင်တပ်သား တို့ကစစ်မှန်သောဒီမိုကရေစီရရှိရန်လိုအပ်မှုသာမက၊ တိုင်းရင်းသားလူမျိုးစုတိုင်းအတွက် တန်းတူအခွင့်အရေး လိုအပ်မှုတို့ကိုသာပြောကြားခဲ့ကြသည်။

ABSDFစစ်သားများနှင့်ပြုလုပ်ခဲ့သော စကားဝိုင်းများတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နှင့်နိုင်ငံရေးလုပ်ငန်းစဉ် တို့နှင့်ပတ်သက်၍ သိသာထင်ရှားသောပမာဏရှိသည့် အသိအမြင်ဗဟုသုတရှိကြောင်း ကိုနားထောင်ခြင်းအဖွဲ့တို့မှ လေ့လာတွေ့ရှိခဲ့ကြသည်။ ထိုအချင်းအရာက ဤသုတေသနတွင်ပါဝင်ခဲ့ကြသည့်အခြားသော NSAGများမှ စစ်သားတို့နှင့်ခြားနားလျက်ရှိနေသည်။ အခြားNSAGတို့နှင့်စကားပြောခဲ့ကြသော နားထောင်ခြင်းအဖွဲ့တို့က စစ်သားများ၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နိုင်ငံရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဗဟုသုတအနည်းအကျဉ်း (အကန့်အသတ်မျှ)သာရှိကြောင်းမှတ်တမ်းတင်ခဲ့ကြလေသည်။ ABSDFေ ခြလျင်စစ်သားများနှင့် ABSDFခေါင်းဆောင်တို့အကြား လိုလားတောင့်တချက်များ ညီညွတ်တိုက်ဆိုင်လျက်ရှိသည်ကိုလည်း နားထောင်ခြင်းအဖွဲ့တို့ကဂရုပြုမိခဲ့ကြသည်။

## ချင်းအမျိုးသားတပ်ဦး (CNF)

| ဇယား၆။ CNFခြေလျင်တပ်သားတို့ထံမှ အများသဘောတူအဖြစ်ကြားသိခဲ့ရသော အကြောင်းအရာခေါင်းစဉ်များ |
|---|

၁။ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်အပြုသဘောဆောင်သောခံစားချက်သဘောထားများ

၂။ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကတိုးမြှင့်လွတ်လပ်ခွင့်နှင့်လူ့အခွင့်အရေးတို့ကိုဖြစ်ပေါ်စေသည်။

၃။ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်းရိုးသားဖြောင့်မှန်ခြင်းကိုလိုလားဆန္ဒရှိသည်။

၄။တပ်ဖျက်သိမ်းရေးကိုထည့်သွင်းစဉ်းစားရန်စောလွန်းသေးသည်။

၅။ပြန်လည်ပေါင်းစည်းရေးကူညီထောက်ပံ့မှုကိုလိုလားသည်။

၆။ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖျက်ပြားလိမ့်မည်ဟုပူပန်စိုးရိမ်သည်။

၇။ယုံကြည်မှုတည်ဆောက်ရန်လိုအပ်သည်။

၈။အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်စစ်ဆေးမှုကော်မတီလိုအပ်သည်။

၉။ချင်းပြည်နယ်အတွင်းနေထိုင်ကြသူတို့အကြားစည်းလုံးညီညွတ်မှုရှိရန်လိုသည်။

### *ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်အပြုသဘောဆောင်သောအမြင်*

စကားဝိုင်းများတစ်လျှောက် CNFခြေလျင်တပ်သားတို့ထံမှကြားသိခဲ့သော ခိုင်မာမှုအရှိဆုံးအကြောင်းအရာခေါင်းစဉ်တစ်ရပ်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်မြဲမြံစွာထားရှိသော အပြုသဘောဆောင်သည့်အကြံဉာဏ်ယူဆချက်ပင်ဖြစ်သည်။ နားထောင်ခြင်းစကားစမြည်ဝိုင်းများက ခြေလျင်တပ်သားများအကြားငြိမ်းချမ်းရေးအပေါ်ပြင်းပြစွာဆန္ဒရှိမှုကိုမီးမောင်းထိုးပြခဲ့ပြီး "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မရှိတာနဲ့ စာရင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ်ရှိနေတာကအများကြီးကောင်းတာပေါ့" ဟုစစ်သားတစ်ဦးကပြောပြခဲ့သည်။ ပဋိပက္ခနှင့်အကြမ်းဖက်မှုများ မှကင်းလွတ်စေခြင်းကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အားကြိုဆိုလက်ခံကြောင်းကိုစစ်သားများကညွှန်ပြပြောဆိုခဲ့ပြီး၊ "တိုက်ခိုက်နေရတာထက်စာရင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုရှိတာကအရမ်းကောင်းတာပေါ့ဟု"စစ်သားတစ်ဦးကမှတ်ချက်ချခဲ့သည်။ စစ်သားအများစုက ဤလုပ်ငန်းစဉ်သည်ပို၍ငြိမ်းချမ်းသောအနာဂါတ်တစ်ခုကို ယူဆောင်လာမည်ဟုမျှော်လင့်လျက်ရှိကြသည်။

### သာလွန်သောလွတ်လပ်ခွင့်နှင့်လူ့အခွင့်အရေး

စစ်သားအများစုက လွတ်လပ်ခွင့် နှင့်လူ့အခွင့်အရေးတို့တိုးမြှင့်ရရှိမှု နှင့်ပတ်သက်၍ပြောဆိုခဲ့လျက်ရှိကြပြီး၊ ၎င်းကငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အပြုသဘောဆောင်သော သူတို့၏အမြင်များအတွက် အထောက် အပံ့ဖြစ်စေ

လေသည်။ စစ်သားအများအပြားက ခရီးသွားလာရေးကန့်သတ်ဟန့်တားချက် လျော့နည်းသွားခြင်း နှင့်ရပ်ရွာအတွင်းအကြမ်းဖက်မှုများ လျော့ကျသွားခြင်းတို့ကိုထောက်ပြခဲ့ကြသည်။ အခြားသူတို့ကမူရပ်ရွာလူထုတို့၌ လုံခြုံအေးချမ်းမှုပိုမိုခံစားရရှိခြင်းအပါအဝင်လူ့အခွင့်အရေးတို့ကိုသာလွန်ကောင်းမွန်စွာအကျိုးကျေးဇူးခံစားရကြောင်း အသိအမှတ်ပြုကြသည်။

ထိုသို့သောအပြုသဘောဆောင်သော တိုးတက်ဖွံ့ဖြိုးမှုများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုသာမက မြန်မာနိုင်ငံတွင်စစ်မှန်သော ငြိမ်းချမ်းရေးရရှိရန်ပံ့ပိုးကူညီနိုင်သော ၎င်း၏အလားအလာတို့ကိုလက်ခံနိုင်မှုအပေါ် တွန်းအားပေးလျှ့ဆော်လျက်ရှိသည်ဟုစစ်သားများကတင်ပြခဲ့ကြသည်။

## ရိုးသားဖြောင့်မှန်ခြင်းရှိသောငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ်လိုအပ်ခြင်း

စစ်သားများကငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများကို အသိအမှတ်ပြုလျက်ရှိကြစဉ်၊ အချို့ကမူအဆိုပါ အကျိုးကျေးဇူးများက မည်မျှရှည်ကြာစွာတည်တံ့နိုင်မည့်အပေါ် ပူပန်လျက်ရှိကြကြောင်းကိုဖွင့်ဟပြောကြားခဲ့ကြသည်။ အတိတ်ကာလ၌ငြိမ်းချမ်းရေး သဘောတူညီ မှုများပြိုပျက်ခဲ့မှုတို့အပြင်၊ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု၏ ကဏ္ဍအားလုံးတို့ကို လိုက်နာ ဆောင်ရွက် ခြင်းမရှိဟူသော အစီရင်ခံချက်များက မြန်မာအစိုးရအပေါ်ယုံကြည်မှုကင်းမဲ့သေ ၁သဘောထားလုပ်ငန်းစဉ်အတွင်း၌ ရိုးသားဖြောင့်မှန်မှုရှိရမည်ဟူသော ခိုင်မာသည့်သဘောထားတို့ကိုဖန်တီးလေသည်။

"တပ်မတော်က ကျွန်တော်တို့လတ်တလော လက်မှတ်ရေးထိုးထားတဲ့ သဘောတူညီချက်တွေကို မလိုက်နာဘူး။ အဲဒီတော့နောက်ထပ်သဘောတူညီချက်အသစ်တွေလက်မှတ်ထိုးတဲ့အခါ ၊လိုက်နာလိမ့်မယ် ဆိုတာကိုဘယ်လို ယုံကြည်လို့ရမလဲ။"ဟု စစ်သားတစ်ဦးကဆိုခဲ့သည်။

စကားစမြည်ဝိုင်းများအတွင်း၌စစ်သားများက အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု၌ အသေးစိတ်ဖော်ပြထားသော အချက်များအားအကောင်အထည်ဖော်ဆောင်ရာ၌ ခက်ခဲမှုရှိကြောင်း၊ နှင့်တပ်မတော်ဘက်မှ သဘောတူညီမှု ချိုးဖောက်ခဲ့ကြောင်း တို့ကိုတင်ပြခဲ့ကြသည်။ ၎င်းအခြေအနေတို့ကငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ယုံကြည်မှုကင်းမဲ့စေရန်အားဖြည့်ပေးကြောင်းကိုရှင်းပြခဲ့ကြပြီး၊ ယုံကြည်မှုတည်ဆောက်ရန် လိုအပ်ပုံကိုလည်း အလေးပေးပြောကြားခဲ့ကြသည်။

## တပ်ဖျက်သိမ်းရန်စောလွန်သေးခြင်း

စစ်သားများက တပ်ဖျက်သိမ်းခြင်းကိုထည့်သွင်းစဉ်းစားရန် စောလွန်းသေးသည်ဟုခံစားမိကြသည်။ စကားစမြည်ဝိုင်းများတစ်လျှောက်တွင် CNFခြေလျင်စစ်သားတို့သည် ချင်းပြည်နယ်လုံခြုံရေးအတွက ်ချင်းပြည်နယ်တပ်မတော်ကိုဆက်လက်ထိန်းသိမ်းထားရှိသင့်သည်ဟု ယုံကြည်ကြောင်းပြောကြားခဲ့ကြသည်။ CNF ဆက်လက်တည်ရှိနေမှုသည် အနာဂါတ်တည်ငြိမ်မှုရှိစေရန်အတွက် အရေးပါလှသောလိုအပ်ချက်ဖြစ်ကြောင်း ကိုစစ်သားအမြောက်အများကတင်ပြခဲ့ကြပြီး၊ ထိုအချင်းအရာသည်သာမန်အရပ်သားဘဝသို့ ပြန်လည်ပေါင်းစည်းရေး ကိုထည့်သွင်း စဉ်းစားရမည်ဆိုပါကလိုက်နာဆောင်ရွက်ရမည့်သတ်မှတ်ချက်တစ်ခုအဖြစ်ထောက်ပြခဲ့ကြသည်။

စစ်သားအများအပြားက CNFအနေဖြင့် ကိုယ်ပိုင်စစ်အင်အားကို ထိန်းသိမ်းနိုင်ပြီး၊ စစ်သားများ တာဝန်ထမ်းဆောင်ရန်လိုအပ်ခြင်းမရှိမှသာ နေရပ်သို့ပြန်ရန်စဉ်းစားကြမည်ဖြစ်ကြောင်းကို ပြောကြားခဲ့ကြသည်။ ထိုကဲ့သို့သောအခြေအနေနှင့်ဆက်စပ်၍ "မြန်မာအစိုးရလက်အောက် နှင့်လွတ်လပ်မှုမရှိ" ဟုယူဆကြ၍ နိုင်ငံတော်လုံခြုံရေးအင်အားစု၌ ပါဝင်ထမ်းဆောင်ခြင်းထက် သာမန်အရပ်သားအဖြစ်သို့ ပြန်လည်ပေါင်းစပ်ပါဝင်ခြင်းကိုသာ ပြုလုပ်လိုကြောင်း အလေးအနက်ထားပြောကြားခဲ့ကြသည်။ "ချင်းပြည်နယ်ကို ကာကွယ်ဖို့ အတွက်ချင်းတပ်မတော်တစ်ခုရှိသင့်တယ်လို့ ကျွန်တော်တို့အပြည့်အဝယုံကြည်တယ်။ နယ်စပ်စောင့်ကြပ်ရေးတပ်ဆိုတာမျိုး ကိုကျွန်တော်တို့လက်မခံပါဘူး။ ဖယ်ဒရယ်ပြည်ထောင်စုတစ်ခုရရှိပြီး၊ ချင်းပြည်နယ်ကိုကာကွယ်ဖို့ ချင်းတပ်မတော်ကို ရမည်ဆိုရင်တော့ သာမန်အရပ်သားဖြစ်ရမည် ဆိုရင်လည်း ကျွန်တော်တို့ကအဆင်ပြေပါတယ်"ဟုစစ်သားတစ်ဦးမှကောက်ချက်ချခဲ့သည်။

ပြန်လည်ပေါင်းစည်းရေးအထောက်အပံ့

သာမန်အရပ်သားဘဝသို့ပြန်လည်ပေါင်းစည်းခြင်းအား မြင်ယောင်တွေးစရာတွင်၊ CNFခြေလျင်တပ်သားအများစုက အထောက်အပံ့အမှန်တကယ်လိုအပ်သည်ကိုထုတ်ဖော်ပြောကြားခဲ့ပြီး၊ တိုက်ခိုက်ရေးကဏ္ဍ၌နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ပြီးနောက် သာမန်အရပ်သားဘဝသို့အသွင်ကူးပြောင်းရာ၌ အခက်အခဲကြုံတွေ့နိုင်ကြောင်းကို အလေးပေးပြောကြားခဲ့သည်။ အစိုးရသို့မဟုတ် လက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်တို့၏ အားပေးကူညီမှုဖြင့် အောင်မြင်သောပြန်လည်ပေါင်းစည်းရေးကို အကောင်ထည်ဖော်ဆောင်နိုင်မည်ဟု စစ်သားများကအကြံပြုကြသည်။ စစ်ဖက်ဆိုင်ရာအသက်မွေးမှုလုပ်ငန်းမှအပကျွမ်းကျင်မှုအတတ်ပညာနှင့်အသိပညာဗဟုသုတကင်းမဲ့မှုတို့ကအခြားေ သာနေထိုင်မှုဘဝပုံစံသို့ ကူးပြောင်းတည်ထောင်ရာ၌ခက်ခဲစေမည်ဖြစ်သည် ဟုထင်မှတ်လျက်ရှိကြောင်းကို ပြောဆိုခဲ့ကြသည်။ "ကျွန်တော်တို့ (ပြန်လည်ပေါင်းစည်းရေးအထောက်အပံ့) တကယ်လိုချင်ပါတယ်။ ကျွန်တော်တို့မိသားစုတွေနဲ့ကောင်းတဲ့ဘဝမှာအခြေချနိုင်မယ်ဆိုရင် ဘယ်အလုပ်မျိုးဖြစ်ဖြစ်လက်ခံပါတယ်။ ဒါပေမဲ့ကျွန်တော်တို့ကဘဝကိုသုညကနေပြန်စရမှာဖြစ်လို့၊ ထောက်ပံ့ကူညီမှုရနိုင်မယ်ဆိုရင်တော့ ကျွန်တော်တို့က လက်ခံမှာပါ။" ဟုစစ်သားတစ်ဦးကမှတ်ချက်ချခဲ့သည်။

CNFခြေလျင်တပ်သားတို့အကြား တွင်ပြန်လည်ပေါင်းစည်းရေးထောက်ပံ့ကူညီမှုသည် အခြားရွေးချယ်စရာ စီးပွားရေးဆိုင်ရာလုံခြုံမှုကို ပံ့ပိုးပေးသင့်သည်ဟူသောပျံ့နှံ့လျက်ရှိသည့် သဘောတူဆန္ဒတစ်ရပ်ရှိလေသည်။ "စီးပွားရေးတစ်ခုစလုပ်ဖို့အတွက်၊ အစိုးရစီကအထောက်အပံ့လိုအပ်တယ်။ ဒါမှမဟုတ်ရင်ဓားပြ လုပ်စားရလိမ့်မယ်"ဟု စစ်သားတစ်ဦးက တင်ပြခဲ့သည်။ ကမ်းလှမ်းပေးအပ်သင့်သော အထောက်အပံ့အမျိုးအစား၌ဘဏ္ဍာရေး အထောက်အပံ့၊ အတတ်ပညာကျွမ်းကျင်မှုသင်တန်း နှင့်ပညာရေးတို့ပါဝင်လေသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပြိုပျက်လိမ့်မည်ဟူသောပူပန်ချက်

စကားဝိုင်းအားလုံးတို့မှထွက်ပေါ်လာခဲ့သော နောက်ထပ်အကြောင်းအရာ ခေါင်းစဉ်တစ်ခုမှာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ပြိုပျက်မည်ဟူသော ပူပန်ကြောင့်ကြချက်ဖြစ်သည်။ လုပ်ငန်းစဉ်အား အားနည်းယုတ်လျော့စေခြင်း နှင့် ထိပ်တန်းတပ်မတော် ခေါင်းဆောင်တို့အကြား အာဏာပြိုင်ဆိုင်မှုများ နှင့်လာမည့်၂၀၁၅ရွေးကောက်ပွဲ၌

ခေါင်းဆောင်ပိုင်းပြောင်းလဲလာနိုင်ချေများ အပါအဝင် မြန်မာ့ငြိမ်းချမ်းရေး တည်ဆောက်ရခြင်းအပေါ် ခြိမ်းခြောက်ခြင်းတို့ပြုလုပ်မည့်ပွဲဖျက်သူအများအပြားရှိကြောင်း ကိုထောက်ပြခဲ့သည်။ စစ်သားများက အစိုးရပြောင်းလဲသည့်လုပ်ငန်းစဉ်အား နှောင့်နှေးစေမည်ဟု ထင်မြင်ကြပြီး၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြိုပျက်ခြင်း (သို့မဟုတ်) ဆိုင်းငံ့ထားခြင်းတို့ဖြစ်ပွားပါက ပြန်လည်စတင်ဆောင်ရွက်ရန်ခက်ခဲလိမ့်မည်ဟုထုတ်ဖော်ပြောဆိုခဲ့ကြသည်။

## ယုံကြည်မှုတည်ဆောက်ခြင်း

ယုံကြည်မှုတည်ဆောက်ရန်လိုအပ်မှုကို CNFခြေလျင်တပ်သားတို့နှင့်ပြုလုပ်ခဲ့သော နားထောင်ခြင်း စကားဝိုင်းတိုင်းက အားပေးထောက်ခံခဲ့ကြသည်။ ယုံကြည်မှုကင်းမဲ့ခြင်းက ချင်းပြည်နယ်ကိုကာကွယ်ရန်စစ်ရေးအရပြင်ဆင်မှုများ ဆက်လက်ပြုလုပ်ရန်လိုအပ်မှုကို လှုံ့ဆော်တွန်းအားပေးလျက်ရှိသည် ဟုစစ်သားအမြောက်အများက ပြောကြားခဲ့သည်။ အတိတ်မှ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ပျက်ပြားမှုများ နှင့်လက်ရှိ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု၌ သဘောတူထားခဲ့သည့် အချက်များအား ချိုးဖောက်ခံရမှုတို့က ယုံကြည်မှုကင်းမဲ့စေ၍ CNFနှင့်မြန်မာအစိုးရအကြားယုံကြည်မှု တည်ဆောက်ရန်တောင့်တချက် ကိုတွန်းအားပေးလှုံ့ဆော်ခဲ့သည်။ “ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲမှာ စိုးရိမ်ရတာကတော့အစိုးရကိုပဲ။ အစိုးရကိုကျွန်တော်တို့ မယုံကြည်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရဲ့သဘောတူညီမ ှုတွေကိုအစိုးရကမကြာခဏချိုးဖောက်ခဲ့တယ်” ဟုတပ်သားတစ်ဦးကဆိုခဲ့သည်။ယုံကြည်မှုကင်းမဲ့ခြင်းသည်အစိုးရနှင့် CNFအကြားပိုမိုတည်ငြိမ်၍ ထိရောက်မှုရှိသော ငြိမ်းချမ်းရေးစေ့စပ်ညှိနှိုင်းမှုများပြုလုပ်ရာ၌ အတားအဆီးတစ်ခု ဖြစ်သည်ဟု စစ်သားများက ညွှန်ပြခဲ့ကြသည်။

## အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်စစ်ဆေးမှု ကော်မတီ

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်းယုံကြည်မှုနှင့် စစ်မှန်ရိုးသားမှုတည်ဆောက်ရန်အတွက် အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်စစ်ဆေးမှုကော်မတီတစ်ခုတည်ထောင်ရမည်ဟု CNFခြေလျင်တပ်သားတို့က အကြံပြုခဲ့ကြသည်။ စစ်သားအမြောက်အမြားက ငြိမ်းချမ်ရေးသဘောတူညီချက်များမှ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ခြင်း ပြဿနာများအပေါ်စိုးရိမ်ပူပန်ကြောင်း ကိုဖွင့်ဟပြောဆိုခဲ့ပြီး၊ ပဋိပက္ခဖြစ်ပွားလျက်ရှိသောပါတီများ အကြားဖျန်ဖြေပေးရန်နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်၌ ကတိပြုထားသောစည်းကမ်းချက်များအား ပြည့်ဝစွာအကောင်အထည်ဖော်ခြင်းကို သေချာစေရန်ကော်မတီတစ်ခုလိုအပ်ခြင်းကို အလေးထားပြောကြားခဲ့သည်။ ခြေလျင်စစ်သားအတော်များများတို့က “သွက်လက်ထက်မြက်သောငြိမ်းချမ်းရေး စောင့်ကြည့်စစ်ဆေးရေးအဖွဲ့”သည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်းထည့်သွင်းပါဝင်စေရမည့် အရေးကြီးဆုံးအရာဖြစ်ကြောင်း ယုံကြည်ချက်ကိုထုတ်ဖော်ပြောဆိုခဲ့သည်။ ၎င်းအဖွဲ့သည်ငြိမ်းချမ်းရေးသဘောတူညီချက်များအား တည်မြဲစေရန် ဖျက်လိုဖျက်ဆီးပြုမည့်အခွင့်အလမ်း (သို့မဟုတ်) စေ့စပ်ညှိနှိုင်းရေးပွဲများဆိုင်းငံ့နှောင့်နှေးရေးအား လျော့ကျစေရန် အထောက်အကူပြုမည့်အဖွဲ့အဖြစ်စစ်သားများကသရုပ်ဖော်ပြောဆိုခဲ့သည်။

CNFတပ်သားတို့သည် အပစ်အခတ်ရပ်စဲရေး ကော်မတီတစ်ခုက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အားခိုင်မာစေရန် အားဖြည့်ပေးပြီးပဋိပက္ခ၌ပါဝင်သောပါတီများအားသဘောတူညီချက်များကိုလိုက်နာထိန်းသိမ်းစေရန်ဖိအားပေး၍ပြည်တွင်းရှိငြိမ်းချမ်းရေးဖွဲ့စည်းပုံများကို အင်အားဖြည့်ပေးနိုင်မည်ဟုယုံကြည်ကြသည်။” ကျွန်တော်တို့က နိုင်ငံတကာကနေ CPCSတို့၊ တခြားလူထု အခြေပြုပါဝင်လှုပ်ရှားဆောင်ရွက်တဲ့ သူတွေကငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဖို့အတွက် CNFနှင့် အစိုးရနှစ်ဖက်လုံးကို ဖိအားပေးစေချင်တယ်။ စစ်မှန်တဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်ခုကိုရရှိစေချင်တယ်ဆိုရင်တော့ အဲဒီလုပ်ငန်းစဉ်ဟာအားလုံးကို ပါဝင်ပတ်သက်စေနိုင်မှဖြစ်မယ်”ဟုစစ်သားတစ်ဦးက အခိုင်အမာဆိုခဲ့သည်။ အပစ်အခတ်ရပ်စဲရေ စောင့်ကြည့်စစ်ဆေးမှု ကော်မတီမှာ လူထုအခြေပြုလှုပ်ရှားဆောင်ရွက်သူများ နှင့်ဘာသာရေးအဖွဲ့အစည်းများ အပါအဝင်မတူကွဲပြားသော ပါဝင်ပတ်သက်သူအများအပြားတို့အား ချိတ်ဆက်လုပ်ဆောင်စေရန်အကူအညီပေး၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တည်ငြိမ်မှုရှိရန်အကူအညီပေးနိုင်ကြောင်းတို့ကိုဆွေးနွေးပြောဆိုခဲ့ကြသည်။

စည်းလုံးညီညွတ်ရန်လိုအပ်မှု

CNFနားထောင်ခြင်းစကားစမြည်ဝိုင်းများမှ နောက်ဆုံးအနေဖြင့်ကြားခဲ့ရသော အကြောင်းအရာမှာ ချင်းပြည်နယ်အတွင်းနေထိုင်ကြသူများအကြား စည်းလုံးညီညွတ်မှုရှိရန်လိုအပ်ချက်ဖြစ်သည်။ စစ်သားများကချင်းပြည်နယ်အတွင်း၌ ကွဲပြားခြားနားသည့်လူမျိုးစုများ၊ ဓလေ့ထုံးစံများ၊ ဘာသာစကားများနှင့် နိုင်ငံရေးပါတီများစသည်ဖြင့်မှီတင်းနေထိုင်ကြ၍ မတူညီကွဲပြားခြားနားမှုများတည်ရှိနေကြောင်းကို မီးမောင်းထိုးပြောကြားခဲ့ကြသည်။ ချင်းပြည်နယ်အတွင်းနေထိုင်ကြသူများ ဖယ်ဒရယ်စနစ်တစ်ခုအောက်၌စည်းလုံးစွာ နေထိုင်မည့်စွမ်းရည်နှင့်ပတ်သက်၍ ခြေလျင်စစ်သားများကပူပန်စိုးရိမ်ကြသည်။ စစ်သားများကချင်းပြည်နယ်အတွင်းဖြစ်ပေါ်လျက်ရှိသော ကွဲပြားမှုများကိုအစိုးရကအသုံးချ ၍ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်တောင်းဆိုမှုအပေါ် ခြိမ်းခြောက်မှုများပြုလိမ့်မည်ကို စိုးရိမ်ကြောင်းတင်ပြကြသည်။ “စစ်အစိုးရလက်အောက်မှာနှစ်ပေါင်း (၆၀) ကျော်နေပြီးနောက်မှ ကျွန်တော်တို့ချင်းလူမျိုးတွေကြားမှာ တစ်ယောက်နဲ့တစ်ယောက်မယုံကြတော့ဘူး၊ ချင်းလူမျိုးတွေဘက်လိုက်မှာကိုစိုးရိမ်မိတယ်”ဟုစစ်သားတစ်ဦးကသုံးသပ်ခဲ့၍၊ အခြားတစ်ဦးက “ ဖယ်ဒရယ်အစိုးရရှိမယ် ဆိုရင်စည်းလုံးမှုပျက်မှာကိုစိုးရိမ်ပါတယ်။ ကျွန်တော်တို့ဆီမှာပါတီတွေ အများကြီးရှိရင်ကျွန်တော်တို့တွေတကွဲတပြားဆီ ဖြစ်ကုန်ကြမှာစိုးရိမ်မိတယ်”ဟုဆိုခဲ့သည်။ စစ်သားများသည် အနာဂါတ်နှင့် ချင်းပြည်နယ်အတွင်းရှိကွဲပြားမှုများကြောင့် တကွဲတပြားစီကွဲထွက်နိုင်သောအလားအလာတို့အတွက်ပူပန်လျက်ရှိကြသည်။

ထပ်ဆင့်စိစစ်တွေ့ရှိချက်

နယ်နိမိတ်စည်းမျဥ်းသတ်မှတ်ခြင်း၊ တိုင်းရင်းသားမျိုးနွယ်စုအခွင့်အရေးနှင့် ဖယ်ဒရယ်တပ်မတော်အတွင်း၌ ကိုယ်စားပြုပါဝင်ခြင်းစသည့်ထပ်တိုးအကြောင်းအရာများကိုအဓိကအကြောင်းအရာခေါင်းစဉ်များဇယားတွင်ထည့်သွင်းထားခြင်းမရှိသော်လည်း CNFတို့ထံမှကြားသိခဲ့ရသည်။

CNFခြေလျင်တပ်သားတို့က ၎င်းတို့၏ထိန်းချုပ်နယ်နိမိတ်ဖုံများအတွင်း နေထိုင်လျက်ရှိသော အိန္ဒိယမူလအရင်းခံဖြစ်သည့်အခြားသော လက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိမှုနှင့် ပတ်သက်သော အခက်အခဲများကိုတင်ပြခဲ့ကြသည်။ CNF စစ်သည်တို့ကနယ်စပ်ဒေသထိန်းချုပ်ရေး နှင့်နယ်နိမိတ်ဖုံများသတ်မှတ်ခြင်းနှင့်ဆက်စပ်လျက်ရှိသော ကိစ္စရပ်များအားငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ထည့်သွင်းစဉ်းစားရန်အရေးကြီးပုံကိုအလေးပေးပြောကြားခဲ့သည်။ "ကျွန်တော်တို့ကမြန်မာအစိုးရကို ချင်းပြည်နယ်နယ်နိမိတ်ကိုတိတိကျကျသတ်မှတ်ပေးစေချင်တယ်။ ဖယ်ဒရယ်ပြည်ထောင်စုကိုရပြီဆိုရင်နယ်နိမိတ် အတိအကျသတ်မှတ်ဖို့က အရမ်းအရေးကြီးပါတယ်"ဟု တပ်သားတစ်ဦးက ရှင်းလင်းပြောဆိုခဲ့သည်။အစိုးရစစ်တပ်များ CNF ထိန်းချုပ်နယ်မြေများအတွင်း သို့ခွင့်ပြုချက်မရယူဘဲ ဆက်လက်ဝင်ရောက်လျက်ရှိကြောင်းတင်ပြခဲ့ကြပြီး၊ ရှင်းလင်းတိကျသောအုပ်ချုပ်မှု နယ်မြေများကိုသတ်မှတ်ခြင်းသည် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု၌ပါဝင်သောအချက်များကိုလိုက်နာထိန်းသိမ်းနိုင်ရန် မရှိမဖြစ်အရေးပါသည်ဟုလည်းယုံကြည်ကြသည်။

စစ်သားများအလေးအနက်ထားပြောဆိုခဲ့ကြသည့်နောက်ဆုံးတစ်ချက်မှာ ဖယ်ဒရယ်တပ်မတော်အတွင်းတိုင်းရင်းသားလူမျိုးစုများ အချိုးကျတန်းတူကိုယ်စားပြုပါဝင်နိုင်ခွင့်ပင်ဖြစ်သည်။ အခြားသောလက်နက်ကိုင်အဖွဲ့များနည်းတူပင် ဗဟိုချုပ်ကိုင်မှုမရှိခြင်း၊ လွတ်လပ်သောပြည်နယ်ထိန်းချုပ်ခွင့်နှင့်မျိုးနွယ်စုအခွင့်အရေးတို့အပေါ် ခိုင်မာသစ္စာရှိစွာလိုလားကြကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ မတူညီသောတိုင်းရင်းသား မျိုးနွယ်များပါဝင်သည့်ဖယ်ဒရယ်တပ်မတော်တစ်ခုဖြစ်ရန် အရေးကြီးပုံကိုတင်ပြခဲ့ကြပြီး၊ ထိုအချင်းအရာက စစ်မှန်သောငြိမ်းချမ်းရေးကိုကိုယ်စားပြုသည့်အရေးကြီးအချက်တစ်ခုဖြစ်ကြောင်း CNF စစ်သားများက ထောက်ပြခဲ့ကြသည်။ CNF တပ်သားတစ်ဦးကဤကဲ့သို့ဆိုခဲ့လေသည်။ တိုင်းရင်းသားမျိုးနွယ်စုတွေညီမျှစွာ ကိုယ်စားပြုခြင်းကိုအခြေခံထားတဲ့ ဖယ်ဒရယ်တပ်မတော်တစ်ခုကို ကျွန်တော်တို့လိုလားပါတယ်။ တပ်မတော်ထဲမှာဗမာလူမျိုးတွေက တခြားလူမျိုးတွေထက်ပိုပြီးပါဝင်နေတာကိုလက်မခံနိုင်ပါဘူး "ကျွန်တော်တို့အားလုံး (တိုင်းရင်းသားမျိုးနွယ်စုတိုင်း)မှာ တိုင်းပြည်ကိုကာကွယ်ဖို့ စစ်သားအရေအတွက်ညီတူရှိတယ်။ပြီးတော့ဖယ်ဒရယ်တပ်မတော်ခေါင်းဆောင်ရဲ့ဦးဆောင်မှုသက်တမ်းကိုလည်းတိုင်းရင်းသားလူမျိုးတိုင်းကအလှည့်ကျဦးဆောင်နိုင်အောင်စီစဉ်သင့်တယ်"

ကချင်လွတ်မြောက်ရေးအဖွဲ့အစည်း (KIO)

ဇယား၇။ KIO ခြေလျင်တပ်သားတို့ထံမှအများသဘောတူအဖြစ်ကြားသိခဲ့ရသောအကြောင်းအရာခေါင်းစဉ်များ

၁။ရိုးသားဖြောင့်မှန်သောငြိမ်းချမ်းရေးလိုလားသည်။

၂။တပ်ဖျက်သိမ်းရေးကိုစဉ်းစားရန်စောလွန်းသေးသည်။

၃။ယုံကြည်မှုတည်ဆောက်ရန်လိုအပ်ချက်နှင့်စစ်မှန်ရိုးသားသောငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ်ကိုလိုလားသည်။

၄။ KIO ခေါင်းဆောင်တို့ကိုအားပေးထောက်ခံသည်။

၅။ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်သတင်းအချက်အလက်များပိုမိုရရှိရန်ဆန္ဒရှိသည်။

၆။ပြန်လည်ပေါင်းစည်းရေးထောက်ပံ့ကူညီမှုလိုအပ်သည်။

မှန်ကန်သော (သို့မဟုတ်)စစ်မှန်သောငြိမ်းချမ်းရေးလိုလားခြင်း

မှန်ကန်သော (သို့မဟုတ်)စစ်မှန်သောငြိမ်းချမ်းရေး ကိုလိုလားသောဆန္ဒမှာ KIOခြေလျင်တပ်သားတို့ထံမှ ထွက်ပေါ်ခဲ့သော အများသဘောတူအကြောင်းအရာခေါင်းစဉ်တစ်ခုဖြစ်သည်။ စစ်မှန်သောငြိမ်းချမ်းရေး၏ သဘောတရားကိုစစ်သားများက နည်းလမ်းများစွာတို့နှင့်သရုပ်ဖော်ရှင်းပြခဲ့ကြသည်။ သို့ရာတွင် အများစုက စစ်မှန်သော ငြိမ်းချမ်းရေး၌ ငြိမ်းချမ်းရေးသဘောတူညီချက်များအား အစိုးရကထိန်းသိမ်းလိုက်နာရန်၊ KIO၏တောင်းဆိုချက်များပြည့်ဝရန်နှင့်ကချင်ပြည်နယ်တဝှမ်းလုံးခြုံအေးချမ်းမှု အရသာကိုပျံ့နှံ့ခံစားရခြင်းတို့ လိုအပ်ကြောင်း အများစုကရှင်းလင်းပြောကြားခဲ့ကြသည်။ “ကျွန်တော်တို့လွတ်လွတ်လပ် လပ်ပျော်ပျော်ရွှင်ရွှင် နေလို့ရနိုင်မယ်။စစ်မှန်တဲ့ငြိမ်းချမ်းရေးလိုချင်တယ်။ ကျွန်တော်စစ်မှန်တဲ့ငြိမ်းချမ်းရေးလိုချင်တယ်။”ဟု စစ်သားတစ်ဦးကရှင်းပြသည်။

စစ်သားအများအပြားကငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အပြုသဘောဆောင်သောသဘောထားများရှိသည်ကို ထုတ်ဖော်ပြောကြားခဲ့ပြီး၊ ကျန်သောသူများကမူ ဤငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ စစ်မှန်သော ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည် ဟုဆိုရန်စောလွန်းသေးသည် ဟုသတင်းပို့ခဲ့ကြသည်။” ဘာမှမမြင်တွေ့ရသေး တဲ့အတွက် ဘာကိုမှသေချာမပြောနိုင်ဘူး၊ လက်ရှိမှာတော့နှစ်ဖက်စလုံးက စေ့စပ်ညှိနှိုင်းနေသေးတုန်းဘဲ။ လွယ်တဲ့ကိစ္စတော့ မဟုတ်ဘူး”ဟု စစ်သားတစ်ဦးကဆိုခဲ့ပြီး၊ အခြားစစ်သားတစ်ဦးကမူ” ကျွန်တော်အတွက်ကတော့၊ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကကောင်းပါတယ်။အားလုံးအတွက်ဖြစ်လို့ဆက်လုပ်သင့်ပါတယ်။
ဒီငြိမ်းချမ်းရေးလုပ်ငန်းကတဆင့် လွတ်လပ်ခွင့်ဒါမှမဟုတ် လွတ်လပ်ရေးရရှိဖို့မျှော်လင့်ပါတယ်။ ကျွန်တော်တို့ စိုးရိမ်စရာတွေအများကြီးရှိပါတယ်။ ဒါကြောင့်ကျွန်တော်တို့ခေါင်းဆောင်တွေက စစ်မှန်တဲ့ငြိမ်းချမ်းရေးကိုဦးတည်မယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ်ကို စီစဉ်ပေးစေချင်ပါတယ်။”ဟုဖွင့်ဟပြောဆိုခဲ့သည်။

စစ်မှန်သောငြိမ်းချမ်းရေးလိုလားမှု နှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဥ်နှင့်ပတ်သက်၍ မရေရာမှု၊ သံသယရှိမှုတို့သည် အတိတ်မှသဘောတူညီမှုများ ပြိုကွဲခဲ့ခြင်းတို့နှင့်ဆက်စပ်လျက်ရှိသည်။ ခြေလျင်စစ်သားတို့ကလွန်ခဲ့သော သဘောတူညီမှုများမှအတွေ့အကြုံများကို ပြန်လည်တွေးဆခဲ့ကြပြီး သဘောတူညီချက်များ ချိုးဖောက်ခဲ့သောကြောင့် မကျေနပ်မှုကိုထုတ်ဖော်ပြောကြားခဲ့ကြသည်။

တပ်ဖျက်သိမ်းရန်စောလွန်းသေးခြင်း

KIOရဲဘော်များထံမှကြားခဲ့ရသောအခြားအရေးကြီးအကြောင်းအရာတစ်ခုမှာ - တပ်ဖျက်သိမ်းခြင်း၊ အထူးသဖြင့် လက်နက်ဖျက်သိမ်းခြင်း လုပ်ငန်းစဥ်များကိုစတင်ပြုလုပ်ရန် စောလွန်းသေးသည်ဟူသောအချက်ဖြစ်သည်။ ထိုအကြောင်းအရာခေါင်းစဥ်အား ငြိမ်းချမ်းရေးလုပ်ငန်းစဥ် ပျက်ပြားစေနိုင်သောအလားအလာအပေါ် ပူပန်စိုးရိမ်မှုများက အဓိကတွန်းအားပေး လှုံ့ဆော်လျက်ရှိသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဥ်၌ တိုးတက်မှုများရှိနေသော်လည်း၊ ကချင်ပြည်နယ်ရှိအချို့နေရာဒေသတို့တွင် လက်နက်ကိုင်ပဋိပက္ခများ ဆက်လက်ဖြစ်ပွားလျက်ရှိသောကြောင့်၊စစ်ရေးအရကြိုတင်ပြင်ဆင်မှုများ ဆက်လက်လုပ်ဆောင်ရန်လိုအပ်ကြောင်းကိုတင်ပြခဲ့ကြသည်။

ထို့အပြင်၊ လက်နက်ဖျက်သိမ်းရေးသည် အစိုးရကစစ်ရေးအင်အားများကို ဆက်လက်ထိန်းသိမ်းထားရှိသော တစ်ဖက်သတ်လုပ်ငန်းစဥ်ဖြစ်နေမည် ကိုပူပန်နေခဲ့ကြသည်။ ထိုသို့သောအခြေအနေ၌ အစိုးရ၏ တိုက်ခိုက်မှုများ ကိုခံရဖွယ်ရှိနေ ကြောင်းခံစားမိကြသည်။စစ်သားတစ်ဦးက “ လက်နက်ဖျက်သိမ်းဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့ကိုလက်နက်ချခိုင်းပြီး ငြိမ်းချမ်းရေးကြေငြာလိုက်ပြီးလို့ ကျွန်တော်တို့မှာဘာလက်နက်မှမရှိတော့တဲ့အခါ နောက်ထပ်ပြန်လာတိုက်မယ်ဆိုရင်ဘယ်လိုလုပ်ရမလဲ”ဟုစစ်သားတစ်ဦးကပြောဆိုခဲ့သည်။

ယုံကြည်မှုတည်ဆောက်ခြင်းနှင့်ရိုးသားဖြောင့်မှန်သောငြိမ်းချမ်းရေးလုပ်ငန်းစဥ်တစ်ရပ်

အထက်တွင်တင်ပြခဲ့သောတပ်ဖျက်သိမ်းရေးနှင့်ပတ်သက်သောပူပန်မှုများအား၊ ရိုးသားဖြောင့်မှန်သော ငြိမ်းချမ်းရေးလိုလားမှု၊ ယုံကြည်တည်ဆောက်ရန်လိုအပ်မှုတို့ နှင့်အတူတကွယှဥ်တွဲပြောဆိုခဲ့ကြသည်။ စစ်သားများက အစိုးရအပေါ်ယုံကြည်မှုကင်းမဲ့ခြင်း နှင့်တပ်မတော်ကသူတို့၏စစ်အင်အားကိုဆက်လက်ဖြည့်တင်းနေမည် ကိုစိုးရိမ်မိခြင်း ကိုထုတ်ဖော်ပြောကြားခဲ့ကြသည်။ စစ်သားတစ်ဦးကအောက်ပါကဲ့သို့ပြောဆိုခဲ့သည်။

ကျွန်တော်တို့ကြားတာကတော့သူတို့က (အစိုးရ)ငြိမ်းချမ်းရေးလုပ်ငန်းစဥ်ရှိနေတာတောင် ကျွန်တော်တို့ကို ပြန်တိုက်ဖို့အချိန်ယူပြီး၊ လက်နက်အင်အား၊ ရိက္ခာနဲ့စစ်သားအင်အားတွေဖြည့်နေကြတယ်။ အဲဒီကိစ္စတွေက မကောင်းဘူး၊ ကျွန်တော်တို့ကသူတို့ကိုယုံကြည်ပြီး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဥ်တစ်ရပ်ကိုစတင်ခဲ့ကာ သူတို့ကကျွန်တော်တို့ကိုညာနေမယ်ဆိုရင်ငြိမ်းချမ်းရေးလုပ်ငန်းစဥ်ကိုဆက်လုပ်တာအလကားပဲ။

KIO ဦးဆောင်မှုနောက်သို့လိုက်ပါရန်ကတိသစ္စာပြုခြင်း

နားထောင်ခြင်းစကားဝိုင်းတလျှောက် KIOခြေလျင်တပ်သားတို့က KIOခေါင်းဆောင်မှုအပေါ်သစ္စာရှိပါမည်ဟူ၍အခိုင်အမာပြောဆိုခဲ့ကြသည်။ KIOခေါင်းဆောင်တို့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း၌ မိမိတို့၏စကားသံများကိုလုံလောက်စွာကိုယ်စားပြုမည်ဟုယုံကြည်ထားကြသည်။ "ကျွန်တော်တို့ကအမိန့်အတိုင်းလုပ်ရတယ်။ ကျွန်တော်တို့က ကျွန်တော်တို့ခေါင်းဆောင်တွေအပေါ်ယုံကြည်မှုရှိတယ်။ သူတို့ပေးတဲ့အမိန့်တွေက ကျွန်တော်တို့အားလုံးကောင်းဖို့အတွက်ပဲလို့လက်ခံထားတယ်"ဟုစစ်သားတစ်ဦးကမှတ်ချက်ချခဲ့သည်။ KIOခေါင်းဆောင်တို့အားယုံကြည်မှုရှိခြင်းသည် KIOခြေလျင်တပ်သားတို့ထံမှပေါ်ထွက်ခဲ့သော အရေးကြီးသည့် အကြောင်းအရာခေါင်းစဉ်တစ်ခုဖြစ်သည်။ ထိုစစ်သားများမှအများစုသည် ရှေ့တန်းစစ်မြေပြင်တွင်တိုက်ခိုက်နေကြသူများဖြစ်ကြပြီး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အသိအမြင်ဗဟုသုတအကန့်အသတ်မျှသာရှိကြလေသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း KIOခေါင်းဆောင်တို့၏ပါဝင်ပတ်သက်လုပ်ဆောင်မှုအပေါ် တပ်သားတို့က အပြုသဘောဖြင့်ရှုမြင်ကြသည်။ စစ်သားတစ်ဦးက " ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ကောင်းတယ်ဆိုတာကို လက်ခံပါတယ်။ ကျွန်တော်တို့ခေါင်းဆောင်တွေကို ယုံကြည်မှုရှိပါတယ်။ ဒါပေမဲ့ဘာတွေဖြစ်လာမလဲ ဆိုတာအခုအချိန်ထိကျွန်တော်တို့ဘာမှမမြင်တွေ့ရသေးလို့မပြောနိုင်သေးပါဘူး" ဟုပြောကြားခဲ့သည်။ KIO ခေါင်းဆောင်များ၏ဆုံးဖြတ်ချက်တို့အားယုံကြည်မှုရှိကြောင်း၊ KIOစစ်သားများကိုယ်စား စေ့စပ်ညှိနှိုင်းပြောဆိုနိုင်သောသူတို့၏စွမ်းရည်ကိုလေးစားကြောင်း နှင့် ဆက်လက်တိုက်ပွဲဝင်ခြင်းဖြစ်စေ၊ လက်နက်ဖျက်သိမ်းခြင်းဖြစ်စေ ခေါင်းဆောင်တို့၏ဆုံးဖြတ်ချက်များကို လိုက်နာမည်ဖြစ်ကြောင်း ကတိစကားများကို ထုတ်ဖော်ပြောကြားခဲ့ကြသည်။

## သတင်းအချက်အလက်ပိုမိုလိုအပ်ခြင်း

KIOစစ်သားများသည် ရှေ့တမ်းစစ်မြေပြင်တွင် လက်ဂိုဖြစ်ပွားလျက်ဂိုသောတိုက်ပွဲများ၌ ပါဝင်ဆင်နွှဲနေကြသူများဖြစ်ကြ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အသေးစိတ်နှင့် ပတ်သက်၍ တွေးဆဆင်ခြင်ခြင်းနှင့် နက်နက်နဲနဲဆွေးနွေးခြင်းတို့ကို မပြုသလောက်ရှားပါးလေသည်။ အများစုက ငြိမ်းချမ်းရေးရှေ့လုပ်ငန်းစဉ်ဆိုသည်ကို ကြားဖူးကြသော်လည်း မည်သည့်ကိစ္စရပ်များပါဝင်သည်ကို ရှင်းလင်းစွာ မသိကြကြောင်းပြောကြားခဲ့သည်။ ကျန်ရှိသူတို့ကမူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ "အနည်းအကျဉ်း"ကြားသိခဲ့ခြင်း သို့မဟုတ်ဗဟုသုတအမြင်အနည်းငယ်မျှမရှိကြောင်း ဖွင့်ဟပြောကြားခဲ့ကြသည်။ စစ်သားအများစုကရှေ့တမ်းစစ်မြေပြင်တွင် တိုက်ခိုက်နေရချိန်တို့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ပါဝင်ပတ်သက်ခြင်း၊ သတင်းအချက်အလက်များ လက်လှမ်းမီရရှိခြင်းတို့ကို အဟန့်အတားဖြစ်စေသည်ဟုထင်မှတ်ကြောင်းပြောဆိုခဲ့ကြသည်။ တိုက်ခိုက်ရေးကဏ္ဍ၌ ရှိနေခြင်းကြောင့် စစ်သားများတွင် ငြိမ်းချမ်းရေးဟူသောပန်းချီကားကြီးတစ်ခုလုံးနှင့် လုပ်ငန်းစဉ်တိုးတက်မှုအကြောင်း တွေးတောနေရန် အချိန်အနည်းငယ်မျှသာရှိသည်ဟု စစ်သားတစ်ဦးကရှင်းပြခဲ့သည်။ " ကျွန်တော်က ရှေ့တမ်းစစ်မြေပြင်မှာ တစ်ချိန်လုံးရှိနေတဲ့အတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေနဲ့ ပတ်သက်ပြီး ဘာမှမသိဘူး"ဟု စစ်သားတစ်ဦးကဆိုခဲ့ပြီး၊ အခြားစစ်သားတစ်ဦးက "ရှေ့တန်းမှာရှိနေတဲ့ကျွန်တော်တို့စစ်သားတွေအားလုံးက တိုက်ပွဲအတွက်အချိန်တိုင်းအစဉ်သင့်ရှိနေရတယ်။ ဒါကြောင့်ဒီလိုအခြေအနေမျိုးမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ဆွေးနွေးပွဲတွေ အကြောင်းဘယ်လိုပြောပြရမလဲဆိုတာမသိဘူး"ဟုဖြည့်စွက်ပြောကြားခဲ့သည်။

## ပြန်လည်ပေါင်းစည်းရေးအထောက်အပံ့လိုအပ်မှု

သာမန်အရပ်သားဘဝသို့ပြန်လည်ပေါင်းစည်းရေးနှင့်ပတ်သက်၍ဆွေးနွေးရာတွင် KIOသို့ကျန်ရှိမည်ဖြစ်သောကဏ္ဍ၌ မိမိတို့အတွက်ရွေးချယ်စရာမရှိခြင်း နှင့် မိမိတို့၏ခေါင်းဆောင်များက ပြန်လည်ပေါင်းစည်းရန် တိုက်တွန်းပြောကြားခြင်းရှိမှသာလျှင် ထိုအချက်ကိုထည့်သွင်းစဉ်းစားမည်ဖြစ်ကြောင်း စစ်သားများကရှင်းပြခဲ့ကြသည်။ စစ်သားအားလုံးနီးပါးတို့ကနယ်ခြားစောင့်ကြပ်ရေးတပ်သို့ဝင်ရောက်ရမည်ဟူသော အချက်ကို ပယ်ချငြင်းဆန်ကြပြီး၊ သာမန်အရပ်သားအဖြစ်သို့သာပြန်လည်ပေါင်းစည်းရန်ဆန္ဒရှိကြောင်းကိုထုတ်ဖော်ပြောကြားခဲ့ကြသည်။

အခြားသောအဖွဲ့အစည်းများနည်းတူပင် KIO စစ်သားတို့ကလည်း ပြန်လည်ပေါင်းစည်းရေး အထောက်အပံ့လိုအပ်မှုကို အလေးပေးပြောကြားခဲ့ကြသည်။ ကျွမ်းကျင်မှုအတတ်ပညာမရှိခြင်းအပေါ်စိုးရိမ်ပူပန်မှု၊ တိုက်ပွဲဝင်လျက်ရှိသည်မှာကြာမြင့်လှသောကြောင့် နေအိမ်နှင့် အသက်မွေးဝမ်းကျောင်းမှုရွေးချယ်စရာများမရှိကြောင်း တို့ကိုတင်ပြခဲ့ကြသည်။ စစ်သားအများအပြားကပြန်လည်ပေါင်းစည်းရေးသည်ခက်ခဲမည်ဟုခံစားရလျက်ရှိပြီး၊ မြေ၊ ငွေကြေးအထောက်အပံ့ နှင့်ကျွမ်းကျင်မှုအတတ်ပညာဆိုင်ရာသင်တန်းတို့ ပါဝင်သောပြန်လည်ပေါင်းစည်းရေး အထောက်အပံ့လိုအပ်ချက်ကိုအလေးအနက်ပြောကြားခဲ့ကြသည်။ "ပထမဆုံးလိုတာကတော့ နေစရာဘဲ၊ ကျွန်တော်တို့ မိသားစုအတွက်နေစရာအိမ်၊ပြီးတော့ဝမ်းစာအတွက်နေရေးထိုင်ရေးအတွက် အရင်းအနှီးတစ်ချို့၊ အရင်တုန်းကတော့ကျွန်တော်တို့ကတောင်ယာခုတ်ခဲ့တာ၊ အဲဒီအတိုင်းဆိုရင်တော့ သာမန်အရပ်သားဘဝကို ပြန်သွားပါလို့ပြောရင်၊အစကနေပြန်ပြီး လုပ်ရတော့မှာပဲ"ဟု စစ်သားတစ်ဦးက ပြောကြားခဲ့သည်။ ပြန်လည်အခြေချနိုင်ရန်အတွက် မြေနေရာလိုအပ်ခြင်းမှာ စစ်သားအများအပြားတို့ဖွင့်ဟပြောဆိုကြသော ပေါ်လွင်ထင်ရှားသည့်အကြောင်းအရာခေါင်းစဉ်တစ်ရပ်ဖြစ်သည်။ အိမ်ပြန်ရန်နေရာရှိသော သူတို့ပင်လျှင် သူတို့၏ မြေနေရာအားပိုင်ဆိုင်သည့်စိတ်ခံစားမှုမရှိကြပေ။

## ထပ်တိုးစိစစ်တွေ့ရှိချက်

အဓိကအချက်များပါဝင်သောဇယားတွင် ထည့်သွင်းထားခြင်းမရှိသော်လည်း အခြားသောအကြောင်းအရာ ခေါင်းစဉ်များကိုထုတ်ဖော်ဆွေးနွေးခဲ့ကြသည်။ စစ်သားများစွာတို့က သူတို့အားချဉ်းကပ်၍သူတို့၏အမြင်များ နှင့် အကြံဉာဏ်ယူဆချက်တို့အားထုတ်ဖော်ပြောကြားရန် အခွင့်အရေးကိုပေးသောကြောင့် ကျေးဇူးတင်ကြ ကြောင်းပြောကြားခဲ့သည်။ မြန်မာပြည်၏လက်ရှိအခြေအနေနှင့်ပတ်သက်၍ သူတို့၏ခံစားချက်နှင့်အတွေးတို့အား မေးမြန်းခံရခြင်းမရှိခဲ့ကြောင်း "ကျွန်တော်တို့ကိုဘယ်သူကမှလာပြီး ဒီလိုမျိုး စကားတွေလာမပြောဖူးဘူး" ဟုစစ်သား အမြောက်အမြားက မှတ်ချက်ချခဲ့ပြီး၊ တစ်ဦးက " ကျွန်တော်တို့အရမ်းကျေးဇူးတင်မိပါတယ်"ဟုဆိုခဲ့သည်။

အခြားသောစစ်သားတို့ကမူ တိုင်းရင်းသားမျိုးနွယ်စုအခွင့်အရေး နှင့် ဖယ်ဒရယ်အစိုးရ လက်အောက်တွင် တန်းတူကိုယ်စားပြုနိုင်သော အခွင့်အရေးတို့လိုအပ်သည် ဟုအလေးပေးပြောဆိုခဲ့ကြသည်။ စစ်သားတစ်ဦးက ဖယ်ဒရယ်စနစ်တစ်ခုအောက်၌ အစိုးရကလူတိုင်းအားညီတူညီမျှ ဆက်ဆံခြင်းရှိပါကဝမ်းမြောက်မည်ဖြစ်ကြောင်း စစ်သားတစ်ဦးကထောက်ပြခဲ့သည်။ ထပ်မံလိုအပ်သောလိုအပ်ချက်များတွင် ကချင်ယဉ်ကျေးမှုအားပို၍ ကျယ်ပြန့်စွာအသိအမှတ်ပြုခြင်း (ဥပမာ- ကချင်ဗဟိုပြုပညာရေး) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှင့်

သက်မွေးဝမ်းကျောင်းလုပ်ငန်းကို ရွေးချယ်နိုင်သောအရည်အချင်း (သို့မဟုတ်) စီးပွားရေးလုပ်ငန်း တစ်ခု ပိုင်ဆိုင်ခြင်းစသည်တို့ပါဝင်လေသည်။

စစ်သားများစွာတို့က၊ ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်နှင့်ပတ်သက်၍ထုတ်ဖော်ဆွေးနွေးခဲ့ကြသည်။ လူအများတို့က သူတို့သားသမီးတို့၏ပညာရေး နှင့်ပတ်သက်သော ပူပန်မှုတစ်ရပ်ကိုဖွင့်ဟခဲ့ကြပြီး၊ ဒေသတွင်း၌စာသင်ကျောင်းများ နှင့်တက္ကသိုလ်များပိုမိုဖွင့်လှစ်စေလိုကြောင်းစစ်သားတစ်ဦးက “ ကျွန်တော့်မိသားစုက အခု IDP campတစ်ခုမှာပါ။ ကျွန်တော့်သားသမီးတွေရဲ့ နောင်ရေးနဲ့ပညာရေးနဲ့ ပတ်သက်ပြီး စိုးရိမ်နေပါတယ်။”ဟုဆိုခဲ့သည်။ကျန်သောသူများက၊ ကချင်ပြည်နယ်အတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ တည်ထောင်နိုင်ရန်အခွင့်အလမ်းများစွာတို့ကိုတွေ့မြင်ရန်မျှော်လင့်ကြသည်။

## ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)

| | | | |
|---|---|---|---|
| ဇယား၈။ | KNPP | ခြေလျင်တပ်သားတို့ထံမှ | အများသဘောတူအဖြစ်ကြားသိခဲ့ရသော |

အကြောင်းအရာခေါင်းစဉ်များ

၁။ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်အပြုသဘောဆောင်သောခံစားချက်သဘောထားများရှိသည်။

၂။ရိုးသားဖြောင့်မှန်မှုနှင့်စစ်မှန်မှုရှိသောငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ်လိုလားသည်။

၃။အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များအားထိန်းသိမ်းလိုက်နာရန်လိုအပ်သည်။

၄။သတင်းအချက်အလက်များပိုမိုရရှိရန်လိုသောဆန္ဒရှိသည်။

၅။လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်တိုးမြှင့်ရရှိမှုအပေါ်အပြုသဘောဆောင်သောခံစားချက်များရှိသည်။

၆။တပ်ဖျက်သိမ်းရေးကိုထည့်သွင်းစဉ်းစားရန်စောလွန်းသေးသည်။

၇။စစ်မှန်သောငြိမ်းချမ်းရေးရရှိပါကသာမန်အရပ်သားဘ၀သို့ပြန်လည်ပေါင်းစည်းရန် (သို့မဟုတ်) ပြည်နယ်လုံခြုံရေးအင်အားစု၌ဆက်လက်ပါ၀င်ရန်ဆန္ဒရှိသည်။

၈။ပြန်လည်ပေါင်းစည်းရေးအထောက်အပံ့လိုလားသည်။

၉။ KNPP ခေါင်းဆောင်မှုနောက်သို့လိုက်ပါရန်ကတိသစ္စာရှိသည်။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်အပြုသဘောဆောင်သောခံစားချက်သဘောထားများ

ယေဘုယျအားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အပြုသဘောဆောင်သောခံစားချက်များရှိကြသည်ကို KNPP ခြေလျင်စစ်သားတို့ကဖွင့်ဟ၀န်ခံခဲ့ကြသည်။ နိုင်ငံတ၀မ်း၌ လွတ်လပ်စွာသွားလာလှုပ်ရှားခွင့် တိုးမြှင့်ရရှိသည်ကို ကိုးကား၍ ငြိမ်းချမ်းရေးစကားဝိုင်းများသည် ြမန်မာပြည်၌အပြုသဘောဆောင်သော ဖွံ့ဖြိုး တိုးတက်မှု တစ်ရပ်ဖြစ်သည်ဟုစစ်သားများကယုံကြည်ကြသည်။ ကျန်သောသူတို့က အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု၏ အကျိုးကျေးဇူးများကိုဆွေးနွေးပြောဆိုခဲ့ကြပြီး၊ စစ်သားတစ်ဦးက “ အပစ်အခတ်ရပ်စဲရေး နဲ့ငြိမ်းချမ်းရေးက လူတွေအတွက်ကောင်းတယ်။ ငြိမ်းချမ်းရေးရမယ်ဆိုရင်ကောင်းတယ်။ စစ်သားတွေကအရမ်းပင်ပန်းနေကြပြီ၊ အခုကျွန်တော်တို့မှာ အပစ်အခတ်ရပ်စဲရေးရထားတာကောင်းတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့စစ်တိုက်ဖို့ မလိုတော့ဘူး”ဟုစစ်သားတစ်ဦးကရှင်းပြခဲ့သည်။

စစ်သားအချို့က လုပ်ငန်းစဉ်အတွင်း လူထုအခြေပြုအဖွဲ့အစည်းကိုပါ၀င်ပတ်သက်စေခြင်းဖြင့်၊ မျှော်လင့်ချက်ရရှိစေသောကြောင့် နစ်သက်ကျေနပ်၍ စိတ်လှုပ်ရှားမိကြောင်းရှင်းပြခဲ့သည်။ လူထုအခြေပြုအဖွဲ့အစည်းပူးပေါင်းပါ၀င်ခြင်းအား ရိုးသားဖြောင့်မှန်ခြင်း၏ လက္ခဏာတစ်ရပ် နှင့်ပွင့်လင်းမြင်သာမှု ရှိစေ၍ကျယ်ပြန့်စွာပါ၀င်ပတ်သက်မှုရှိစေခြင်းတို့ကိုပံ့ပိုးပေးသောမှန်ကန်သည့်အရပ်သို့ဦးတည်သည့်ခြေလှမ်းတစ်ရပ်

အဖြစ်ရှုမြင်ကြသည်။ “ဒီတစ်ခေါက်မှာတော ့လူထုအခြေပြု အဖွဲ့အစည်းပါဝင်မှုရှိတဲ့အတွက် အရင်ကထက် ကျေနပ်နှစ်သက်မှုရှိပါတယ်။”ဟုရဲဘော်တစ်ဦးက ထောက်ခံပြောဆိုခဲ့သည်။

စစ်သားအားလုံးနီးပါးက ငြိမ်းချမ်းရေးကိုပို၍နှံ့စွာလိုလားလျက်ရှိကြောင်း ကိုအလေးပေးပြောကြားခဲ့သည်။ “ငြိမ်းချမ်းရေးကကောင်းတယ်။ကျွန်တော်တို့အားလုံးငြိမ်းချမ်းရေးလိုချင်ကြတယ်”ဟုစစ်သားတစ်ဦးကပြောဆိုခဲ့ပြီး၊ အခြားတစ်ဦးကလည်း “ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုကောင်းကောင်းလုပ်ရမယ်။ ကျွန်တော်တို့အားလုံး ငြိမ်းငြိမ်း ချမ်းချမ်းနေချင်တယ်။” အချို့သောစစ်သားများက ဆယ်စုနှစ်ကျော်ကြာလက်နက်ကိုင်ပဋိပက္ခအတွင်း KNPP၏ပါဝင်ပတ်သက်မှုကြောင့် ပင်ပန်းနွမ်းနယ်လျက်ရှိပြီး၊ တိုက်ပွဲများအဆုံးသတ်ရန် မျှော်လင့်နေကြကြောင်း ရင်ဖွင့်ခဲ့ကြသည်။ “ကျွန်တော်ကတော့သေနတ်ဆက်မကိုင်ချင်တော့ဘူး။ ကျွန်တော်ကိုယ်ကျွန်တော်သနားမိသလို ၊(တပ်မတော်စစ်သား) ဘဝကိုလဲသနားမိတယ်။ သူကျွန်တော်ကိုပစ်မယ် ဆိုရင်ကျွန်တော်ကလဲသူ့ကိုပစ်ရမှာပဲ”ဟု KNPPစစ်သားတစ်ဦးကဖွင့်ဟပြောကြားခဲ့သည်။

ရဲဘော်များစွာတို့ကလုပ်ငန်းစဉ်အောင်မြင်စေလိုသော ဆန္ဒနှင့် သူတို့အတွက်သာမက၊ တစ်နိုင်ငံလုံးအတွက် ငြိမ်းချမ်းရေးကိုအောင်မြင်စွာဖော်ဆောင်နိုင်ရန် မျှော်လင့်ကြောင်းပြောကြားခဲ့ကြသည်။ စကားစမြည်ဝိုင်းများက ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆက်လက်တိုးတက်မှုရှိရန် နှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များကိုအပြည့်အဝ အကောင်အထည်ဖော်ရန်စိတ်အား ထက်သန်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ထိုအချက်အား ငြိမ်းချမ်းရေး အောင်မြင်စွာဖော်ဆောင်နိုင်မည့်မြန်မာပြည်၏ အကောင်းဆုံးသော မျှော်လင့်ချက် အဖြစ်စစ်သား အများစုက ယုံကြည်ခဲ့ကြသည်။ “အစိုးရနဲ့ KNPPတို့ငြိမ်းချမ်းရေးရတဲ့အထိဆက်ပြီး ဆွေးနွေးပြောဆိုသင့်တယ်။ အဲဒါမှပြည်သူတွေလဲငြိမ်းချမ်းမှုနဲ့လွတ်လပ်မှုကိုတွေ့ကြုံခံစားရမယ်”ဟုရဲဘော်တစ်ဦးကထပ်လောင်းပြောကြားခဲ့ပြီးအခြားတစ်ဦးက “ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ဆက်လက်ပြုလုပ်ဖို့ကျွန်တော်တို့ လိုလားတယ်”ဟူ၍ အားကြိုးမာန်တက်ပြောကြားခဲ့သည်။

## ရိုးသားဖြောင့်မှန်မှုနှင့်စစ်မှန်မှုရှိသောငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ်

ငြိမ်းချမ်းရေးဖော်ဆောင်ရန်ကြိုးပမ်းအားထုတ်မှုများအား စစ်သားများက အပြုသဘောဆောင်သောအမြင်များ ရှိကြသော်လည်း၊ အများအပြားကမူ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍သံသယသဘောထားများ ကိုဖော်ထုတ်ပြောဆိုခဲ့ကြသည်။ ထိုပူပန်မှုအများစုသည် ယုံကြည်မှုနှင့်ပတ်သက်သောကိစ္စရပ်များ၊ လုပ်ငန်းစဉ်နှင့်ပတ်သက်၍ဗဟုသုတကင်းမဲ့ခြင်း၊ နှင့်ငြိမ်းချမ်းရေးသဘောတူညီမှုများပြိုပျက်ခဲ့သည့် အတိတ် အတွေ့အကြုံများအပေါ်အခြေပြု၍ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ စစ်သားအများအပြားက ၁၉၉၄/၉၅ ၌ ပြုလုပ်ခဲ့သော အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုပျက်စီးခဲ့ခြင်းအား၊ လက်ရှိစေ့စပ်ညှိနှိုင်းရေးတို့နှင့် ပတ်သက်သော မရေရာမှုတို့၏ အဓိကအရင်းအမြစ်အဖြစ် ကိုးကားပြောဆိုခဲ့ကြသည်။ ၎င်းသံသယစိတ်များသည် အစိုးရကသူ၏တပ်များအားခံစစ်ပြင်ဆင်နေခြင်းနှင့်စည်းရုံးစုဆောင်းနေခြင်းတို့ကိုဆက်လက်ပြုလုပ်လျက်ရှိသည်ဟူ သောသတင်းပြချက်များကြောင့်ပို၍ အားကောင်းလာသည့်အသွင်ရှိလေသည်။ “အစိုးရဘက်ကနေတပ်ဆုတ်ပြီး၊ သူတို့ရဲ့တပ်တွေရုတ်သိမ်းသင့်ပါတယ်။၁၉၉၄ခုနှစ်ကငြိမ်းချမ်းရေးသဘောတူညီချက်ပေးပြီးတာနဲ့တစ်ပြိုင်နက်အစိုးရ

တပ်တွေကထိုးဖောက်ဝင်ရောက်ပြီး၊ ကျွန်တော်တို့ကိုတိုက်ခိုက်ခဲ့တဲ့ အတွေ့အကြုံတွေလိုမျိုး ထပ်မဖြစ်ခြင်းဘူး”ဟု စစ်သားတစ်ဦးကဖော်ထုတ်ပြောဆိုခဲ့ပါသည်။

ထို့အပြင်ၚင်းသံသယ၊သေချာရေရာမှုမရှိခြင်းသည်လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် KNPPစစ်သားများနှင့် လူထုအတွက် ကိုင်တွယ်၍ရသောတိကျသည့် အကျိုးခံစားခွင့်တို့ကိုပြသနိုင်ရန် လိုအပ်သေးသည်ဟူသော အများသဘောတူသဘောထားတို့မှ အခြေတည်လာခဲ့ခြင်းလည်းဖြစ်သည်။ စစ်သားတစ်ဦးက “ကျွန်တော်စိတ်ထဲမှာ သံသယရှိနေသေးတယ်။ ဘာမှမဖြစ်လာသေးဘူးဆိုရင်တော့ ဘာမှမပြောင်းလဲသေးဘူးဆိုတဲ့သဘောပဲ” ဟုဆိုခဲ့သည်။ တိုင်းပြည်အတွင်းရှင်းလင်းတိကျသော ငြိမ်းချမ်းရေးနိမိတ်လက္ခဏာများမရှိသေးခြင်းကြောင့် စေ့စပ်ညှိနှိုင်းရေးပျက်စီးနိုင်မည့်ဖြစ်နိုင်ချေရှိသည်ဟု စစ်သားအများစုကခံစားမိခဲ့ကြသည်။ “ငြိမ်းချမ်းရေး နောက်တစ်ခေါက်ပြိုပျက်ခဲ့မယ်ဆိုရင်လူတွေထပ်ပြီးဒုက္ခခံစားရမယ်။ပြည်သူတွေဒုက္ခခံရရင်ကျွန်တော်တို့လဲ ဒုက္ခရောက်မယ်”ဟုတပ်သားတစ်ဦးက ထောက်ပြပြောဆိုခဲ့သည်။

လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ် အနီးတဝိုက်ဖြစ်ပေါ်နေသောသံသယတို့သည် KNPPစစ်သားတို့အကြား ရိုးသားဖြောင့်မှန်၍စစ်မှန်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်ထားရှိသော ပြင်းပြသည့်ဆန္ဒတစ်ခုနှင့် ဆက်စပ်လျက် ရှိသည်။ အနာဂါတ်အတွက်မျှော်လင့်ချက်များကို ဆွေးနွေးရာတွင် စစ်သားများစွာတို့က စစ်မှန်သောငြိမ်းချမ်းရေး ဟူသည့် ဝေါဟာရကို- လူတစ်ဦးချင်းစီ လွတ်လပ်စွာနေထိုင်နိုင်ပြီး၊ အကြမ်းဖက်မှုအဆင့်အတန်းခွဲခြားဆက်ဆံမှု၊ သို့မဟုတ်ညှင်းပန်းနှိပ်စက်မှုတို့မရှိပဲရေရှည်တည်တံ့သောငြိမ်းချမ်းရေးတစ်ခုဟုသရုပ်ဖော်ပြောကြားခဲ့သည်။
စစ်သားအချို့က “ စစ်မှန်တဲ့ငြိမ်းချမ်းရေးဆိုတာ ပြည်သူတွေတစ်နေရာကနေ တစ်နေရာကို လွတ်လွတ် လပ်လပ်သွားလာနိုင်ပြီး၊ ငြိမ်းငြိမ်းချမ်းချမ်းနေထိုင်ပြီး၊ လုပ်ကိုင်စားသောက်နိုင်တာ ကိုဆိုလိုပါတယ်”ဟု လည်းကောင်း၊ “ ကျွန်တော်ကငြိမ်းချမ်းရေးကို တကယ်လိုလားပါတယ်။ ဒါပေမဲ့အဲဒါကိုစိတ်ကောင်းစေတနာရယ်၊ ငြိမ်းချမ်းရေးရဖို့ စိတ်အားထက်သန်မှုရယ် နဲ့အကောင်အထည်ဖော်ကြရမယ်။ လူတွေကအပစ်အခတ်ရပ်စဲရေးလောက်နဲ့ တင်ဝမ်းသာ နေကြတယ်။သူတို့ကဒါဟာ ငြိမ်းချမ်းရေးရတာမဟုတ်သေးဘူး။ အပစ်အခတ်ရပ်စဲရေးလောက်ပဲရှိသေးတယ် ဆိုတာကိုနားတောင်မလည်ကြဘူး။ စစ်မှန်တဲ့ငြိမ်းချမ်းရေးကိုသာရမယ်ဆိုရင် ဒီထက်ပိုပြီးသူတို့ပျော်ကြမှာ”ဟု အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။

အခြားသူများကမူ၊ စစ်မှန်သောငြိမ်းချမ်းရေးဟူသော သဘောသဘာဝအတွင်း ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် နှင့်တန်းတူညီမျှသောတိုင်းရင်းသားလူမျိုးစု အခွင့်အရေးဟူသည့်အယူအဆသဘောထားတို့ကို ထည့်သွင်းအသုံးပြု ပြောဆိုခဲ့ကြသည်။ စစ်သားတို့က စစ်မှန်၍ရိုးသားဖြောင့်မှန်မှုရှိသောငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် သာတူညီမျှရှိသော ဖယ်ဒရယ်စနစ်တစ်ခုအောက်၌ မြန်မာပြည်ရှိတိုင်းရင်းသားမျိုးနွယ်စုတိုင်း၏အခွင့်အရေး ကိုအသိမှတ်ပြုသော လုပ်ငန်းစဉ် တစ်ရပ်ဖြစ်ရမည်ဟုအခိုင်အမာ ဆိုခဲ့ကြသည်။ “ ကျွန်တော်တို့ကငြိမ်းချမ်းစွာနေထိုင်ရေးနဲ့ မိမိဘာသာ စကားကိုအသုံးပြုနိုင်ရေးတို့အတွက် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် နဲ့လူတွေကိုလွတ်လွတ်လပ်လပ်လှုပ်ရှား သွားလာခွင့်ပေးပါ။”ဟုစစ်သားတစ်ဦးကရှင်းပြခဲ့ပြီး၊ အခြားတစ်ဦးက “အစိုးရက စာနာထောက်ထားမှုရှိပြီး၊ ကရင်နီလူမျိုးတွေအတွက် လွတ်လပ်ခွင့်နဲ့တန်းတူအခွင့်အရေးတွေကို အမှန်တကယ်လိုလားတယ် ဆိုရင်ကောင်းမှာပါ” ဟုဖွင့်ဟပြောကြားခဲ့သည်။

## အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များအပေါ် လိုက်နာထိန်းသိမ်းခြင်း

စစ်မှန်၍တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးဆွတ်ခူးနိုင်ရန် မျှော်လင့်ချက်ဖြင့်၊ ခြေလျင်စစ်သားဦးရေအများအပြား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အစိုးရ စစ်အင်အားနှစ်ဘက်လုံးတို့ကို အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ၌ ပြဌာန်းထားသောစည်းကမ်းချက်များအား လိုက်နာဆောင်ရွက်စေလိုကြောင်း ဆန္ဒကိုအသေးစိတ်ပြောကြားခဲ့ကြသည်။ ၎င်းဆန္ဒသည်တပ်ဖွဲ့အသစ်များအင်အားတိုးချဲ့ခြင်း၊ နှင့်နယ်နိမိတ်ဖုံများ တလျှောက်လက်နက်ကိုင်ဆောင်ခြင်း နှင့်ယူနီဖောင်းဝတ်ဆင်၍ ခရီးသွားလာခြင်းတားဆီးပိတ်ပင်ခြင်းတို့ကို ရပ်တန့်စေခြင်းအထိတိုးချဲ့ဖြစ်ပေါ်လျက်ရှိသည်ကိုစကားစမြည်ဝိုင်းများကထင်ဟပ်ပြသခဲ့ကြသည်။အချို့စစ်သားတို့ ကမူ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အကောင်အထည်ဖော်ခြင်းအား NSAGအဖွဲ့တို့၌ အစိုးရထက် သာလွန်၍ထင်ရှားစွာတွေ့ရှိရသည်ဟူသော အယူအဆကိုထုတ်ဖော်ပြောကြားခဲ့သည်။ “စည်းကမ်းချက်တွေကို နှစ်ဖက်စလုံးကလိုက်နာကြဖို့လိုအပ်တယ်။ ဥပမာအနေနဲ့ကျွန်တော်တို့ကမြို့ထဲကိုသွားရင်လက်နက်ကိုင်ဆောင် ခွင့်မရှိဘူး။ ဒါပေမဲ့အစိုးရစစ်သားတွေကတော့ မြို့ထဲမှာသူတို့ရဲ့သေနတ်တွေကိုင်ပြီးသွားကြတယ်” ဟုစစ်သားတစ်ဦးကဆိုခဲ့ပြီး “(အစိုးရကို) ရှေ့တန်းစစ်မြေပြင်တပ်စခန်းတွေရုတ်သိမ်းဖို့၊ တပ်သားသစ်တွေ ထပ်မတိုးဖို့ပြောချင်ပါတယ်။ ကျွန်တော်တို့ဘက်ကတော့ အဲဒီလိုလုပ်ရပ်တွေမလုပ်တော့ပါဘူး။ သူတို့ဘက်ကလဲ ကျွန်တော်တို့လိုပဲဖြစ်သင့်ပါတယ်။”ဟုအခြားတပ်သားတစ်ဦးကရှင်းလင်းပြောဆိုခဲ့သည်။

ထိုအပစ်အခတ်ရပ်စဲရေးသဘောတူညီခြင်း နှင့် အကောင်အထည်ဖော်ဆောင်ခြင်းတို့အပေါ်ပူပန်မှုများ နှင့်ဆက်စပ်၍ NSAGSတို့နှင့်အစိုးရတို့အကြား ယုံကြည်မှုတည်ဆောက်ရန် လိုအပ်ချက်ကိုလည်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ တပ်ဖျက်သိမ်းရေးသည် အစိုးရ၏ရည်ရွယ်ချက်အပေါ် သာလွန်သောယုံကြည်မှုနှင့် စိတ်ချမှုတို့မရှိဘဲနှင့် ဖြစ်လာနိုင်ခြေရှိမည် မဟုတ်ကြောင်း စစ်သည်များစွာတို့ကယုံကြည်ကြသည်။ “လက်နက်ဖျက်သိမ်းရေးက တဖြည်းဖြည်းနဲ့ဖြစ်လာမှာပါ။ ယုံကြည်မှုတည်ဆောက်ပြီးတော့မှ အဲဒါဖြစ်လာမှာပါ။”ဟုတပ်သား တစ်ဦးက ရှင်းပြခဲ့သည်။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်သောသတင်းအချက်အလက်ပိုမိုရရှိခြင်း

စကားဝိုင်းများတလျှောက် KNPPခေါင်းဆောင်များ နှင့်အစိုးရအကြား ငြိမ်းချမ်းရေးစေ့စပ်ညှိနှိုင်းရေးပွဲများ လက်ရှိပြုလုပ်နေသည်ကို စစ်သားများကသိရှိသတိပြုမိကြသော်လည်း၊ အများစုကလုပ်ငန်းစဉ် နှင့်ပတ်သက်၍ တိကျသေချာသောဗဟုသုတ အမြင်မရှိကြသေးသည်ကိုနားထောင်သူတို့က လေ့လာတွေ့ရှိခဲ့ကြသည်။ စစ်သားများစွာတို့က အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် အသေးစိတ်တို့ကိုလက်လှမ်းမီသိရှိခွင့်မရကြဘဲ၊ မည်သည့်အချက်များ ပါဝင်လျက်ရှိကြောင်းကိုရေရာစွာမသိရှိကြောင်း “သဘောတူညီချက်တွေနဲ့ပတ်သက်ပြီး ကျွန်တော်ဘာမှမသိပါဘူး၊ ကျွန်တော်တို့တွေအဲဒါတွေကိုသိအောင် လုပ်ပေးသင့်ပါတယ်” ဟုတပ်သား တစ်ဦးကတင်ပြခဲ့သည်။ ထိုကဲ့သို့ သတင်းအချက်အလက်များမရရှိခြင်းကြောင့် အချို့သောစစ်သားတို့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်သော သူတို့၏အကြံဉာဏ်ယူဆချက်တို့ကိုဆွေးနွေးပြောဆိုရန် မဝံ့မရဲဖြစ် ကြလေသည်။ရဲဘော်တစ်ဦးက “ငြိမ်းချမ်းရေးသဘောတူညီချက်တွေနဲ့ ပတ်သက်ပြီး ကျွန်တော်နားလည်မလည်ဘူး၊

ဗဟုသုတလဲမရှိပါဘူး။ အဲဒါကြောင့်ဘာတွေထည့်သွင်း ဆွေးနွေးရမလဲဆိုတာ ကျွန်တော်မသိဘူး” ဟုမှတ်ချက်ချခဲ့လေသည်။ သတင်းအချက်အလက်များမရရှိကြောင်း နှင့်ပတ်သက်၍ပူပန်ချက်တို့ကို ဖွင့်ဟပြောဆိုခဲ့ကြသော်လည်း၊ KNPPဦးဆောင်မှုအပေါ် ယုံကြည်ချက်ရှိကြောင်း၊ သူတို့၏အမိန့်များ နှင့်လမ်းညွှန်ချက်များကို စိတ်အားထက်သန်စွာနာခံလိုက်နာကြမည်ဖြစ်ကြောင်း ကိုမူရဲဘော်အများအပြားက ခိုင်မာစွာဝန်ခံပြောဆိုကြသည်။ “ကျွန်တော်တို့စစ်သားတွေက၊ ကျွန်တော်တို့ခေါင်းဆောင်အမိန့်ကိုနာခံရတယ်။ သူတို့ကတိုက်ဆိုရင်၊ကျွန်တော်တို့ကတိုက်ရမှာဘဲ”ဟုတပ်သားတစ်ဦးကဆိုခဲ့သည်။

## လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်တိုးမြှင့်လာခြင်း

လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်အား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း အရေးကြီးသောလိုအပ်ချက်နှင့်အာရုံစိုက် စရာအချက်တစ်ခုအဖြစ်ထုတ်ဖော်ပြောကြားခဲ့ကြလေသည်။ ငြိမ်းချမ်းရေး စေ့စပ်ညှိနှိုင်းခြင်းတို့ စတင်လုပ်ဆောင်၍ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြသော်လည်း၊ ခရီးသွားလာခွင့်ကိုမူဆက်လက် ကန့်သတ်ချုပ်ချယ်မြဲဖြစ်သည်။ ငြိမ်းချမ်းရေးစေ့စပ်ညှိနှိုင်းရေးတို့ကို စတင် လုပ်ဆောင်ချိန်မှစ၍ သွားလာလှုပ်ရှား ခွင့်တို့တိုးမြှင့်ရရှိလာခဲ့ကြောင်းကို KNPPတပ်သားတို့ကအသိအမှတ်ပြုကြသော်လည်း၊ ပို၍လွတ်လပ်စွာသွားလာလှုပ်ရှား နိုင်ခြင်း နှင့်မိမိတို့အတွက်၊ မိမိတို့မိသားစုဝင်များအတွက်၊ အသက်မွေးဝမ်း ကျောင်းအခွင့်အလမ်းများကို ပိုမိုလက်လှမ်းမှီရရှိခွင့်ကိုလိုလားလျက်ရှိကြောင်းပြောကြားခဲ့သည်။ အထက်တွင် ဖော်ပြခဲ့သကဲ့သို့ပင် စစ်သားများအတွက်မူ၊ စစ်မှန်သောငြိမ်းချမ်းရေးဟူသောဝေါဟာရသည် တိုင်းပြည်အတွင်း ကန့်သတ်ချုပ်ချယ်မှုမရှိဘဲခရီးသွားလာနိုင်ခြင်းဟုအဓိပ္ပာယ်ရလျက်ရှိသည်။ “လွတ်လပ်စွာသွားလာ လှုပ်ရှားခွင့်ရဖို့လိုတယ်။ လွတ်လွတ်လပ်လပ်သွားနိုင်လာနိုင်ပြီး ဝမ်းစာရှာဖို့အလုပ်လုပ်နိုင်မယ်ဆိုရင် ကျွန်တော်တို့ သေနတ် မကိုင်တော့ဘူး”ဟုတင်ပြအစီရင်ခံခဲ့ကြသည်။

## တပ်ဖျက်သိမ်းရန်စောလွန်းသေးခြင်း

စစ်သားအများစုတို့က လက်ရှိအချိန်သည် တပ်ဖျက်သိမ်းရေးလုပ်ငန်းစဉ်အား စတင်ရန်အတွက်စောလွန်းသေးသည် ဟုယုံကြည်ကြကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ရိုးသားဖြောင့်မှန်ခြင်းနှင့် အစိုးရ၏ငြိမ်းချမ်းရေးအပေါ်ကတိသစ္စာထားရှိမှုတို့ဆိုင်ရာ မရေရာမှုများရှိလျက်နေသေးသဖြင့် မိမိကိုယ်ကို နှင့် ကရင်နီလူထုတို့ကိုခုခံကာကွယ်ပေးနိုင်ရန်အတွက် လက်နက်များကို ဆက်လက်ထိန်းသိမ်းကိုင်ဆောင်ရန်လိုအပ် သည်ဟု ခံစားမိခဲ့ကြောင်း ကိုရှင်းပြခဲ့ကြသည်။ “လက်နက်ဖျက်သိမ်းရေးက အစိုးရအပေါ် မူတည်တယ်။ ဖိနှိပ်ချုပ်ချယ်မှုတွေရှိရင်တော့ ကျွန်တော်တို့ဆက်ပြီးတိုက်ကြရမှာပဲ”ဟု စစ်သားတစ်ဦးကကောက်ချက်ချခဲ့သည်။

စစ်သားအရေအတွက်အတော်များများတို့က လက်ရှိစေ့စပ်ဆွေးနွေးခြင်းများက ဖိနှိပ်ချုပ်ချယ်ခြင်း နှင့် အဆင့် အတန်းခွဲခြားခြင်းတို့မရှိဘဲ လွတ်လပ်စွာနေထိုင်နိုင်ခြင်း ပါဝင်သောစစ်မှန်သည့်ငြိမ်းချမ်းရေးကိုယူဆောင်လာစေမည် ဟူသော ယုံကြည်မှုကို ခံစားရခြင်းမရှိပါက တပ်ဖျက်သိမ်းခြင်းကိစ္စဖြစ်လာနိုင်ချေရှိမည် မဟုတ်ကြောင်း ပြောပြခဲ့ကြသည်။ “ဖိနှိပ်ခြင်းမခံရဘူးဆိုရင်ကျွန်တော်တို့မှာ လက်နက်ကိုင်စရာအကြောင်းမရှိဘူး၊ သူတို့လာတိုက်ရင်

ကျွန်တော်တို့လဲပြန်တိုက်ရမှာဘဲ။ စစ်ပွဲဖြစ်ပြီဆိုရင်ကျွန်တော်တို့ သေနတ်မကိုင်ချင်ပေမဲ့ ကိုင်ဖို့လိုအပ်တယ်။”ဟုရဲဘော်တစ်ဦးကရှင်းပြခဲ့သည်။

အခြားရဲဘော်တို့ကလည်း KNPPခေါင်းဆောင်တို့အပေါ် သူတို့၏သစ္စာရှိမှုကို ထောက်ခံပြောဆိုခဲ့ကြပြီး၊ တပ်ဖျက်သိမ်းရေးသည် ခေါင်းဆောင်တို့၏ဆုံးဖြတ်ချက်တို့အပေါ်တွင် မူတည်လျက်ရှိသည်ဟုတင်ပြကြသည်။ သူတို့အားတိုက်ခိုက်ရန်အမိန့်ချမှတ်ပါက တိုက်ခိုက်မည်ဖြစ်ပြီး၊ ထိုနည်းတူစွာပင်လက်နက်ချရန် KNPPခေါင်းဆောင်တို့က အမိန့်ပေးပါကလည်းလိုက်နာမည်ဖြစ်သည် ဟုစစ်သားတို့ကအခိုင်အမာပြောကြားခဲ့ကြသည်။ တပ်ဖျက်သိမ်းရေးကိစ္စကိုပြောကြားခဲ့သောတပ်သားက “ ခေါင်းဆောင်တွေအပေါ်မူတည်တယ်။ သူတို့ကတိုက် လို့ပြောလာရင် ၏ ကျွန်တော်တို့တိုက်မယ်”ဟုဆိုခဲ့သည်။

သာမန်အရပ်သားဘဝ (သို့မဟုတ်) တိုင်းပြည်လုံခြုံရေးအင်အား

ပြန်လည်ပေါင်းစည်းရေးနှင့်ပတ်သက်၍ စစ်သားတို့က စစ်မှန်သောငြိမ်းချမ်းရေးရရှိခဲ့ပါက နယ်စပ်စောင့်ကြည့်ရေးတပ်အစား သာမန်အရပ်သားဘဝသို့ပြန်လည်ပေါင်းစည်းရေး (သို့မဟုတ်) ပြည်နယ်လုံခြုံရေးအင်အားစု၌ ဆက်လက်ပါဝင်ရန်ဆန္ဒရှိကြသည်ဟုဆိုကြသည်။ သာမန်အရပ်သားဘဝသို့ပြန်လည်နေထိုင်လိုကြောင်းပြောကြားခဲ့သောတပ်သားတို့က ပင်ပန်းနွမ်းနယ်သော ခံစားချက်သဘောထားတို့ကို ဖွင့်ဟပြောကြားခဲ့ကြသည်။ KNPPစစ်သားအများစုတို့သည်သူတို့၏တစ်ဘဝလုံးနီးပါးမျှတိုက်ပွဲဝင်ခဲ့ကြရပြီး မိသားစုတို့နှင့်ပြန်လည်ပေါင်းစည်းလိုခြင်း နှင့်ယခင်နေထိုင်ခဲ့သောရပ်ရွာများသို့ပြန်ရန် မျှော်လင့်ကြကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ စစ်သားတစ်ဦးကအောက်ပါအတိုင်းသုံးသပ်ပြခဲ့သည်။

“ ကျွန်တော်ကတော့ လူငယ်တွေကိုသေနတ်တွေမကိုင်စေချင်ဘူး။ ဒါကလူသတ်တဲ့အလုပ်ဘဲ။ သူတို့တွေ သေနတ်ကိုင်မယ်ဆိုရင် ကိုယ်ရောစိတ်ပါဒဏ်ရာအနာတရဖြစ်ကြလိမ့်မယ်။ စိတ်ပိုင်းဆိုင်ရာအရနှောင့်နှေးသွားမယ်။ စစ်သားတစ်ယောက်ရဲ့ဘဝကပင်ပန်းလွန်းတယ်။ သူတို့ကအမိန့်နာခံကြပြီးဘာမှထပ်ပြီးမစဉ်းစားတတ်ကြတော့ဘူး။”

ထို့အပြင်အခြား စစ်သားတို့ကစစ်တပ်အတွင်း (သို့မဟုတ်) လုံခြုံရေးနယ်ပယ်အတွင်း၌ ဆက်လက်တာဝန်ထမ်းဆောင်လိုသည်သူတို့၏လိုလားချက်ကိုရှင်းလင်းစွာပြောကြားခဲ့ကြသည်။ယင်းအနာဂါတ်ကိုတွေးဆကြည့်စဥ်လိုအပ်ပါက KNPPအဖွဲ့ဝင်တစ်ယောက်ဖြစ်ရန်ဖြစ်နိုင်ချေမရှိတော့ပါက ဖယ်ဒရယ်တပ်မတော်၌ပါဝင်လိုကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ စစ်သားများစွာတို့အတွက်မူ လုံခြုံရေးကဏ္ဍ၌ ဆက်လက်တာဝန်ထမ်းဆောင်လိုသောဆန္ဒသည်ပြည်သူတို့အား ပြည်တွင်းသာမက၊ပြည်ပရန်တို့မှဆက်လက်ကာကွယ်လိုသော ဆန္ဒမှတဆင့်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်လေသည်။ “ ကျွန်တော်လုံခြုံရေးကဏ္ဍကိုဆက်ပြီး တာဝန်ယူချင်တာအကြောင်းပြချက် (၂)ခုရှိတယ်။ တစ်ခုကတော့ကျွန်တော်တို့ပြည်နယ် နဲ့ကျွန်တော်တို့ပြည်သူတွေရဲ့လုံခြုံမှုအတွက် ဘာလို့လဲဆိုတော့ အခြေအနေကယုံလို့မရသေးဘူး။ကျန်တဲ့တစ်ခုကတော့ တခြားတိုင်းပြည်တွေရဲ့အန္တရာယ်ကနေ ကာကွယ်ဖို့ဖြစ်တယ်”ဟု စစ်သားတစ်ဦးက ရှင်းပြခဲ့သည်။

ပြန်လည်ပေါင်းစည်းရေးအထောက်အပံ့လိုလားခြင်း

စစ်သားအများစုကပြန်လည်ပေါင်းစည်းရေးမှာ စိန်ခေါ်မှုအခက်အခဲတစ်ရပ်ဖြစ်မည် ဟုယူဆထားကြပြီး၊သူတို့ထံ၌ လိုအပ်သော အတတ်ပညာကျွမ်းကျင်မှုမရှိကြသည့်အတွက် စိုးရိမ်ပူပန်ရှိကြသည်။ သူတို့ထံ၌ အထောက်အပံ့အခြားရွေးချယ်စရာ စီးပွားရေးအခွင့်အလမ်းများနှင့် အတတ်ပညာသင်ရန် လိုအပ်မည်ဖြစ်ကြောင်း ရဲဘော်အများအပြားကသတိပြုမိကြသည်။ပြန်လည်ပေါင်းစည်းခြင်း၏အခက်အခဲစိန်ခေါ်မှုများအားရဲဘော်တစ်ဦးကဤသို့ဆိုခဲ့သည်။"အကယ်၍ ကျွန်တော်ပြန်ရမယ်ဆိုရင် အရာအားလုံးကိုအစကနေပြန်စရမှာကိုစိုးရိမ်မိတယ်။ အိမ်တလုံးဆောက်ဖို့တောင်မှတိုင်ကအစရှာရမယ်။ ပိုက်ဆံလည်းမရှိဘူး၊ ကျွန်တော်ကသေနတ်ပဲကိုင်တတ်တာ၊ အခက်အခဲတွေရမှာပဲ၊ ဘယ်နေရာမှာနေရမလဲဆိုတာလဲမသိဘူး၊ နေရာချထားပေးတဲ့နေရာမှာနေရမလား၊ ကိုယ့်ရွာကိုပြန်ရမလားဆိုတာမသိဘူး။"

စစ်သားဦးရေအတော်များများအတွက်မူပြန်လည်ပေါင်းစည်းခြင်းသည် "ဘဝကိုအစကနေပြန်စရန် လိုအပ်သည် "ဟု ရှင်းလင်းပြောကြားခဲ့ကြသည်။စစ်သားအချို့က မည်သည့်ပြန်လည်ပေါင်းစည်းရေးအထောက်အပံ့ လိုအပ်မည်ဟူ၍ အတိအကျပြောဆိုခဲ့ကြသည်။ စိုက်ပျိုးရန်မြေလိုအပ်ကြောင်း နှင့်သူတို့ယခင်ပိုင်ဆိုင်သောမြေများအား ပြန်လည် ပိုင်ဆိုင်လိုခြင်းစသည်တို့ကို ဖော်ထုတ်ပြောဆိုခဲ့ကြသည်။ "တခြားနေရာ (ပြန်လည်နေရာချပေးတဲ့မြေနေရာ) တွေမှာနေရမယ်ဆိုရင်တော့ ကျွန်တော်တို့ကဒုက္ခသည်တွေလိုဘဲဘာမှပိုင်ဆိုင်မှုမရှိဘဲဖြစ်နေမှာ။ မြေတွေကို မူလနေထိုင်တဲ့ပိုင်ရှင်တွေကပြန်ရသင့်တယ်။ ကျွန်တော်တို့နေရင်းဒေသမှာ ကိုယ်ပိုင်မြေတွေနဲ့လယ်တွေရှိတယ်" ဟုစစ်သားတစ်ဦးကပြောပြခဲ့သည်။ သို့ရာတွင်နေရပ်သို့ပြန်လည်နေထိုင်ခြင်းသည် အစိုးရစစ်တပ်နှင့်စစ်ရေး လှုပ်ရှားမှုများကိုရှေ့ဆိုင်းနောက်ဆုတ်ခြင်း နှင့်နယ်မြေရှင်းလင်းခြင်းတို့ပြုလုပ်ရန် လိုအပ်ကြောင်းကို အလေးပေးပြောကြားခဲ့ကြသည်။ "စစ်တပ်စခန်းတွေရှိနေပြီး မြေမြှုပ်မိုင်းတွေဆက်ပြီးမြှုပ်ထားမယ်ဆိုရင်တော့ ကျွန်တော် တို့ရှင်သန်စားသောက်ရေးအတွက် ဘာမှလုပ်လို့မရဘူး"ဟု တပ်သားတစ်ဦးကရှင်းပြခဲ့သည်။

အထူးသဖြင့် သစ်တောဖြုန်းတီးမှုထူထပ်စွာဒဏ်ခံခဲ့ရသော သံလွင်မြစ်အနောက်ဖက်ကမ်းနှင့်နိုင်းယှဉ်ပါက စိုက်ပျိုးရေးအခွင့်အလမ်းများ ပိုမိုကောင်းမွန်သည်ဟုယုံကြည်ထားသော သံလွင်မြစ်၏အရှေ့ဘက်ကမ်း၌ အခြေချ နေထိုင်လိုကြကြောင်းကိုစစ်သားတို့ကပြောဆိုခဲ့သည်။ "သံလွင်မြစ်အရှေ့ဘက်ကမ်းမှာနေချင်တယ်၊ ဘာလို့လဲဆိုတော့ အဲဒီကိုသွားတာက အဖုံးအလွှယ်တကူဖုံးလို့ရတဲ့ အိုးထဲဝင်ရသလိုဘဲဖြစ်မှာသံလွင်မြစ်ကမ်းနဖူးက အိမ်ဆောက်ဖို့သစ်တွေဝါးတွေလိုမျိုးသဘာဝအရင်းအမြစ်တွေ ကြွယ်ဝတယ်။ အဲဒီမှာမြေရိုင်းတွေရှိတယ်။ အဲဒီမြေရိုင်းတွေကိုစိုက်ပျိုးမြေတွေအဖြစ်ပြောင်းလို့ရတယ်။"ဟုစစ်သားတစ်ဦးကပြောကြားခဲ့သည်။

အချို့သောသူများက အထောက်အပံ့ဟူသော အတွေးအခေါ်များတွင် ရင်းနှီးငွေ နှင့်အသစ်သော နေထိုင်မှုပုံစံများကိုစတင်တည်ဆောက်ရာ၌ အခြေခံစားကုန်နှင့်စိုက်ပျိုးရေးကိရိယာတို့အပါအဝင် အပါအဝင် လိုအပ်သော အခြားအခြေခံလိုအပ်ချက်တို့ပံ့ပိုးပေးခြင်းတို့တိုင်အောင် ဖြန့်ကျက်ထည့်သွင်းထားကြလေသည်။ "ငြိမ်းချမ်းရေးရပြီးရင်တော့သာမန်အရပ်သားဘဝကို လိုချင်တယ်။ အိမ်လေးတစ်လုံးရှိမယ်၊ လယ်လုပ်မယ်၊ ကိုယ့်လယ်ကွင်းမှာကိုယ်အလုပ်လုပ်မယ်။အဲဒီအတွက်စိုက်ပျိုးရေးကိရိယာတွေ (စက်တွေ)ရယ်၊ ကုန်ပစ္စည်း တွေရောင်းချဖို့ဈေးတစ်ခုရယ် လိုမယ်"ဟုစစ်သားတစ်ဦးကပြောကြားခဲ့သည်။

ပြန်လည်ပေါင်းစည်းရေးနှင့်ပတ်သက်၍ကြားရသော အခြားအများပူပန်ချက်တစ်ရပ်မှာ စစ်တပ်ပြင်ပဘဝ အသစ်တစ်ခုစတင်ရန်ပညာရေးနှင့်ဗဟုသုတကင်းမဲ့ခြင်းပင်ဖြစ်သည်။ " ကျွန်တော်မှာပညာမတတ်တဲ့အတွက်ကြောင့် ရှေ့ဆက်ပြီးဘယ်လိုရှင်သန်ရမယ်ဆိုတာကိုစိုးရိမ်မိတယ်"ဟုစစ်သားတစ်ဦးက ပြောကြားခဲ့သည်။ ရံဖန်ရံခါပင် ယင်းပူပန်မှုတို့ကမိသားစုဝင်များထံသို့လည်းပျံ့နှံ့သွားခဲ့ပြီး၊ ၎င်းပူပန်မှုတို့နှင့်ယှဉ်တွဲ၍ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် အခြားသောလူမှုရေးဝန်ဆောင်မှုစင်တာများ တည်ဆောက်ခြင်းစသည့် ပို၍ကြီးမြတ်သော ဖွံ့ဖြိုးတိုးတက်မှုများကိုတွေ့မြင်လိုသောဆန္ဒတို့ကိုလည်း ဖော်ထုတ်ပြောကြားခဲ့ကြသည်။ မိမိ၏ပညာရေးနှင့် ပတ်သက်၍စစ်သားတစ်ဦးက "ကျွန်တော်စာမတတ်ဘူးဆိုတော့ ဝမ်းရေးအတွက်ဘာမဆိုလုပ်ရတယ်။ ကျွန်တော့်ကလေးတွေကိုပညာတတ်ဖြစ်စေချင်တယ်။ သူတို့ကိုစာမတတ်ပေမတတ်မဖြစ်စေချင်ဘူး၊ ကျွန်တော်က ကိုယ့်မိသားစုနဲ့ အိမ်လေးတစ်လုံးမှာ၊ ပြီးတော့ကိုယ့်လယ်ထဲမှာကိုယ် အလုပ်လုပ်ရင်းနဲ့နေချင် တယ်"ဟု ပြောကြားခဲ့သည်။

KNPPခေါင်းဆောင်မှုအပေါ်သစ္စာရှိခြင်း

တပ်ဖျက်သိမ်းခြင်းနှင့်ပတ်သက်၍ ကိုးကားပြောဆိုကြရာတွင် နားထောင်ခြင်းစကားဝိုင်းများအတွင်း ပေါ်ထွက်လာခဲ့သည့် ထပ်ဖန်တလဲလဲပေါ်ပေါက်ခဲ့သည့်အကြောင်းအရာခေါင်းစဉ်တစ်ခုမှာ စစ်သားများ၏ KNPPခေါင်းဆောင်မှုအပေါ်ထားရှိသော ကတိသစ္စာတစ်ရပ်ပင်ဖြစ်သည်။ စစ်သားများကငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်သူတို့၏ဘဝများအတွက် မျှော်လင့်ချက်များကို ဆွေးနွေးပြောဆိုကြစဉ်အခါတွင် သူတို့၏ခေါင်းဆောင်များ၏ အမိန့်တို့ကိုလိုက်နာပါမည်ဟူ၍ရံဖန်ရံခါပင် အလေးအနက်ပြောကြားခဲ့ကြသည်။ တပ်ဖျက်သိမ်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ လက်ရှိအခြေအနေ၊ စစ်မှန်သောငြိမ်းချမ်းရေး (သို့မဟုတ်) သူတို့၏အနာဂါတ်နှင့် ဖြစ်နိုင်ချေများ စသည့်အကြောင်းအရာများစွာတို့ကိုဆွေးနွေးကြစဉ်အခါတိုင်း၊ တပ်သားတို့က ခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်များနှင့် စစ်သည်အားလုံး၏လိုအပ်ချက်များ နှင့် ပူပန်မှုတို့အား ကိုယ်စားပြုနိုင်သော သူတို့၏စွမ်းရည်တို့အပေါ်သစ္စာစောင့်သိကြောင်းကို ထုတ်ဖော်ပြောကြားလေ့ရှိကြသည်။ "ကျွန်တော့်တို့ခေါင်းဆောင်တွေကိုနာခံလိုက်နာရပါမယ်။ကျွန်တော်တို့ကစစ်သားတွေဖြစ်လို့"ဟုစစ်သားတစ်ဦးကဆိုခဲ့သည်။

ထပ်တိုးစိစစ်သုံးသပ်ချက်

အချို့သောစကားစမြည်ဝိုင်းများမှကြားခဲ့ရသော အခြားအရေးကြီးသည့်သဘောထားအမြင်တို့မှာ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား တောင့်တင်းခိုင်မာစေရန်စစ်သားများ၏ အကြံပြုချက်များပင်ဖြစ်သည်။ စစ်သားအနည်းငယ်က လူထုအခြေပြုအဖွဲ့အစည်းအဖွဲ့ဝင်တို့ နှင့် နိုင်ငံတကာမှ ပါဝင်ပတ်သက်လှုပ်ရှားသူတို့အား စေ့စပ်ညှိနှိုင်းပွဲများတွင်ပါဝင်စေခြင်း၏အရေးကြီးပုံကိုထည့်သွင်းပြောဆိုခဲ့ကြသည်။ အထူးသဖြင့်စစ်သားတစ်ဦးကမူ လုပ်ငန်းစဉ်ကျိုးကြောင်းညီညွတ်မှုရှိစေရန်အတွက် ဒေသခံပါဝင်ပတ်သက်သူတို့ကို လုပ်ငန်းစဉ်အတွင်း ချိတ်ဆက်ပါဝင်ခြင်းအားဖြင့် လူထုအဖွဲ့အစည်းတို့အားညှိနှိုင်းတိုင်ပင်ရန် လိုအပ်ကြောင်း အလေးပေး ပြောကြားခဲ့သည်။ အထက်တွင်ဖော်ပြထား သကဲ့သို့ပင်၊ သတင်း အချက်အလက်များမရရှိခြင်းက ခြေလျင်တပ်သားတို့အကြား အထီးကျန်ဖြစ်ခြင်း နှင့်ယုံကြည်မှုကင်းမဲ့ခြင်းတို့ကိုခိုင်မာတည်တံ့စေသဖြင့်

လူထုအဖွဲ့အစည်းများအား ပါဝင်ပတ်သက်စေခြင်း နှင့် သတင်းအချက်အလက်များတိုးမြှင့်ရရှိခြင်းတို့က မြန်မာပြည်ငြိမ်းချမ်းရေးတိုးတက်အောင်မြင်စေရန် အထောက်အကူပြုလိမ့်မည် ဟုစစ်သားတို့ကယုံကြည်ကြသည်။

ကရင်အမျိုးသားအစည်းအရုံး (KNU)

ဇယား၁၀။ KNU ခြေလျင်တပ်သားများထံမှ အများသဘောတူချက်အဖြစ်ကြားခဲ့ရသော အကြောင်းအရာခေါင်းစဉ်များ

၁။တပ်ဖျက်သိမ်းရေးကိုစဉ်းစားရန်စောလွန်းသေးသည်။

၂။စစ်မှန်သောငြိမ်းချမ်းရေးနှင့်ရိုးသားဖြောင့်မှန်၍စစ်မှန်သောငြိမ်းချမ်းရေးလုပ်ငန်းစဉ်အားလိုလားဆန္ဒရှိသည်။

၃။ KNUခေါင်းဆောင်မှုကိုနာခံလိုက်နာရန်ကတိသစ္စာရှိသည်။

၄။ KNUနယ်မြေများတွင်တပ်မတော်တည်ရှိနေခြင်းလျှော့ချရန်လိုအပ်သည်။

၅။လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်တိုးမြှင့်ရရှိခြင်းအပေါ်အပြုသဘောဆောင်သောခံစားချက်သဘောထားများရှိသည်။

၆။ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့်တန်းတူအခွင့်အရေးကိုလိုလားသည်။

၇။အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များကိုလိုက်နာထိန်းသိမ်းရန်လိုအပ်သည်။

၈။ယုံကြည်မှုတည်ဆောက်ရန်လိုအပ်သည်။

၉။စစ်မှန်သောငြိမ်းချမ်းရေးရရှိပြီးပါကသာမန်အရပ်သားဘဝသို့ပြန်လည်ပေါင်းစည်းခြင်း၊
KNUအတွက်ဆက်လက်ကျန်ရှိခြင်းသို့မဟုတ်
KNUခေါင်းဆောင်မှုမှထိန်းချုပ်စီမံပါကဖယ်ဒရယ်လုံခြုံရေးအင်အားစုတပ်ဖွဲ့၌ပူးပေါင်းလိုကြသည်။

၁၀။စစ်မှန်သောငြိမ်းချမ်းရေးကိုရရှိပြီးပါကပြန်လည်ထူထောင်ရေးအကူညီနှင့်အထောက်အပံ့ကိုလိုအပ်သည်။

၁၁။ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်သောသတင်းအချက်အလက်တို့ကိုပိုမိုရရှိလိုသည်။

၁၂။ KNU နှင့်အစိုးရခေါင်းဆောင်တို့အကြားပိုမိုကောင်းမွန်သောဆက်သွယ်ဆက်ဆံရေးရှိရန်လိုသည်။

၁၃။ KNUအတွင်း၌ပိုမိုစည်းလုံးညီညွတ်မှုရှိရန်လိုအပ်သည်။

## တပ်ဖျက်သိမ်းရေးကိုစဉ်းစားရန်စောလွန်းခြင်း

KNU စစ်သားတို့ထံမှအများသဘောတူညီမှုအရှိဆုံးအဖြစ်ကြားရသော အကြောင်းအရာမှာ တပ်ဖျက်သိမ်းရေးသို့မဟုတ်လက်နက်ဖျက်သိမ်းရေးကိုစဉ်းစားရန် စောလွန်းသေးသည်ဟူသော အချက်ပင်ဖြစ်သည်။ လက်နက်များဆက်လက်ကိုင်ဆောင်ထိန်းသိမ်းခြင်းအပေါ် ခိုင်မာသောသဘောထားများရှိသည် ကိုစစ်သားများကအစီရင်ခံကြသည်။ စစ်သားတစ်ဦးက “ကျွန်တော်လက်နက်ချရမယ်ဆိုရင် ကျွန်တော်ခေါင်းကို ဖြတ်လိုက်တာနဲ့အတူတူပဲ”ဟူ၍

မိမိကိုယ်ကိုကာကွယ်ရန်နှင့် ကရင်ပြည်နယ်ရှိအခြားပြည်သူတို့ကို ကာကွယ်ရန်လိုအပ်ပုံကို အလေးပေး ပြောဆိုခဲ့သည်။ တပ်ဖျက်သိမ်းခြင်းအပေါ် အတိုက်အခံပြုလျက်ရှိကြသော်လည်း၊ သူတို့ခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်များကိုနာခံမည်ဟူ၍ စစ်သားတစ်ဦးကဤသို့ထောက်ခံပြောကြားခဲ့သည်။ " ကျွန်တော့်ဆန္ဒကတော့ လက်နက်မဖျက်သိမ်းချင်ဘူး။ ဒါပေမဲ့လည်းကျွန်တော့်ခေါင်းဆောင်ပိုင်းက လက်နက်ဖျက်သိမ်းဖို့ဆုံးဖြတ်မယ်ဆိုရင် ကျွန်တော်ကလည်းလက်နက်ဖျက်သိမ်းရမယ်လို့ထင်ပါတယ်။"

## စစ်မှန်သောငြိမ်းချမ်းရေးနှင့်ရိုးသားဖြောင့်မှန်သောငြိမ်းချမ်းရေးလုပ်ငန်းစဉ်

KNU စစ်သားတို့ကငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ရောထွေးလျက်ရှိသောခံစားချက်များရှိနေသည် ဟုထုတ်ဖော်ပြောကြားခဲ့သည်။ လက်ရှိလုပ်ငန်းစဉ်အပေါ် သဘောထားတို့မှာ အပေါင်းလက္ခဏာနှင့် အနုတ်လက္ခဏာနှစ်ရပ်လုံး ရှိနေကြသော်လည်း၊ စစ်မှန်သောငြိမ်းချမ်းရေးလိုလားသောဆန္ဒ နှင့် ရိုးသားဖြောင့်မှန်၍ စစ်မှန်မှုရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလိုလားသောဆန္ဒမှာ KNUစစ်သားတိုင်း နှင့်ပြုလုပ်သော စကားစမြည်ပွဲများမှထွက်ပေါ်လာခဲ့သောအများသဘောတူဖြစ်သည့်အကြောင်းအရာခေါင်းစဉ်နှစ်ခု ဖြစ်ကြလေသည်။

စစ်မှန်သောငြိမ်းချမ်းရေးအား လွတ်လပ်စွာနေထိုင်ခြင်း၊ လွတ်လပ်စွာသွားလာလှုပ်ရှားခြင်း၊ သက်မွေးဝမ်းကျောင်းမှု လုပ်ငန်းတို့အားလွတ်လပ်စွာစီစဉ်ဆောင်ရွက်နိုင်ခြင်း၊ လွတ်လပ်စွာဆက်သွယ်နိုင်၍ ပွင့်လင်းစွာပြောဆိုနိုင်ခြင်း၊နှင့် လွတ်လပ်စွာကူးသန်းရောင်းဝယ်မှုစတင်နိုင်၍ အေးဆေးတည်ငြိမ်စွာနေထိုင်နိုင်ခြင်းဟူ၍ စစ်သားများက ဖွဲ့ဆိုရှင်းလင်းပြခဲ့သည်။ "ငြိမ်းချမ်းရေးဆိုတာပြည်သူတွေမှာ လုံခြုံစိတ်ချရတဲ့အသက်မွေးဝမ်းကျောင်းမှုနဲ့ တည်ငြိမ်အေးချမ်းပြီး လွတ်လပ်စွာနေထိုင်နိုင်ခြင်းလို့ အဓိပ္ပာယ်ရတယ်"ဟုစစ်သားတစ်ဦးကရှင်းပြခဲ့သည်။ အခြားရဲဘော်တစ်ဦးကစစ်မှန်သောငြိမ်းချမ်းရေးအား "အဖွဲ့တစ်ဖွဲ့ကလူတွေက တစ်ခြားတစ်ဖွဲ့ကလူတွေကိုချစ်ခင်ပြီး တန်းတူအခွင့်အရေးတွေခံစားနေရတာ"ဟူ၍တင်ပြခဲ့ပြီး၊ အခြားသူတို့ကစစ်မှန်သော ငြိမ်းချမ်းရေးရရှိရန် အသိအမြင်များရှိ၍သစ္စာစောင့်သိကြကြောင်းကို " အခက်အခဲတွေတော့ရှိမှာပါဘဲ။ ကျွန်တော်တို့လိုချင်တယ်ဆိုရင်၊ တကယ်ရအောင်လုပ်ရမယ်။"ဟုဆိုခဲ့ကြသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ရလဒ်အားရည်ရွယ်၍ " ငြိမ်းချမ်းရေး လုပ်ငန်းစဉ်က ကျွန်တော်တို့ကိုသက်တောင့်သက်သာဖြစ်စေတယ် ပြီးတော့စစ်တိုက်ဖို့မလိုတော့ဘူး။ ညဆိုရင်ကောင်းကောင်းအိပ်ပျော်ပြီ"ဟူ၍အခြားရဲဘော်တစ်ဦးကဖွင့်ဟပြောကြားခဲ့သည်။

ရိုးသားဖြောင့်မှန်ခြင်း နှင့်စစ်မှန်ခြင်းရှိသောငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုကိုလိုလားသောဆန္ဒမှာ မြန်မာ အစိုးရ တပ်များအပေါ် ယုံကြည်မှုကင်းမဲ့ခြင်းဆိုင်ရာ အနုတ်လက္ခဏာခံစားချက်တို့နှင့် ဆက်စပ်လျက်ရှိလေသည်။ စစ်သား တစ်ဦးက "အခုကျွန်တော်တို့ကငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်းမှာရှိနေတဲ့အတွက် ကျွန်တော်အရမ်းဝမ်းသာပါတယ်။ အဲဒါကအရမ်းကောင်းပါတယ်။ ဒါပေမဲ့သူတို့ (တပ်မတော်) ကတိုက်ခိုက်လာမယ်ဆိုရင်တော့ ကျွန်တော်တို့က ပြန်တိုက်ရလိမ့်မယ်"ဟုရှင်းပြခဲ့သည်။ စစ်သားများစွာတို့ကအစိုးရတပ်မတော် နှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သူတို့၏ရည်ရွယ်ချက်တို့အား ယုံကြည်ရန်ခက်ခဲကြောင်းဖွင့်ဟပြောကြားခဲ့သည်။

ရိုးသားဖြောင့်မှန်သောငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ် လိုလားကြောင်း ဆန္ဒအား ထိုငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြိုကွဲဖျက်ဆီးမည့်အပေါ်စိုးရိမ်ပူပန်မိကြောင်းယှဉ်တွဲပြောကြားခဲ့ကြပြီး၊ " ကျွန်တော်စိုးရိမ်တာက စစ်ပွဲတွေပိုပြီး

များလာမှုကိုဘဲ၊ လက်နက်ကိုင်ပဋိပက္ခတွေရှိရင် လူတွေနဲ့ကျွန်တော်တို့အားလုံး ဆုံးရှုံးရပြီး ဒုက္ခ ရောက်ကြရမှာပါ။ စစ်တွေထပ်ဖြစ်ဖို့ကျွန်တော် မလိုလားပါဘူး"ဟုရင်ဖွင့်ခဲ့သည်။ ၎င်းခံစားချက်တို့က ယုံကြည် တည်ဆောက်ရန်လိုအပ်ခြင်း (စာမျက်နှာ၇၆တွင်အသေးစိတ်ဖော်ပြထားသည်)နှင့်ဆက်စပ်လျက်ရှိသည်။

KNUခေါင်းဆောင်မှုနောက်သို့လိုက်နာလက်ခံရန်သစ္စာရှိခြင်း

KNU ခေါင်းဆောင်တို့၏ဆုံးဖြတ်ချက်များကို လိုက်နာလက်ခံရန် ခြေလျင်စစ်သားတို့၏ကတိသစ္စာမှာ ခိုင်မာစွာဖော်ထုတ်ပြောကြားခဲ့သောအခြားခေါင်းစဉ်တစ်ခုပင်ဖြစ်သည်။ စစ်သားများက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်း သူတို့ခေါင်းဆောင်တို့၏ ပါဝင်ပတ်သက်လုပ်ဆောင်မှုအပေါ် ယုံကြည်မှုရှိကြကြောင်း ခိုင်မာစွာပြောကြားခဲ့ကြပြီး၊ ခေါင်းဆောင်တို့၏ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာလက်ခံကြမည် ဟုလည်း တင်ပြခဲ့ကြသည်။

တပ်မတော်တည်ရှိနေခြင်းကိုလျှော့ချရန်နှင့်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များအားထိန်းသိမ်းလိုက်နာရန်

သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ နှင့်ဇယားစတို့တွင် ထို တပ်မတော်တည်ရှိနေခြင်းကိုလျှော့ချရန် နှင့်အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုများတွင် သဘောတူထားသောအချက်များအား ထိန်းသိမ်းလိုက်နာခြင်းတို့အား နားထောင်ခြင်းစကားစမြည်ဝိုင်းအများစုမှကြားခဲ့ရသော သီးခြားခေါင်းစဉ်နှစ်ခု အဖြစ်မှတ်တမ်းတင်ထားခဲ့လေသည်။ ထိုခေါင်းစဉ်တို့အားဇယားအတွင်း၌ သီးခြားစီစာရင်းပြုစုထားသော်လည်း ဤအခန်းတွင်မူ ၎င်းတို့သည် နီးကပ်ဆက်စပ်လျက်ရှိသဖြင့် ဆက်စပ်သရုပ်ဖော်နိုင်ရန်အတွက် ထိုအချက်နှစ်ချက်အား ပေါင်းစပ်၍ ဖော်ပြထားခဲ့သည်။

တပ်မတော်တည်ရှိနေမှုကို လျှော့ချရန်လိုအပ်ခြင်းမှာ ပို၍ကျယ်ပြန့်သော အကြောင်းအရာခေါင်းစဉ်ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များအား ထိန်းသိမ်းလိုက်နာခြင်းဟူသော ခေါင်းစဉ်အတွင်း၌ တည်ရှိလျက်ရှိလေသည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ပါ အသေးစိတ်အချက်များက တပ်အင်အား စုဆောင်းခြင်းကို ကန့်သတ်ချုပ်ချယ်ထားပြီး နှစ်ဘက်စလုံးမှ စစ်အင်အားလျှော့ချရန်နှင့် မိမိတို့ ထိန်းချုပ်နယ်နိမိတ်ဖုံများ ပြင်ပနယ်မြေများတွင် လက်နက်ကိုင်ဆောင်ခြင်းကို တားမြစ်ထားသည်ဟု စစ်သားများက ပြောပြခဲ့ကြသည်။ ထိုစည်းကမ်းချက်များအား အမြဲတစေလိုက်နာထိန်းသိမ်းကြခြင်း မရှိကြကြောင်းကို တင်ပြခဲ့ကြပြီး၊ KNU ထိန်းချုပ်နယ်မြေများအတွင်း အစိုးရစစ်သားများ လက်နက်ကိုင်ဆောင်ဝင်ရောက်ခြင်း၊ စစ်တပ်စခန်းများ သိသာမြင်သာစွာတိုးပွားလာခြင်းနှင့် ရှေ့တန်းကတုတ်ကျင်းများကို ဖြည့်တင်းလာခြင်းစသော အခြေအနေများကို ရှင်းပြပြောဆိုခဲ့ကြသည်။

စစ်သားများသည် အပစ်အခတ်ရပ်စဲရေးသဘောတူချက်များ၌ အသေးစိတ်ဖော်ပြချက်အရ တပ်ရုတ်သိမ်းမည်ဟူသော ကတိကဝတ်များရှိနေခဲ့သော်လည်း၊ KNU ထိန်းချုပ်နယ်မြေများအတွင်း တပ်မတော်စစ်သားများရှိနေကြခြင်း နှင့်ပတ်သက်၍စိုးရိမ်လျက်ရှိနေကြသည်။စစ်သားတစ်ဦးကအောက်ပါအတိုင်းပြောကြားခဲ့သည်။

“အရေးကြီးဆုံးအချက်ကတော့ အခုအချိန်ကစစ်တပ်တွေဆုတ်ခွာရတော့မယ့် အချိန်ဖြစ်နေပြီမို့လို့ စစ်တပ်တိုးချဲ့စည်းရုံးခြင်း၊ စစ်သားဦးရေအားဖြည့်ခြင်းတွေကိုမလုပ်ဖို့ပါဘဲ။ သူတို့ရဲ့တပ်စခန်းတွေတိုးချဲ့တာက လုံးဝမဖြစ်သင့်ပါဘူး။ (အပစ်အခတ်ရပ်စဲရေး) သဘောတူညီချက်ကို အများပြည်သူသိအောင် ကြေငြာထားပြီးပြီဖြစ်လို့သူတို့ရဲ့စစ်အင်အားတွေကိုလျှော့ချရပါမယ်။ သူတို့ကကျွန်တော်တို့ကိုတော့ အင်အားလျှော့ချခိုင်းတယ်။ ဒါပေမဲ့သူတို့ရဲ့လက်နက်အင်အား ကိုကျတော့တိုးမြှင့်တယ်။ ဒါကကျွန်တော်တို့အတွက်စိန်ခေါ်မှုတစ်ခုပဲ။” အခြားစစ်သားတစ်ဦးက “ တိကျတဲ့နယ်မြေနယ်နိမိတ်သတ်မှတ်ချက် ဒါမှမဟုတ်ပူးပေါင်းဆောင်ရွက်မှုလဲမရှိဘူး။ မြန်မာစစ်တပ်က KNU နယ်မြေကနေဆုတ်ခွာမသွားကြဘူး။ သူတို့ကတပ်တွေကိုပိုပြီးတိုးချဲ့တယ်၊ ပိုများတဲ့လက်နက်အင်အားတွေကိုဖြည့်တင်းကြတယ်” ဟုတင်ပြ ပြောဆိုခဲ့သည်။

နှစ်ဘက်စလုံးမှ အပစ်အခတ်ရပ်ဆဲရေးသဘောတူညီချက်ပါ စည်းကမ်းချက်သတ်မှတ်ချက်များ ကိုလိုက်နာထိန်းသိမ်းရမည်ဖြစ်ကြောင်း စစ်သားများကခိုင်မာစွာခံစားမိကြသည်။ “ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အထဲမှာ ဆုံးဖြတ်ထားတဲ့အရာတွေကိုလိုက်လုပ်ဖို့ အရေးကြီးတယ်။ အပြောနဲ့အလုပ်ညီဖို့ သေချာအောင်လုပ်ရမယ်။”ဟု စစ်သားတစ်ဦးကရှင်းပြခဲ့သည်။အခြားတစ်ဦးကမူ “ ရွာရှေ့မှာစစ်တပ်စခန်းတွေနေရာချထားတာ စစ်မှန်တဲ့ငြိမ်းချမ်းရေး မဟုတ်ပါဘူး။”ဟုဆိုခဲ့သည်။

အစိုးရတပ်များအားသူတို့၏ကိုယ်ပိုင်နယ်နိမိတ်နယ်မြေများတွင်သာရှိနေစေလိုကြောင်း နှင့် စစ်တပ်အင်အားများ ထပ်မံဖြည့်တင်းခြင်းမှ ရှောင်ကြဉ်စေလိုကြောင်း စစ်သားများကရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ “ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကြောင့် ဘယ်သူမှသေနတ်မကိုင်သင့်ဘူး”ဟ ု စစ်သားတစ်ဦးကရှင်းပြခဲ့ပြီး၊ အခြားတစ်ဦးကမူ “ငြိမ်းချမ်းရေးလုပ်နေတဲ့ အချိန်အတွင်းသေနတ်သံတွေ ငြိမ်သက်နေအောင်လုပ်ဖို့ အရေးကြီးတယ်”ဟုအလေးပေးပြောဆိုခဲ့သည်။

## လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်

အခြားသောလက်နက်ကိုင်အဖွဲ့များစွာတို့နှင့်ညီညွတ်စွာပင် KNU စစ်သားတို့ကလဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ရလဒ်တစ်ခုအဖြစ် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်တိုးမြှင့်ရရှိသည်အပေါ် အပေါင်းလက္ခဏာခံစားချက် သဘောထားရှိကြကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ခရီးသွားလာခွင့်တိုးမြှင့်ရရှိခြင်း နှင့်ယခင်ကမဖြစ်နိုင်ခဲ့သော ရွာများသို့ယခုလည်ပတ်ခြင်းကိုပြုလုပ်နိုင်၍ သူတို့၏ဘဝများပို၍အဆင်ပြေလာသည်ဟု ယုံကြည်မိကြောင်း အစီရင်ခံခဲ့ကြသည်။ ထိုခံစားချက်အားစစ်သားတစ်ဦးက အောက်ပါအတိုင်းမှတ်ချက်ချခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်စတင်တည်ထောင်တဲ့အချိန်ပြီးနောက်မှာနေရထိုင်ရတာနဲ့သွားလာရတာပိုပြီးလွယ်ကူလာတယ်။အရင်တုန်းကတောတောင်တွေထဲမှာနေခဲ့ရတာဆိုတော့ပိုးကောင်တွေကိုက်ခံရလိုကအရမ်းဒုက္ခရောက်ခဲ့တယ်။အခုတော့တစ်ရွာကနေတစ်ရွာကိုလွယ်လွယ်ကူကူသွားနိုင်တယ်။အဲ့ဒီလိုသွားလာဖို့လဲသိပ်မကြောက်တော့ဘူး။လွတ်လပ်စွာသွားလာလှုပ်ရှားခွင့်တိုးမြှင့်ရရှိခဲ့ကြောင်း အစီရင်ခံချက်များ၌ “ အရင်ကအိမ်ကို လျှို့လျှို့ဝှက်ဝှက် ပြန်ရတယ်၊ အခုတော့ပွင့်ပွင့်လင်းလင်းပြန်လို့ရပြီ။ ကျွန်တော်အိမ်ခဏခဏပြန်တယ်”ဟူ၍ လည်း ထည့်သွင်းပြောဆိုခဲ့ကြသည်။

လွတ်လပ်စွာသွားလာလှုပ်ရှားခွင့်တိုးမြှင့်ရရှိခြင်း နှင့်ပတ်သက်၍အပြုသဘောဆောင်သော အပေါင်းလက္ခဏာခံစားချက်တို့အပြင် ၎င်းထက်ပိုမိုရရှိရန် လိုအပ်သည်ဟုစစ်သားများကဖွင့်ဟပြောကြားခဲ့သည်။ "ဒီထက်ပိုပြီး လွတ်လပ်တဲ့အခြေအနေကိုမျှော်လင့်နေပါတယ်။ အဲဒါမှပဲလူအများကြီးကိုပွင့်ပွင့်လင်းလင်းဆက်သွယ်နိုင်ပြီး၊ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ရမှာဖြစ်တယ်"ဟုစစ်သားတစ်ဦးကရှင်းပြခဲ့သည်။

## လွတ်လပ်ခွင့်၊ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့်တန်းတူအခွင့်အရေး

KNU စစ်သားများထံမှကြားခဲ့ရသော နိုင်မာအားကောင်းသည့်ခေါင်းစဉ်တစ်ခုမှာ လွတ်လပ်ခွင့်၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် နှင့်တန်းတူအခွင့်အရေးတိုကိုလိုလားခြင်းဖြစ်သည်။ "ကျွန်တော်တို့မှာ ကိုယ်ပိုင်တိုင်းပြည်၊ ကိုယ်ပိုင်ပြည်နယ်သာ ရနိုင်ခဲ့ရင်ပိုပြီးကောင်းတယ်။ အဲဒီလိုမျိုးကျွန်တော်တောင်းဆိုချင်တယ်"ဟု စစ်သားတစ်ဦးကပြောကြားခဲ့သည်။ အခြားတစ်ဦးက " ကျွန်တော်တကယ်လိုချင်တာက (ကရင်ပြည်နယ်အတွက်) ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ တန်းတူအခွင့်အရေး၊ တည်တံ့ခိုင်မာတဲ့ငြိမ်းချမ်းရေး၊ လူတိုင်းအတွက် လုံခြုံစိတ်ချရတဲ့ဘဝနဲ့ ပျော်ရွှင်စရာမိသားစုဘဝပါ။"ဟုရှင်းပြခဲ့သည်။

လွတ်လပ်ခွင့်လိုလားမှုနှင့်ဆက်စပ်၍လူ့အခွင့်အရေးချိုးဖောက်မှုများမှလွတ်လပ်စွာနေထိုင်လိုသောဆန္ဒကိုလည်း စစ်သားများကမီးမောင်းထိုးပြောကြားခဲ့သည်။ စစ်သားများစွာတို့က အစိုးရတပ်များ ကျူးလွန်ခဲ့ကြသောညှင်းပန်းမှု၊ အတင်းအကြပ်စေခိုင်းမှု၊ မြေမြှုပ်မိုင်းများရှင်းလင်းရန် အတင်းအကြပ်ခိုင်းစေမှု နှင့်အခြားအကြမ်းဖက်မှုများက KNUအဖွဲ့သို့ဝင်ရောက်စေသော တွန်းအားပေးလှုံ့ဆော်ချက်များဖြစ်ခဲ့သည်ဟု ပြောကြားခဲ့ကြသည်။ လူ့အခွင့်အရေး အာမခံချက်အား စစ်မှန်သောငြိမ်းချမ်းရေးရရှိခြင်း၏ မရှိမဖြစ်ခြေလှမ်းတစ်ခုအဖြစ်စစ်သားများစွာကရှုမြင်ကြသည်။

တန်းတူအခွင့်အရေးနှင့်ပတ်သက်၍ ကိုးကားပြောဆိုကြရာတွင် KNU စစ်သားတစ်ချို့ကဗိုလ်ချုပ်အောင်ဆန်း၏ ကရင်တစ်ကျပ်၊ဗမာတစ်ကျပ်ဟုသော ဗမာဆောင်ပုဒ်တစ်ခုကိုကိုးကား၍ ၎င်းကတန်းတူအခွင့်အရေး၏ ကောင်းသောစံနမူနာဖြစ်မည်ဟုဆိုခဲ့ကြသည်။ တန်းတူအခွင့်အရေးဟူသည်ကို အကောင်အထည်ဖော်နိုင်မည့်အပေါ် သေချာရေရာမှုမရှိကြကြောင်းကို စစ်သားများကထုတ်ဖော်ပြောကြားခဲ့ကြသည်။ "ခေါင်းဆောင်ပိုင်းက (ငြိမ်းချမ်းရေး) ဆွေးနွေးခဲ့ကြတယ်။ အခုငြိမ်းချမ်းရေးရပြီဆိုရင် ကျွန်တော်တို့လူမျိုးအတွက်တန်းတူအခွင့်အရေးရမှာလား။ မရဘူး ဆိုရင်ဘာမှလုပ်လို့မရဘူး၊ တန်းတူအခွင့်အရေး ရမယ်လို့မျှော်လင့်မိပါတယ်" ဟုစစ်သားတစ်ဦးကပြောကြားခဲ့ပြီး၊ အခြားတစ်ဦးက "လူ့အဆင့်အတန်းခွဲခြားတာမျိုးမရှိတဲ့ တန်းတူဖြစ်စေတဲ့ငြိမ်းချမ်းရေး လိုချင်တယ်။"ဟု မှတ်ချက်ချခဲ့သည်။

## ယုံကြည်မှုတည်ဆောက်ခြင်း

ယုံကြည်မှုတည်ဆောက်ခြင်းမှာ KNUစစ်သားတို့နှင့်ပြုလုပ်သော စကားဝိုင်းများမှပေါ်ထွက်လာခဲ့သည့် အခြားခေါင်းစဉ်တစ်ခုဖြစ်လေသည်။ယုံကြည်မှုတည်ဆောက်ရန်လိုအပ်ချက်ကို စစ်သားများစွာကတိုက်ရိုက်ပြောဆိုခဲ့ကြသော်လည်း၊ အခြားသူတို့ကတပ်မတော်အပေါ် ယုံကြည်မှုကင်းမဲ့ခြင်းနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ရိုးဖြောင့်မှုအပေါ်စိုးရိမ်ပူပန်ခြင်းတို့ကိုတင်ပြခြင်းဖြင့်ပြောဆိုခဲ့ကြသည်။ အချို့ကမူသူတို့၏ရန်သူများအား ယုံကြည်ရန်ခက်ခဲကြောင်း ဖွင့်ဟပြောဆိုခဲ့သည်။ " ယေဘုယျအားဖြင့်ပြောရမယ်ဆိုရင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က အကောင်းလား ၊အဆိုးလားဆိုတာ ပြောရခက်တယ်။ ရန်သူတွေကို ယုံကြည်ဖို့ခက်တယ်။ "ဟု စစ်သားတစ်ဦးကဆိုခဲ့သည်။အခြားစစ်သားတစ်ဦးက "မျောက်ပြဆန်တောင်း"ဟူသောစကားပုံဖြင့် အစိုးရက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကိုအသုံးချ၍ငွေကြေးအထောက်အပံ့နှင့် နိုင်ငံတကာအားပေးထောက်ခံမှုတို့ကို ရရှိရန်ပြုလုပ်မည်ကိုစိုးရိမ်ကြောင်းရှင်းပြခဲ့သည်။

ယုံကြည်မှုတည်ဆောက်ရန်လိုအပ်ခြင်း နှင့်အစိုးရတပ်များအပေါ်ယုံကြည်မှုကင်းမဲ့ခြင်းတို့အပေါ် တွင်အတိတ်၌ ငြိမ်းချမ်းရေး သဘောတူညီမှုပြိုပျက်ခဲ့ခြင်းများ၊ KNUနယ်မြေများအတွင်း စစ်တပ်များနှင့်စစ်ရေးလုပ်ငန်းများ သိသာထင်ရှားစွာရှိနေခြင်း၊ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုစည်းကမ်းချက်များအားချိုးဖောက်ခြင်းများ နှင့်သဘာဝအရင်းအမြစ်တို့ကိုအလွဲသုံးစားပြုလုပ်ရန်စိုးရိမ်ခြင်းတို့ပါဝင်သော အခြေခံအကြောင်းအရင်းများစွာတို့က ဩဇာသက်ရောက်လျက်ရှိသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်မှုရှိရန်အတွက်အပြန်အလှန်ယုံကြည်မှုအရေးပါပုံကိုထောက်ခံပြောဆိုသောယုံကြည်မှုတည်ဆောက်ခြင်း အစပျိုးလုပ်ဆောင်မှုများလိုအပ်ကြောင်း စစ်သားများကထုတ်ဖော်ပြောဆိုခဲ့ကြသည်။ နှစ်ဘက်စလုံး၏အပင်ပန်းခံဆောင်ရွက်ခြင်း၊နားလည်မှုရှိခြင်းနှင့်ကတိသစ္စာရှိခြင်းတို့ကတည်တံ့သောငြိမ်းချမ်းရေးအတွက်မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်ဟုစစ်သားတို့ကယုံကြည်ကြသည်။ " နှစ်ဘက်စလုံးကငြိမ်းချမ်းရေးရဖို့ အပြန်အလှန် နားလည်မှုရှိရမယ်။" ဟုရဲဘော်တစ်ဦးကဆို၍အခြားတစ်ဦးက " အပစ်အခတ်ရပ်စဲရေးက နှစ်ဖက်စလုံးမှာယုံကြည်မှုရှိရမယ်။ယုံကြည်မှုတည်ဆောက်ရမယ်"ဟုတိုက်တွန်းပြောဆိုခဲ့သည်။

## သာမန်အရပ်သားဘဝ (သို့မဟုတ်) ပြည်နယ်လုံခြုံရေးတပ်ဖွဲ့

KNUစစ်သားအားလုံးက KNUအပေါ်သစ္စာရှိမှုနှင့်သစ္စာစောင့်သိမှုရှိကြောင်း ခိုင်မာသောသဘောထားခံစားချက်တို့ကို ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ သို့ရာတွင်စစ်မှန်သောငြိမ်းချမ်းရေးကိုတည်ဆောက်ပြီးစီး၍ KNUခေါင်းဆောင်များက သူတို့အားမလိုအပ်တော့ပါကသာမန်အရပ်သားဘဝသို့ပြန်လည်ပေါင်းစည်းခြင်း သို့မဟုတ် ပြည်နယ်လုံခြုံရေးတပ်ဖွဲ့တစ်ခုအတွင်းသို့ပေါင်းစည်းပါဝင်လိုခြင်းရှိကြောင်းတင်ပြခဲ့ကြသည်။

စစ်သားများစွာတို့ကသူတို့၏ရပ်ရွာများသို့ပြန်လိုကြောင်း၊မိသားစုများနှင့်နေထိုင်၍လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်လိုကြကြောင်းပြောကြားခဲ့သည်။ "တကယ့်ငြိမ်းချမ်းရေးရပြီဆိုရင်တော့ ကျွန်တော်ကတော့အိမ်ပြန်မယ်။ မိသားစုနဲ့ပျော်ပျော်ရွှင်ရွှင်နေမယ်ပြီးတော့လယ်စိုက်မယ်"ဟူ၍စစ်သားတစ်ဦးကသူ၏ဆန္ဒကိုဝေငှပြောကြားခဲ့သည်။ အခြားတစ်ဦးကဤသို့ရှင်းပြခဲ့သည်။ "စစ်မှန်တဲ့ငြိမ်းချမ်းရေးရှိရင်တော့ သာမန်အရပ်သားဘဝနဲ့နေချင်တယ်။ လယ်ပြန်စိုက်ပြီးကျွန်တော့်မိဘတွေနဲ့အေးအေးဆေးဆေးနေချင်တယ်"

ပြည်နယ်လုံခြုံရေးတပ်ဖွဲ့များသို့ဝင်ရောက်မည်ဟုပြောကြားခဲ့ကြသောစစ်သားတို့က KNU မှထွက်ခွာရမည်ဟူသော အကြံဉာဏ်ကိုတွန့်ဆုတ်လျက်ရှိကြသည်။ အများစုက KNUမှထိန်းချုပ်စီမံသောအဖွဲ့ဖြစ်ခြင်းနှင့် KNU ခေါင်းဆောင်တို့ကအကြံပြုတိုက်တွန်းခြင်းတို့ရှိမှသာလျှင်အခြားသောလုံခြုံရေးတပ်ဖွဲ့အတွင်းသို့ဝင်ရောက်မည်ဟုတင်ပြကြသည်။စစ်သားများစွာတို့ကကရင်လူမျိုးတို့ကိုကာကွယ်ရန်လုံခြုံရေးအင်အားတစ်စုအစဉ်အမြဲလိုအပ်လျက်ရှိမည်ဟုအလေးအနက်ထားပြောကြားကြသည်။ "လက်နက်ကိုင်တပ်ဖွဲ့တွေမရှိရင်လူဆိုး၊ သူခိုးတွေထကြွလာမယ်"ဟူ၍ စစ်သားတစ်ဦးကရှင်းလင်းပြောဆိုခဲ့သည်။

ပြန်လည်ပေါင်းစည်းရေးအထောက်အပံ့လိုအပ်ခြင်း

ပြန်လည်ပေါင်းစည်းရေးအတွက်အထောက်အပံ့လိုအပ်ခြင်း နှင့်ဆက်စပ်၍ စစ်သားအများစုက ၃နှစ်မှ၅နှစ်ကြာကာလတိုင်အောင်စားနပ်ရိက္ခာဖူလုံမှုရှိရန်လိုအပ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက်မြေနေရာနှင့်နေအိမ်နှင့်ငွေးလုပ်ငန်းများကစတင်ရန် အရင်းအနှီးတို့ကိုလိုလားကြောင်း ဖွင့်ဟပြောဆိုခဲ့သည်။စစ်သားတစ်ချို့က ၅နှစ်စာရိက္ခာအထောက်အပံ့၊နေအိမ်နှင့်စိုက်ပျိုးရေးလုပ်ငန်းများအတွက်မြေဧက၂၀ဟူ၍တိကျသောအထောက်အပံ့များကိုပြောကြားခဲ့သော်လည်း၊အခြားသူတို့ကမူ ယေဘုယျအထောက်အပံ့ကူညီမှု လိုအပ်လိမ့်မည်ဟုပြောကြားခဲ့ကြသည်။

အချို့သောစစ်သားတို့က မည်သည့်အထောက်အပံ့မျှတောင်းဆိုမည်မဟုတ်ကြောင်း နှင့်ငြိမ်းချမ်းရေးအောင်မြင်စွာအကောင်အထည်ဖော်နိုင်ပါက သူတို့၏လိုအပ်ချက်များပြည့်ဝမည်ဖြစ်ကြောင်း အခိုင်အမာဆိုကြသည်။ အခြားသူတို့ကမူ မည်သည့်အထောက်အပံ့အား သူတို့လိုအပ်မည်ကိုမသိကြကြောင်း ပြန်လည်ပေါင်းစည်းခြင်းမှာခက်ခဲမည်ဖြစ်သည်ဟုတွေးဆမိကြ၍သူတို့ခေါင်းဆောင်များထံမှအားပေးကူညီမှုရရှိလိုကြောင်းပြောကြားခဲ့ကြသည်။

စာသင်ကျောင်းများ၊ကျန်းမာရေးစောင့်ရှောက်မှုစင်တာများ၊လမ်းများ၊တံတားများ နှင့်ဆက်သွယ်ရေးအထောက်အကူပစ္စည်းများစသည့် အဆောက်အဦးတို့ကိုထူထောင်ရန်လိုအပ်ချက်ကိုလည်း စစ်သားများကရည်ညွှန်းပြောဆိုကြသည်။ " ငြိမ်းချမ်းရေးအပြည့်အဝရသွားပြီဆိုရင် အာဏာပိုင်တွေကို ကျွန်တော်တို့ဒေသမှာရှိတဲ့ဆေးရုံတွေ၊စာသင်ကျောင်းတွေ၊လမ်းတွေနဲ့တံတားတွေကိုပြုပြင်စေချင်တယ်"ဟုစစ်သားတစ်ဦးကဖွင့်ဟပြောဆိုခဲ့သည်။

စစ်သားများကသာမန်အရပ်သားဘဝများသို့ဝင်ရောက်နေထိုင်ရမည်ဆိုလျှင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ၊ ယာဉ်မောင်းများ၊သစ်ထုတ်လုပ်ရေးစက်ရုံတွင်အလုပ်လုပ်ခြင်း သို့မဟုတ် ကူးသန်းရောင်းဝယ်ရေးအစပျိုးလုပ်ငန်းများ အပါအဝင်လုပ်ငန်းအမျိုးမျိုးတို့၌ဝင်ရောက်လုပ်ကိုင်ရန်စိတ်ဝင်စားကြကြောင်းပြောကြားခဲ့ကြသည်။

ထိုအပြင်စစ်သားများစွာတို့ကပညာရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုစသောဝန်ဆောင်မှုများလိုအပ်ကြောင်းကိုလည်း ပြောကြားခဲ့ကြသည်။ စစ်သားများနှင့်သူတို့၏မိသားစုများအတွက်ပညာရေးကိုလဲလိုလားကြသည်။ " ကျွန်တော့်ကလေးတွေကိုပညာတတ်ဖြစ်စေချင်တယ်။သူတို့ကိုကျွန်တော့်လိုအဆုံးမသတ်စေချင်ဘူး၊ကျွန်တော့်မှာဘာမျှော်လင့်ချက်မှမရှိဘူး"ဟူ၍စစ်သားတစ်ဦးကဖွင့်ဟပြောကြားခဲ့သည်။

## သတင်းအချက်အလက်များပိုမိုလိုအပ်ခြင်း

စစ်သားများစွာတို့ကလုပ်ငန်းစဉ်မှာ မည်သို့သောအရာဟူသည်ကို မသိကြကြောင်းအစီရင်ခံခဲ့ကြပြီး၊ အခြားသူတို့ကငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုဖြစ်ပွားလျက်ရှိကြောင်းကိုသိရှိကြပြီး လုပ်ငန်းစဉ်အတွင်းသူတို့၏ ခေါင်းဆောင်များပါဝင်ပတ်သက်ခြင်းကို အားပေးထောက်ခံကြသော်လည်း၊ လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဗဟုသုတနှင့်နားလည်မှု အကန့်အသတ်ဖြင့်သာရှိကြလေသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ သတင်းအချက်အလက်များကိုသာမက သူတို့ခေါင်းဆောင်များ ပါဝင်ပတ်သက်ဆောင်ရွက်နေကြသော စေ့စပ်ညှိနှိုင်းခြင်းများ နှင့်သဘောတူညီမှုများတို့အား ပိုမိုလက်လှမ်းမီရရှိလိုသောဆန္ဒရှိကြောင်း စစ်သား အမြောက်အမြားတို့ကဖွင့်ဟပြောကြားခဲ့ကြသည်။

အခြားသောအဖွဲ့များစွာတို့နည်းတူပင် စကားစမြည်အစပိုင်းတို့၌စစ်သားများသည် ငြိမ်းချမ်းရေးလုပ်ငန်း စဉ်နှင့်ပတ်သက်၍ဆွေးနွေးပြောဆိုကြရာ၌အခက်အခဲများရှိကြသည်ကို KNUစစ်သားများနှင့်စကားပြောဆိုခဲ့ကြသော နားထောင်ခြင်းအဖွဲ့တို့ကလေ့လာသုံးသပ်မိခဲ့ကြသည်။

## ခေါင်းဆောင်ပိုင်းတို့အကြားပိုမိုကောင်းမွန်သောဆက်သွယ်ဆက်ဆံရေး

စကားဝိုင်းများ၌ထင်ရှားပေါ်လွင်ခြင်းမရှိသော်လည်း ကြားခဲ့ရသော အခြားခေါင်းစဉ်တစ်ရပ်မှာ KNU ခေါင်းဆောင်ပိုင်းနှင့်မြန်မာအစိုးရတို့အကြား ပို၍ကောင်းမွန်သောဆက်သွယ်ဆက်ဆံရေးရှိသင့်သည် ဟူသောအကြောင်း တစ်ရပ်ပင်ဖြစ်လေသည်။ စစ်သားများက လက်နက်ကိုင်ပဋိပက္ခ နှင့်ဆန့်ကျင်ဖက် အပြန်အလှန်ဆွေးနွေးပြောဆိုခြင်း၊ ဒိုင်ယာလောခ်တို့ဖြင့်ပြဿနာများတို့အားပို၍ ဖြေရှင်းနိုင်မည်ဟုတွေးမိကြပြီး ခေါင်းဆောင်များမကြာခဏတွေ့ဆုံ၍စကားပြောဆိုကြသင့်သည်ဟုယူဆကြသည်။ "ခေါင်းဆောင် တွေခဏခဏ တွေ့ပြီး ငြိမ်းချမ်းရေးဆွေးနွေးဖို့အရေးကြီးတယ်"ဟူ၍ရဲဘော်တစ်ဦးက ရှင်းပြခဲ့သည်။ အချို့စစ်သားတို့က ဂုင်းအစည်းအဝေးများပွင့်လင်းမြင်သာမှုရှိသင့်ကြောင်း နှင့်ဆွေးနွေးခဲ့သောအကြောင်းအရာတို့အား အများပြည်သူတို့ထံဝေမျှသင့်သည်ဟုထင်မြင်ယူဆကြလျက်ရှိသည်။

## တိုးမြှင့်သောစည်းလုံးညီညွတ်မှု

KNUအတွင်း ပိုမိုသောစည်းလုံးညီညွတ်မှုလိုအပ်ခြင်း ဟူသောအချက်သည် စကားဝိုင်းများမှနောက်ဆုံးထွက်ပေါ်လာခဲ့ သည့်အကြောင်းအရာခေါင်းစဉ်ဖြစ်သည်။စစ်သားတို့ကKNUခေါင်းဆောင်ပိုင်းအကြား ဖြစ်ပွားလျက်ရှိသော အတွင်းရေးကွဲပြားမှုများဖြစ်ပေါ်နေသော ရည်မှန်းချက်ကွဲလွဲချက်များကို ဆွေးနွေးပြောကြားခဲ့သည်။ စစ်သားတို့ အကြားရှိ အထွေထွေသဘောထားအမြင်မှာပို၍စည်းလုံးညီညွတ်ကြပြီး၊ အဖွဲ့ဝင်အားလုံး၌ တူညီသောပန်းတိုင်များရှိပါက KNUသည်ပိုမိုအင်အားတောင့်တင်းလာမည်ဟူ၍ဖြစ်သည်။

ထပ်တိုးစိစစ်သုံးသပ်ချက်

အခြားသော NSAsတို့နှင့်နှိုင်းယှဉ်ကြည့်သောအခါ KNUစစ်သားများထံမှသာလျှင်သီးသန့်ကြားခဲ့ရသောအကြောင်းအရာ (၃)ချက်ရှိလေသည်။ ပထမဦးဆုံးအချက်မှာစစ်သားများက KNU ထိန်းချုပ်နယ်မြေများအတွင်း အစိုးရအုပ်ချုပ်ရေးပိုင်းက ဝန်ဆောင်မှုလုပ်ငန်းများ ပေးအပ်နေခြင်းနှင့် ပတ်သက်၍စိုးရိမ်ကြခြင်းဖြစ်သည်။ အစိုးရအုပ်ချုပ်ရေးမှ KNU၏တည်ဆဲဖြစ်သောအုပ်ချုပ်ရေးဖွဲ့စည်းပုံအား အပေါ်စီးမှအတင်းအကျပ်သတ်မှတ်ပြဌာန်းခြင်းပြုမည်ကိုစိုးရိမ်ကြောင်းထုတ်ဖော်ပြောဆိုခဲ့သည်။ စစ်သားတစ်ဦးက KNUတို့တိုင်းတာပြီးခဲ့သောမြေနေရာအားအစိုးရက ပြန်လည်တိုင်းတာခြင်းလုပ်ရပ်အပေါ်ရည်ညွှန်းပြောကြားခဲ့သည်။ အခြားတစ်ဦးက KNUနယ်မြေများအတွင်း အစိုးရဆေးရုံများနှင့်လမ်းများ စတင်တည်ထောင်လာခြင်းတို့ကို သတိနှင့်စောင့်ကြည့်ရန်လိုအပ်ကြောင်း နှင့် တစ်နိုင်ငံလုံးအတိုင်းအတာသန်းခေါင်စာရင်းကောက်ယူခြင်းသည် အစိုးရအတွက်အကျိုးရှိမည်ဖြစ်သော်လည်း၊ကရင်လူမျိုးများအတွက်မူ ထိုလုပ်ရပ်အားသတိကြီးစွာ နှင့်ကိုင်တွယ်ရမည်ဟူသော အတွေးအမြင်ကိုမီးမောင်းထိုးပြခဲ့သည်။

ဒုတိယအနေဖြင့် KNU စကားစမြည်ဝိုင်းများ၌ပို၍ထင်ရှားသောအချက်မှာ ကရင်ပြည်နယ်ရှိ သဘာဝသယံဇာတအရင်းအမြစ်များအားအလွဲသုံးစားပြုမည်ဆိုသောကြောက်ရွံ့စိတ်ဖြစ်သည်။ စစ်သားများက အစိုးရနှင့်ကြီးမားသော စီးပွားရေးလုပ်ငန်းများက သဘာဝသယံဇာတအရင်းအမြစ်များထိန်းချုပ်ခွင့်ကို လက်ဝါးပြီးအုပ်လာမည်ဖြစ်ကြပြီး၊ အရင်းအမြစ်များမှအကျိုးရလဒ်ကိုမူ ကရင်လူမျိုးတို့ခံစားကြရမည်မဟုတ်ဟု ပူပန်မိကြောင်းကို စစ်သားတို့ကဖွင့်ဟ ပြောကြား ခဲ့ကြသည်။

အထက်တွင်ဖော်ပြခဲ့ပြီးသော ကရင်စစ်သားများထံမှ အများဆုံးကြားခဲ့ရသောအကြောင်းအရာခေါင်းစဉ်သရုပ်ဖော်ချက်များ၌ ဖော်ပြထားခြင်းမရှိသောအချက်တစ်ခုမှာ ကရင်ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းလိုသောဆန္ဒပင်ဖြစ်သည်။ ဤအကြောင်းအရာခေါင်းစဉ်သည် မည်သည့်အရေးပါအကြောင်းအရာတို့၌ ထည့်သွင်းဆွေးနွေးရန်ကိုက်ညီမှုမရှိသော်လည်း၊ထည့်သွင်းဖော်ပြရန်အရေးကြီးလေသည်။ စစ်သားများကမိမိတို့ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာ နှင့်ဘာသာစကားပျောက်ကွယ်ဆုံးရှုံးမည် ကိုစိုးရိမ်မိကြပြီး၊ ကရင်ရိုးရာယဉ်ကျေးမှုကိုမပျောက်ပျက်အောင်ထိန်းသိမ်း၍ အထိမ်းအမှတ်အဖြစ်ကျင်းပဆင်နွှဲရန်အရေးကြီးသည်ဟုအလေးအနက်ထား ဖွင့်ဟပြောကြားခဲ့ကြသည်။

မွန်ပြည်သစ်ပါတီ (NMSP)

ဇယား၁၀။NMSP ခြေလျင်တပ်သားတို့ထံမှ အများသဘောတူချက်များ အဖြစ်ကြားသိခဲ့ရသော အကြောင်းအရာခေါင်းစဉ်များ

၁။ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အပြုသဘောဆောင်သော ခံစားချက်များရှိသည်။

၂။ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုးတက်စေလိုသောဆန္ဒရှိသည်။

၃။မွန်လူမျိုးတို့ပျောက်ဆုံးသွားသောအမွေအနှစ်များပြန်လည်ဖော်ထုတ်ရန်ဆန္ဒရှိသည်။

၄။ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့်ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်လိုလားသောဆန္ဒရှိသည်။

၅။ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပိုမိုလျှင်မြန်စွာဆက်လက်ဆောင်ရွက်လိုတွေ့မြင်လိုသောဆန္ဒရှိသည်။

၆။တပ်ဖျက်သိမ်းရေးထည့်သွင်းစဉ်းစားရန်စောလွန်းသည်။

၇။တန်းတူအခွင့်အရေးလိုလားသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အပြုသဘောဆောင်သောခံစားချက် သဘောထားများ

NMSP စစ်သားတို့ထံမှကြားခဲ့ရသော အဓိကခေါင်းစဉ်တစ်ရပ်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အပြုသဘောဆောင်သောခံစားချက်များပင်ဖြစ်ပြီး၊ အထူးသဖြင့်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ထိုးပြီးချိန်မှ လေ့လာတွေ့ရှိမှတ်တမ်းတင်ခဲ့သော တိုးတက်မှုများနှင့် ဆက်စပ်ဖြစ်ပေါ်ခြင်းဖြစ်သည်။ အချို့စစ်သားများသည် လက်ရှိလုပ်ငန်းစဉ်က ပို၍သာလွန်သောလွတ်လပ်ခွင့်များ နှင့်အခွင့်အရေးများကို ယူဆောင်လာခဲ့ပြီး၊၎င်းလုပ်ငန်းစဉ်မှမြန်မာပြည်သို့ငြိမ်းချမ်းရေးယူဆောင်လာမည်ဟူသောမျှော်လင့်ချက်ကိုဖန်တီး လျက်ရှိကြောင်းသူတို့၏ ယုံကြည်မှုကိုထုတ်ဖော်ပြောဆိုခဲ့သည်။ “ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်လို့ကတော့ အခုကျွန်တော်တို့အခွင့်အရေးတွေ ပိုပြီးရလာတယ်လို့ထင်တယ်။ အရင်ကနဲ့ယှဉ်ရင်တော့ဒီတစ်ခေါက်မှာ ကောင်းတဲ့ရလဒ်တွေကို ကျွန်တော်တို့မြင်တွေ့နိုင်ပါတယ်။”ဟုစစ်သားတစ်ဦးကထောက်ခံပြောကြားခဲ့ပါသည်။

အများဆုံးသဘောတူကိုးကားပြောဆိုခဲ့သော တိုးတက်မှုမှာ စစ်သားများနှင့်ပြည်သူလူထုတို့အတွက်လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်တိုးမြှင့်ရရှိခဲ့ခြင်းအချက်ဖြစ်သည်။ ဒေသအတွင်း သာလွန်သောလှုပ်ရှားခွင့်ရရှိခြင်းကို စစ်သားတို့က တင်ပြခဲ့ကြပြီး၊စစ်ဆေးရေးဂိတ်များစွာတည်ရှိနေခြင်းမရှိဘဲပြည်သူတို့ကပို၍လွတ်လပ်စွာသွားလာနိုင် ကြကြောင်းရှင်းပြခဲ့ကြသည်။ “အခုအခြေအနေကအရင်က အတွေ့အကြုံတွေထက်ကောင်းတယ်။ ဘာလို့လဲဆိုတော့ အရင်ကဆိုရင်အစားအစာ၊အဝတ်အထည်၊နေစရာ၊လုံခြုံရေးသယ်ယူပို့ဆောင်ရေးနဲ့ဆက်သွယ်ရေးတွေအရမ်းခက်တယ်။ ဒါပေမဲ့အခုအဲဒါတွေတိုးတက်လာခဲ့ပြီ” ဟုစစ်သားတစ်ဦးကတင်ပြခဲ့သည်။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုးတက်လာခြင်း

စကားစမြည်ဝိုင်းများအတွင်း၌ NMSPတပ်သားတို့ကငြိမ်းချမ်းရေး လုပ်ငန်းစဉ်အရှိန်အဟုန်မြင့်တက်လာ၍ အပစ်အခတ်ရပ်စဲရေးကို ကျော်လွန်တိုးတက်လာစေလိုသောဆန္ဒရှိကြောင်း ရံဖန်ရံခါပြောကြားခဲ့သည်။ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပြိုပျက်ကျရှုံးမှုများ၊သို့မဟုတ်ကန့်သတ်ချုပ်ချယ်မှုများ မဖြစ်ပွားစေရန် ကာကွယ်ခြင်း၏ အရေးပါပုံကိုစစ်သားတို့က အလေးအနက်ထားပြောဆိုခဲ့ကြသည်။ အချို့က ၂၀၁၅ခုနှစ်ရွေးကောက်ပွဲအား ရည်ညွှန်း၍၊ အစိုးရအပြောင်းအလဲက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား သက်ရောက်မှုများဖြစ်ပေါ်စေ၍လက်ရှိသဘောတူညီမှုများကို အားနည်းယုတ်လျော့စေနိုင်မည့်စိုးရိမ်မှုများအား ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ အရှိန်အဟုန်ဆက်လက်ရှိနေစေခြင်းမှာ စစ်သားများစွာတို့ဆွေးနွေးခဲ့သော အယူအဆဖြစ်သည့် မှန်ကန်သော (သို့) စစ်မှန်သောငြိမ်းချမ်းရေးကို လိုလားခြင်းနှင့် ဆက်စပ်လျက်ရှိလေသည်။

NMSPစစ်သားတို့အတွက်မူ မှန်ကန်သောငြိမ်းချမ်းရေးတွင် လွတ်လပ်စွာသွားလာလှုပ်ရှားခွင့်၊ တိုင်းရင်းသားမျိုးနွယ်စုအရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပညာရေးသာမက၊ မွန်လူထုတို့အတွက်လုံခြုံရေးနှင့်တည်ငြိမ်ရေးစသောလူမှုရေးဝန်ဆောင်မှုများဟူသောအယူအဆများပါဝင်ကြလေသည်။မှန်ကန်သောငြိမ်းချမ်းရေး ဟူသောသဘောထားအား၊ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်မှုနှေးကွေးခြင်းအပေါ် ပူပန်ခြင်း နှင့်ငြိမ်းချမ်းရေး ဖော်ဆောင်အောင်မြင်လိုသောဆန္ဒတို့ဖြင့်ယှဉ်၍ မကြာခဏထုတ်ဖော်ပြောကြားလေ့ရှိခဲ့သည်။ စစ်သားတစ်ဦးက “တကယ်လို့ဒါဟာစစ်မှန်တဲ့ငြိမ်းချမ်းရေးဖြစ်မယ်ဆိုရင်ကောင်းမယ်”ဟုပြောဆိုခဲ့သည်။ အနာဂါတ်အတွက် မျှော်လင့်ချက်ပြည့်ဝလျက်ရှိနေသော်လည်း၊ လက်ရှိငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးမှုများက NMSPနှင့်မြန်မာပြည်သို့ စစ်မှန်သော ငြိမ်းချမ်းရေးကို ယူဆောင်နိုင်ခြင်းမရှိသေး ဟု ယူဆထင်မြင်ကြောင်း ကိုစစ်သားများစွာ မှဖွင့်ဟပြောကြားခဲ့ကြသည်။

လုပ်ငန်းစဉ်တိုးတက်စေရန်နှင့် NMSP၏ရည်ရွယ်ချက်များ အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်နိုင်ရန်အတွက်၊ ငြိမ်းချမ်းရေးသဘောတူညီချက်ပါ သတ်မှတ်ချက်များကို အကောင်အထည်ဖော်ရန် လိုအပ်ကြောင်းကိုလည်း စစ်သားများကပြောဆိုခဲ့ကြသည်။ အချို့ကလည်း ၎င်းအချက်တို့အား လက်ရှိအစိုးရဘက်မှ လိုက်နာမှုကင်းမဲ့သည်ဟုရှုမြင်မိ၍ ပူပန်ကြကြောင်း ဖွင့်ဟခဲ့ကြပြီး၊ စစ်သားတစ်ဦးက “ကျွန်တော်တို့ တိုင်းရင်းသားတွေအတွက ‘အဓိကပူပန်စရာ နဲ့အကြောက်ဆုံးကတော့၊ သူတို့ (မြန်မာအစိုးရ)က အပြောနဲ့အလုပ်မညီဖြစ်မှာဘဲ။ ငြိမ်းချမ်းရေးသဘောတူညီချက်ကို မချိုးဖောက်ဖို့သူတို့မှာ ခိုင်လုံတဲ့အကြောင်းပြချက် တစ်ရပ်ရှိသင့်တယ်။သူတို့ရဲ့စကားတွေနဲ့ကတိတွေကိုစောင့်ထိန်းသင့်တယ်။” ဟုအားတက်သရော ပြောကြားခဲ့သည်။

၎င်းထွက်ဆိုချက်တို့က ရံဖန်ရံခါပင် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုမျာ းပျက်ပြားခဲ့သော အတိတ်အတွေ့အကြုံတို့နှင့် ဆက်စပ်လျက်ရှိခဲ့ကြသည်။ အချို့စစ်သားတို့က ယင်းကဲ့သို့ထပ်ဖြစ်ပွားမည်ကို စိုးရိမ်မိကြသဖြင့်စစ်ဘက်ရေးရာအသင့်အနေအထားအားအချို့သောအဆင့်အထိတိုင်အောင်ထိန်းသိမ်းထားရှိရန်လိုအပ်ချက်တစ်ရပ်ရှိလေသည်။ “ကျွန်တော်ကတော့သူတို့ကတိမတည်မှာစိုးရိမ်မိတယ်။ ၁၉၉၅/၁၉၉၆ကနေ ၂၀၁၀အထိကျွန်တော်တို့က အပစ်အခတ်ရပ်စဲရေးအဆင့်မှာဘဲရှိနေသေးတယ်။ လက်ရှိအခြေအနေကလည်း

အဲဒီလိုဘဲဖြစ်သွားမှာစိုးရိမ်မိတယ်။ အဲဒီအတွက်ကြောင့်ကျွန်တော်တို့ စစ်တပ်အင်အားနဲ့စည်းလုံးမှုကို ထိန်းသိမ်းထားဖို့လိုတယ်" ဟုစစ်သားတစ်ဦးကထွက်ဆိုခဲ့သည်။

ယင်းပူပန်မှုများ နှင့်သဘောတူညီချက်များအားညီညွတ်စွာ၊ အသေအချာအကောင်အထည်ဖော်ဆောင်ရန်၊ အပစ်အခတ်ရပ်စဲခြင်းစောင့်ကြည့်စစ်ဆေးရေး နှင့် ဒေသအတွင်းငြိမ်းချမ်းရေးတိုးတက်စေရန် အားပေးထောက်ပံ့ခြင်း လိုအပ်မှုကိုစစ်သားတို့ကဆွေးနွေးခဲ့ကြသည်။ အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်စိစစ်မှုကော်မတီ၏အခန်းကဏ္ဍအား တွေးဆပုံဖော်ကြည့်၍ စစ်သားတစ်ဦးက "အစည်းအဝေးထဲမှာ စောင့်ကြည့်စစ်ဆေးရေးကော်မတီ တစ်ခုရှိနေသင့်တယ်။ သူတို့စကားသူတို့တည်အောင်လုပ်မယ်လို့ သက်သေပြနိုင်ခဲ့ရင် ငြိမ်းချမ်းရေးရမယ်ဆိုတာ သေချာပါပြီ။"

အခြားသူတို့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ နှေးကွေးသောတိုးတက်မှုကို ထောက်ပြခဲ့ကြပြီး စေ့စပ်ညှိနှိုင်းရေးတို့၏ အချိန်ကာလနှင့် အခြားNSAGSတို့နှင့် သဘောတူညီမှုတည်ဆောက်ရန်ကြာချိန်တို့နှင့် ပတ်သက်သော စိုးရိမ်ပူပန်မှုကို ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ နှေးကွေးသောခြေလှမ်းအား ပူးပေါင်းပါဝင်ပတ်သက်စေခြင်းနှင့် ဆက်စပ်၍ ရံဖန်ရံခါဆွေးနွေးခဲ့ကြသည်။ စစ်သားများက NSAGများစွာတို့နှင့်ချိတ်ဆက် လုပ်ဆောင်သောပူးပေါင်းပါဝင်မှုရှိစေသော လုပ်ငန်းစဉ်တစ်ရပ်သည်သာလွန်သော တိုးတက်မှုကိုဖြစ်စေ၍စစ်မှန်သောငြိမ်းချမ်းရေးကိုအောင်မြင်စွာဖော်ဆောင်နိုင်ရန်ပို၍ကောင်းမွန်သောအခွင့်အရေးပေါ် ပေါက်စေမည်ဟူသောယုံကြည်ချက်ကိုဖွင့်ဟပြောကြားခဲ့သည်။

"အစိုးရကတခြားတိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းတို့နဲ့ စကားပြောဖို့လုပ်တာကြာလွန်းတယ်၊ ပြီးတော့ အခြားသူတွေကဆက်ပြီး တိုက်နေကြတုန်းဘဲ။ (ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ) တစ်ပြိုင်ထဲလုပ်သင့်တယ်။" ဟုဆိုခဲ့ပြီးအခြားတစ်ဦးကလည်း "ကျွန်တော်ထပ်ဖြည့်ပြီး ပြောချင်တာက၊ အစိုးရကတိုင်းရင်းသား အဖွဲ့အစည်းအားလုံးနဲ့တစ်ပြိုင်ထဲတွေ့သင့်တယ်၊တစ်ဖွဲ့ခြင်းစီနဲ့တွေ့တာမျိုးမဟုတ်ဘဲနဲ့ပေါ့။" ဟုထုတ်ဖော်ပြောကြားခဲ့သည်။

## မွန်လူမျိုးတို့ပျောက်ဆုံးခဲ့သောအမွေအနှစ်အားပြန်လည်ဖော်ထုတ်ခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့်ကိုယ်ကြမ္မာကိုယ်ဖန်တီးခွင့်၊

မွန်လူမျိုးတို့ပျောက်ဆုံးခဲ့သောအမွေအနှစ်များကိုပြန်လည်ဖော်ထုတ်လိုခြင်း၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့်ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်လိုလားခြင်းဟူသောအကြောင်းအရာခေါင်းစဉ်တို့အား အဓိကအကြောင်းအရာဇယားကွက်၌ သီးခြားစီ စာရင်းပြုစု ထားခဲ့သော်လည်း၊ စကားစမြည်ဝိုင်းများအတွင်း၌မူ ၎င်းတို့အား ဆက်စပ်ဆွေးနွေးခဲ့ကြသည်။ ထိုအကြောင်းပြချက်ကြောင့်၎င်းတို့အား၎ျအခန်း၌အတူတကွ ဆွေးနွေးခဲ့သည်။

စကားစမြည်ဝိုင်းများတလျှောက ်NMSP ခြေလျင်စစ်သားများစွာတို့က ကိုယ်ပိုင်အုပ်ချုပ်ခွင့် နှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ရည်မှန်းချက်တို့အား ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ အထူးသဖြင့် မွန်ပြည်နယ်၏ အနာဂါတ်အား NMSPစစ်သားတို့ပုံဖော်တွေးခြင်းနှင့် စပ်လျဉ်း၍ဆွေးနွေးမှုများတွင် ပြင်းထန်သော မွန်အမျိုးသားရေး စိတ်ဓါတ်အားသိသာပေါ်လွင်စွာတွေ့ရှိခဲ့ရသည်။ စစ်သားများစွာတို့ကပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု

အစရှိသော မွန်လူမျိုးအခြေပြုလူမှုရေးစံနစ်၊ လွတ်လပ်သောမွန်အစိုးရ နှင့် ခေါင်းဆောင်မှုသာမက မွန်ပြည်နယ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်နှင့်ပတ်သက်၍ပြောကြားခဲ့ကြသည်။ "မွန်လူဦးရေအများစုနေထိုင်တဲ့ဒေသတွေမှာကျွန်တော်တို့ရဲ့အခွင့်အရေးကကျွန်တော်တို့လူမျိုးတွေရဲ့လက်မှာပဲရှိသင့်တယ်။" ဟုစစ်သားတစ်ဦးကရှင်းပြခဲ့သည်။

စစ်သားဦးရေအချို့က ထိုကဲ့သို့သောစကားဝိုင်းများအား ပျောက်ဆုံးခဲ့သောမွန်မင်းဆက်အားပြန်လည်ရယူဖော်ထုတ်ခြင်းနှင့်မွန်ရိုးရာယဥ်ကျေးမှု နှင့်ဓလေ့ထုံးတမ်းအစဥ်အလာတို့၏ အရေးပါပုံအားထပ်လောင်းအတည်ပြုရန်ဟူ၍ ဘောင်ခတ်ပြောဆိုခဲ့ကြသည်။ စစ်သားတစ်ဦးက "အရေးအကြီးဆုံးကိစ္စကတော့ကျွန်တော်တို့ရဲ့ပျောက်ဆုံးခဲ့တဲ့အ မွေအနှစ်တွေကိုပြန်လည် ရယူဖော်ထုတ်ဖို့ပါဘဲ" ဟုရင်ဖွင့်ပြောဆိုခဲ့သည်။ မွန်မင်းဆက်နှင့်မွန်ယဥ်ကျေးမှုအမွေအနှစ်ဟူသော သဘောထားအယူအဆတို့သည် နယ်မြေပြန် လည်တောင်းဆိုရယူခြင်းတို့ နှင့်ရုံဖန်ရံခါဆက်စပ်ယှဥ်တွဲလျက်ရှိလေသည်။ စစ်သားအများအပြားတို့က ဘိုးဘွားပိုင်မြေများ၌ ပြန်လည်နေထိုင်ရန်အရေးကြီးပုံကို အလေးပေးပြောကြားခဲ့ကြပြီး၊ မွန်ပြည်နယ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်လိုလားသောဆန္ဒကိုအားဖြည့်ထောက်ခံလျက်ရှိသည်။ စစ်သားတစ်ဦးကအချုပ်အခြာအာဏာအား "ကျွန်တော်တို့ရှေးဟောင်း ဘိုးဘွားပိုင်မြေတွေကိုပြန်ခြင်း"ဖြင့်အကောင်အထည် ဖော်ဆောင်အောင်မြင်နိုင်ကြောင်းပြောဆိုခဲ့ပြီး၊ "ကိုယ့်ကိုယ်ပိုင်နယ်မြေမှာနေထိုင်ပြီး၊ တိုင်းရင်းသားလူမျိုးတိုင်း ရသင့်တဲ့ တိုင်းရင်းသားအခွင့်အရေးတွေကို ရမယ်ဆိုရင်ပိုကောင်းတယ်။" ဟုဆက်လက်ပြောကြားခဲ့သည်။ အခြားရဲဘော် တစ်ဦးကအောက်ပါအတိုင်းရှင်းပြပြောကြားခဲ့သည်။" အရိုးသားဆုံးပြောရမယ်ဆိုရင် ကျွန်တော်ခံစားချက်ကတော့ကျွန်တော်တို့မွန်လူမျိုးပိုင်တဲ့မြေကို ကျွန်တောတို့ကိုပြန်ပေးသင့်တယ်။ ပြီးတော့ကျွန်တော်တို့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရရှိသင့်တယ်။ အဲဒီလိုဆိုရင်ကျွန်တော်တို့အသက်မွေးဝမ်းကျောင်းမှု နဲ့နေထိုင်မှုအဆင့်အတန်းတိုးမြှင့်လာမယ် ။ပြီးတော့တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဥ်မှာလူတိုင်းပူးပေါင်းပါဝင်နိုင်လာမယ်။"

## တပ်ဖျက်သိမ်းရေး

တပ်ဖျက်သိမ်းရေးကိစ္စဆွေးနွေးရန်စောလွန်းသေးသည်ဟု NMSPကခံစားမိကြသည်။[10]စကားဝိုင်းများတလျှောက်၌ခြေလျင်တပ်သားတို့ကတိုက်ပွဲဖြစ်ပွားပါက မိမိကိုယ်ကိုကာကွယ်နိုင်ရန်၊ စစ်ရေးအရအသင့်ရှိနေရန် အရေးကြီးကြောင်း၊ အတိတ်၌ဆုံးရှုံးပျက်ကွက်ခဲ့ကြသော စေ့စပ်ညှိနှိုင်းမှုများနှင့်သဘောတူညီချက်များကိုပြန်လည်ဆင်ခြင်ကာ အလေးပေးပြောဆိုခဲ့သည်။

---

[10]NMSPခေါင်းဆောင်တို့ကနားထောင်သူတို့အားခြေလျင်တပ်သားတို့နှင့်စကားပြောခွင့်ပြုခဲ့သော်လည်း၊တပ်ဖျက်သိမ်းရေးနှင့်လက်နက်ဖျက်သိမ်းရေးကိစ္စကိုမူပြောကြားရန်စောလွန်းသည်ဟုယူဆသောကြောင့်ဆွေးနွေးမှုမပြုရန်ပြောကြားခဲ့သည်။

## တန်းတူအခွင့်အရေး

NMSPစစ်သားများနှင့်ပြုလုပ်ခဲ့သောစကားဝိုင်းများမှ ထွက်ပေါ်လာသောအခြားအကြောင်းအရာတစ်ရပ်မှာ တန်းတူအခွင့်အရေး လိုလားခြင်းဖြစ်သည်။ အခြားအဖွဲ့အစည်းများနည်းတူပင် စစ်သားများစွာတို့က ဗိုလ်ချုပ်အောင်ဆန်း၏ "ဗမာတစ်ကျပ်၊မွန်တစ်ကျပ်" ဟူသောစကားအား မြန်မာပြည်ရှိတိုင်းရင်းသား မျိုးနွယ်စုတိုင်းအတွက် တန်းတူအခွင့်အရေးစံမူနာအဖြစ် ကိုးကားပြောဆိုခဲ့ကြသည်။ "အရေးကြီးဆုံးမဖြစ်မနေ ဆွေးနွေးရမယ့်ကိစ္စကတော့ တိုင်းရင်းသားလူမျိုးစုတွေရဲ့အခွင့်အရေးပဲဖြစ်ပါတယ်။ တကယ်လို့များတိုင်းရင်းသား အခွင့်အရေးတွေရှိမယ်ဆိုရင် အနာဂါတ်မှာအခက်အခဲပြဿနာတွေနည်းပါးပြီး ငြိမ်းချမ်းတဲ့ဘ၀တွေကိုရရှိမှာပါ။" ဟုရဲဘော်တစ်ဦးကရှင်းပြခဲ့သည်။ ထို့အပြင်အရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းမှရရှိလာသော အကျိုးအမြတ်တို့အား သာတူညီမျှခွဲဝေရန် လိုအပ်ပုံကိုလည်းပြောကြားခဲ့သည်။

## ထပ်တိုးစိစစ်လေ့လာတွေ့ရှိချက်

အများသဘောတူ အကြောင်းအရာခေါင်းစဉ်အဖြစ် အသေးစိတ်ဖော်ပြထားခြင်းမရှိသော်လည်း၊ စကားဝိုင်းများ၌ နားထောင်သူတို့အတွက်အဓိကအချက်တစ်ခုအဖြစ် ပေါ်ထွက်လာခဲ့သောအချက်မှာ တိုးတက်ကောင်းမွန်သော စီးပွားရေးအခွင့်အလမ်းများ နှင့် အသက်မွေး၀မ်းကျောင်းမှုအခွင့်အရေးများ အပါအ၀င်မွန်ပြည်နယ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်ပင်ဖြစ်သည်။ စစ်သားတို့ကငြိမ်းချမ်းရေး လုပ်ငန်းစဉ်တိုးတက်သည်နှင့်အမျှပို၍ကောင်းမွန်သောစီးပွားရေးအခွင့်အလမ်းရရှိမည်ဟုမျှော်လင့်ခဲ့ကြသည်။"တကယ်လို့များ စစ်မှန်ပြီး အကန့်အသတ်အပြောင်းအလဲမရှိတဲ့ငြိမ်းချမ်းရေးရမယ်ဆိုရင် လူတွေအတွက်အလုပ်အကိုင်အခွင့်အလမ်းတွေ ရလာမယ်လို့မျှော်လင့်မိပါတယ်" ဟူ၍အဆိုပါမျှော်လင့်ချက်အား စစ်သားတစ်ဦးကထုတ်ဖော်ပြောကြားခဲ့သည်။

## ဝေါဟာရများ

အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု - ပို၍တည်တံ့သောအဖြေများကို ရှာဖွေနေစဉ် ကြားဖြတ်စစ်ပွဲများ ရပ်နားခြင်းကာလ

တပ်ဖျက်သိမ်းရေး - တပ်ဖျက်သိမ်းခြင်းသည်တရားဝင်ဖြစ်၍လက်နက်ကိုင်အဖွဲ့များ (သို့) အခြားသောလက်နက်ကိုင်အဖွဲ့များမှဆက်လက်ပြုလုပ်နေသောတိုက်ခိုက်စစ်ဆင်ရေးတို့ထွက်ခွာခြင်းအားကြီးကြပ်ကွပ်ကဲသည်။[11]

ဖယ်ဒရယ်ဝါဒ - ဤစာအုပ်တွင်ဖယ်ဒရယ်ဝါဒ၏အဓိပ္ပာယ်မှာ - တိုင်းပြည်တစ်ခုအတွင်းရှိ ပြည်နယ်အသီးသီး၌ တန်းတူကိုယ်စားပြုခြင်းနှင့် ပြည်နယ်အလိုက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်အစိုးရအဆင့်တို့ မြင့်မားသောပိုင်ဆိုင်ခွင့်ပြုထားသော ဒီမိုကရက်တစ်အစိုးရစနစ်တစ်ခုကို ရည်ညွှန်းသည်။

ခြေလျင်တပ်သား - ခြေလျင်တပ်သားများဟူသော ဝေါဟာရမှာ စစ်ဘက်ဆိုင်ရာ ရာထူးအဆင်မဲ့သော စစ်သားများကို ရည်ရွယ်ခြင်းဖြစ်သည်။ ဤစာအုပ်တွင်မူဇင်း ဝေါဟာရအား ရဲဘော်များနှင့် ရာထူးမဲ့စစ်သားများဟူ၍ အလဲအလှယ်အသုံးပြုခဲ့သည်။

လွတ်လပ်ခွင့် - ဤစာအုပ်တစ်အုပ်လုံးတွင် လွတ်လပ်ခွင့်ဟူသော ဝေါဟာရအား အတားအဆီးမရှိ လှုပ်ရှားခရီးသွားနိုင်သော စွမ်းရည်၊ အကန့်အသတ်ချုပ်ချယ်မှုမရှိဘဲ လက်လှမ်းမီနိုင်သော အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများနှင့် ဒီမိုကရက်တစ်အစိုးရစနစ်တစ်ခုအား ရာထူးအပ်နှင်းခြင်းကို လိုလားသောဆန္ဒတို့အား ရည်ရွယ်ထားပြီး ယေဘုယျအားဖြင့်မူ အကြမ်းဖက်ခြင်းနှင့် ဖိနှိပ်ခြင်းရှိသော ဖွဲ့စည်းပုံတို့မှ လွတ်လပ်စွာ နေထိုင်နိုင်သောစွမ်းပကားဟု အဓိပ္ပာယ်ရသည်။

နားထောင်သူများ - နားထောင်သူများဟူသည်မှာ ဤစီမံကိန်းအတွက် နားထောင်ခြင်း စကားစမြည်ဝိုင်းများအား စီစဉ်ပြုလုပ်သောပုဂ္ဂိုလ်များကိုရည်ညွှန်းခြင်းဖြစ်သည်။

မြန်မာ - ၁၉၈၉ခုနှစ်တွင် ၎င်းကာလ အုပ်ချုပ်ခဲ့သောစစ်အစိုးရကဗမာမှ မြန်မာဟူ၍တရားဝင်အမည်ပြောင်းလဲသမုတ်ခဲ့သည်။ဗမာဘာသာစကားအရမူကိုစကားလုံးနှစ်ခုအားရွေးချယ်စရာအဖြစ်တစ်ခုနှင့်တစ်ခုအစားထိုးသုံးနိုင်သော်လည်းထိုသို့အသုံးပြုခြင်းမှာနိုင်ငံရေးသဘောသက်ရောက်သည့်ကိစ္စတစ်ရပ်ဖြစ်လာခဲ့သည်။ဤစာအုပ်၌မြန်မာဟူ

[11]UNICEF (2006) လက်နက်ကိုင်အဖွဲ့အစည်းများနှင့် လူသားချင်းစာနာသော စေ့စပ်ညှိနှိုင်းပြောဆိုခြင်း လုပ်ငန်းများအတွက် လမ်းညွှန်ချက်များ။ ၀၅ ဒီဇင်ဘာ ၂၀၁၃တွင် http://www.unicef.org/emergencies/files/guidelines-negotiations armed - groups.pdfမှပြန်လည်ရယူခဲ့သည်။

သာအမည်ကိုအသုံးပြုထားမည်ဖြစ်သော်လည်းနိုင်ငံရေးထုတ်ပြန်ကြေငြာချက်တစ်ရပ်အဖြစ်အသုံးချရန်ရည်ရွယ်ခြင်းမဟုတ်ပေ။

ရာထူးအဆင့်မဲ့သူ - စစ်ဘက်ရေးရာရာထူးအဆင့်မရှိသောစစ်သည်တစ်ဦး။

အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့အစည်း - ဤစာအုပ်တွင်အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့အစည်းဟူသောဝေါဟာရအားမြန်မာအစိုးရအားဆန့်ကျင်သောလက်နက်ကိုင်အဖွဲ့အစည်းများ (သို့) အားလုံးတို့အားစုစည်း၍ရည်ညွှန်းအသုံးပြုထားသည်။

ပုံမှန်ဖြစ်စေခြင်း- MILF– Philippine Government Comprehensive Peace Agreementတွင်အသုံးပြုထားသောဝေါဟာရဖြစ်ပြီးလူထုများမိမိတို့တောင့်တသောဘဝအဆင့်အတန်း၊ရေရှည်တည်တံ့သောအသက်မွေးဝမ်းကျောင်းနှင့်ငြိမ်းချမ်းသောလူ့ဘောင်အဖွဲ့အစည်းအတွင်းနိုင်ငံရေးအရပါဝင်ဆောင်ရွက်နိုင်ခြင်းစသည်အခြေအနေများသို့ပြန်လည်ရောက်ရှိနိုင်ခြင်းကိုရည်ရွယ်သည်။

ငြိမ်းချမ်းရေးတည်ဆောက်ခြင်း - ဤဝေါဟာရတွင် လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာအထောက်အပံ့ပေးအပ်ခြင်း၊လူ့အခွင့်အရေးတို့အားကာကွယ်စောင့်ရှောက်ခြင်း၊လုံခြုံရေးအာမခံခြင်း၊အကြမ်းမဖက်ဘဲပဋိပက္ခကိုဖြေရှင်းစေခြင်းနည်းလမ်းများကိုထူထောင်ခြင်း၊ပြန်လည်သင့်မြတ်ခြင်းကိုအားပေးမြှင့်တင်ခြင်းစိတ်ဒဏ်ရာအနာတရများကုသခြင်းဝန်ဆောင်မှုများ၊ဒုက္ခသည်များအားပြန်လည်ခေါ်ယူခြင်းနှင့်ပြည်တွင်း၌နေရာပြောင်းရွှေ့ခံရသောသူအားပြန်လည်နေရာချထားခြင်းအောက်ခြေသို့ပျံ့နှံ့ရောက်ရှိစေသောပညာရေးအထောက်အပံ့နှင့်စီးပွားရေးပြန်လည်တည်ဆောက်ခြင်း၌အကူအညီပေးခြင်းတို့ပါဝင်လေသည်။

ပဋိပက္ခကြိုတင်ကာကွယ်ခြင်း - ပြန်လည်ပေါ်ပေါက်နိုင်သော အကြမ်းဖက်မှုရန်ကာကွယ်ခြင်းသာမက၊ပဋိပက္ခစီမံအုပ်ချုပ်ခြင်းနှင့်ပဋိပက္ခအပြီးပြန်လည်ထူထောင်ခြင်းတို့လည်းပါဝင်လေသည်။ထို့ထပ်ပို၍ကျယ်ပြန့်သောသဘောအရ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းတွင်ပို၍စီမံခန့်ခွဲလွယ်ကူသော ငြိမ်းချမ်းသောဆက်ဆံရေးများနှင့်အုပ်ချုပ်မှုဖွဲ့စည်းပုံအဖြစ်သို့အသွင်ကူးပြောင်းခြင်း - ရေရှည်လုပ်ငန်းစဉ်ဖြစ်သော အကြောင်းတရား အရင်းအမြစ်များနှင့် အကျိုးရလဒ်များအားကိုင်တွယ်ဖြေရှင်းခြင်း၊ ကွဲပြားခြားနားမှုများအားသင့်မြတ်စေခြင်း၊ဆက်ဆံရေးများအားပုံမှန်ဖြစ်စေခြင်းနှင့်ပဋိပက္ခများအားအကြမ်းဖက်မှုများသို့မပြောင်းလဲစေဘဲစီမံကွပ်ကဲနိုင်သောအဖွဲ့အစည်းများအားတည်ထောင်ခြင်းတို့ဖြစ်သည်။[12]

---

[12]United States Institute for Peace (2011) Peace Terms, Glossary of Terms for conflict management and peacebuilding. Reteieved 05 December 2013 from http://www.usip.org/sites/default/files/files/peaceterms.pdf

ငြိမ်းချမ်းရေးသဘောတူချက်များ - ဤစာအုပ်၌ယေဘုယျအားဖြင့် ငြိမ်းချမ်းရေးနှင့်ဆိုင်သောရှေ့ပြေးသဘောတူညီမှု၊ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု၊ သဘောတူညီမှုစာချုပ်မူကြမ်းစသည်တို့အပါအဝင် ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သော မည်သည့်သဘောတူညီချက်ကိုဖြစ်စေရည်ရွယ်အသုံးပြုထားသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် - ငြိမ်းချမ်းရေးသဘောတူညီမှုတစ်ရပ်နှင့် အကောင်အထည်ဖော်ဆောင်ခြင်းလုပ်ငန်းသို့ ရောက်ရှိစေရန်လိုအပ်သည့်စေ့စပ်ညှိနှိုင်းရေးသို့မဟုတ်ကြားဝင်ဖျန်ဖြေရေးအခန်းဆက်လှေကားထစ်များ (သို့) ပြောင်းလဲဖြစ်ပေါ်မှုအဆင့်များကိုဆိုလိုသည်။ထိုအဆင့်များသည်အစီအစဉ်ကျခြင်း (သို့) အစဉ်အတိုင်းဖြစ်ခြင်းတို့မရှိနိုင်ပေ။ထိုအဆင့်များ၌ယုံကြည်မှုတည်ဆောက်ခြင်းအကဲဖြတ်တိုင်းအတာများ၊ဘေးအန္တရာယ်လျှော့ချရေးနည်းဗျူဟာများ၊ကောင်းမွန်သောအသင်းအမှုဆောင်များ၊အချက်အလက်ရှာဖွေခြင်း (သို့) စောင့်ကြည့်လေ့လာရေးလုပ်ငန်းများ၊သင့်မြတ်စေခြင်းနှင့်ကြားဝင်ဖြန်ဖြေခြင်းအားထုတ်မှုများနှင့်နိုင်ငံတကာအင်အားမျုးအားထိရောက်စွာအသုံးချခြင်းတို့လည်းထည့်သွင်းပါဝင်နိုင်လေသည်။[13]

ပြန်လည်ပေါင်းစည်းခြင်း - တိုက်ခိုက်ရေးသမားဟောင်းများက သာမန်အရပ်သားအဆင့်အတန်းတွင်နေထိုင်၍၊ ရေရှည်တည်တံ့သောအလုပ်အကိုင်နှင့်ဝင်ငွေတို့ရရှိသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ပြန်လည်ပေါင်းစည်းရေးသည် လူမှုရေးနှင့်စီးပွားရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီးရက်ရောသောအချိန်ကာလဘောင်တစ်ခုရှိ၍အထူးသဖြင့်ဒေသခံလူထု အဖွဲ့အစည်းတို့အဆင့်၌ဖြစ်ပေါ်လျက်ရှိသည်။၎င်းသည်တိုင်းပြည်တစ်ခု၏အထွေထွေဖွံ့ဖြိုးမှု၏အစိတ်အပိုင်းဖြစ်ပြီးနိုင်ငံလုံးဆိုင်ရာတာဝန်တစ်ခုဖြစ်၍ရံဖန်ရံခါပြင်ပကူညီထောက်ပံ့မှုမရှိမဖြစ်လိုအပ်ပေသည်။[14]

စစ်မှန်သောမှန်ကန်သော (သို့) တည်တံ့သောငြိမ်းချမ်းရေး - ဤစီမံကိန်းတလျှောက်လုံး၌စစ်သားတို့က စစ်မှန်သောမှန်ကန်သော (သို့) တည်တံ့သောငြိမ်းချမ်းရေးကိုပြောဆိုခဲ့ကြသည်။ ထိုဝေါဟာရတို့၏ အဓိပ္ပာယ်များသည် ပုဂ္ဂိုလ်တစ်ဦးချင်းအကြား၊ NSAGတို့အကြားကွဲပြားခြားနားလျက်ရှိသည်။ ယေဘုယျအားဖြင့် ထိုဝေါဟာရများသည်မြန်မာပဋိပက္ခ၌ပါဝင်ကြသောအဖွဲ့တိုင်းမှငြိမ်းချမ်းရေးအကောင်အထည်ဖော်ဆောင်အောင်မြင်ရ

---

[13]United States Institute for Peace (2011) Peace Terms, Glossary of Terms for conflict management and peacebuilding. Reteieved 05 December 2013 from http://www.usip.org/sites/default/files/files/peaceterms.pdf

[14]Ball & Van De Goon (2006), Disarment, Demobilization and Reintegration, Netherlands Institute of International Relations Clingendeel Reteieved. 05 December 2013 from www.clingendaelnll sites/default/files/20060800-ceu-paper-ddr.pdf

န်နှင့်မြန်မာပြည်၌ ရေရှည်တည်တံ့ခိုင်မြဲသော အပစ်အခတ်ရပ်ဆိုင်းခြင်းကို တည်ထောင်ရန ကတိသစ္စာနှင့်ရိုးသားဖြောင့်မှန်မှုရှိခြင်းကိုရည်ညွှန်းခြင်းဖြစ်သည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့် - တိုင်းပြည်တစ်ခု၏ဒေသနယ်ပယ်တစ်ခုအားကိုယ်တိုင်အုပ်ချုပ်ရေး (သို့) တရားဝင်ရွေးချယ်ခန့်အပ်ထားခြင်းမရှိသော်လည်းလက်တွေ့အုပ်ချုပ်ခွင့်ကိုကျယ်ပြန့်စွာပေးအပ်ထားသောသဘောတူအစီအစဉ်တစ်ခုဖြစ်သည်။[15]

ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်- လူထုအားမိမိ၏ နိုင်ငံရေးအဆင့်အတန်းအပေါ် ကိုယ်တိုင်ဆုံးဖြတ်နိုင်စေသော အခွင့်အရေးဖြစ်သည်။ထိုအချင်းအရာအားလွတ်လပ်ရေးအပြည့်အဝရရှိခြင်း (သို့) လုပ်ပိုင်ခွင့်နှင့်ပြည်နယ်တစ်ခု အတွင်း ဘာသာစကား (သို့) ကိုးကွယ်ယုံကြည်မှုအပေါ် ဆုံးဖြတ်ရွေးချယ်ခွင့်နှင့် သာလွန်သောအဆင့်အနေအထားကိုရရှိခြင်းဟုရည်ညွှန်းပြောဆိုနိုင်သည်။[16]

တပ်မတော် - မြန်မာနိုင်ငံလုံးဆိုင်ရာလက်နက်ကိုင်တပ်ဖွဲ့၏ဗမာအခေါ်အဝေါ်

---

[15] United States Institute for Peace (2011) Peace Terms, Glossary of Terms for conflict management and peacebuilding. Reteieved 05 December 2013 from http://www.usip.org/sites/default/files/files/peaceterms.pdf

[16] United States Institute for Peace (2011) Peace Terms, Glossary of Terms for conflict management and peacebuilding. Reteieved 05 December 2013 from http://www.usip.org/sites/default/files/files/peaceterms.pdf

## ဖြည့်စွက်ချက်

လမ်းညွှန်မေးခွန်းများ

၁။ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဘာထင်မြင်ချက်နဲ့ခံစားချက်တွေရှိသလဲ။

အဓိကစကားလုံးဝေါဟာရများ - ထင်မြင်ချက်များ၊ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

၂။တကယ်လို့သင်ဟာငြိမ်းချမ်းရေးစေ့စပ်ညှိနှိုင်းအဖွဲ့တွေမှာပါဝင်ခဲ့ရင်ဘာအကြောင်းအရာတွေကိုဆွေးနွေးပြောဆိုမလဲ။

အဓိကစကားလုံးဝေါဟာရများစေ့စပ်ညှိနှိုင်းပွဲများ၊အကြောင်းအရာများ

၃။သင့်အတွက်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲမှာထည့်သွင်းဖို့လိုအပ်တဲ့အရေးအကြီးဆုံးအရာတွေကဘာလဲ။

အဓိကစကားလုံးဝေါဟာရများ - စေ့စပ်ညှိနှိုင်းရေးပွဲများ၊အရေးကြီးသောကိစ္စရပ်များ

၄။ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကနေသင်ဘာကိုရချင်သလဲ။

အဓိကစကားလုံးဝေါဟာရများ - ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊လိုလားချက်များ

၅။ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီးဘယ်အရာကသင့်အတွက်အကြီးမားဆုံးပူပန်စရာလဲ။

အဓိကစကားလုံးဝေါဟာရများ - ကိုယ်ပိုင်ပူပန်မှုအကြောင်းအရာ

၆။အနာဂါတ်မှာငြိမ်းချမ်းရေးရရှိပြီဆိုရင်၊ ဘယ်အရာကသင့်အတွက် အကြီးမားဆုံးသောစိန်ခေါ်မှုအခက်အခဲတွေဖြစ်မလဲ။

အဓိကစကားလုံးဝေါဟာရများ - ကိုယ်ပိုင်စိန်ခေါ်မှုအခက်အခဲများ၊ငြိမ်းချမ်းရေး

၇။အဲဒီစိန်ခေါ်မှုအခက်အခဲတွေကိုရင်ဆိုင်ကျော်လွှားဖို့သင့်ကိုဘယ်အရာကအကူအညီဖြစ်စေလဲ။

အဓိကစကားလုံးဝေါဟာရများ - စိန်ခေါ်မှုအခက်အခဲများအားရင်ဆိုင်ကျော်လွှားခြင်း၊ငြိမ်းချမ်းရေး

၈။တပ်ဖျက်သိမ်းရေးအပေါ်သင်ဘယ်လိုခံစားရလဲ။

အဓိကစကားလုံးဝေါဟာရများ - တပ်ဖျက်သိမ်းရေး၊စိတ်အားထက်သန်ခြင်း

၉။သင်လက်နက်ချဖို့ဘာတွေအကူအညီလိုမလဲ။/ တပ်ဖျက်သိမ်းဖို့သင်ဘာတွေလိုအပ်မလဲ။

အဓိကစကားလုံးဝေါဟာရများ - အထောက်အပံ့အကူအညီလိုအပ်မှုများ၊လက်နက်ဖျက်သိမ်းခြင်း

၁၀။သာမန်အရပ်သားဘဝကိုသင်ပြန်လည်ပေါင်းစည်းချင်သလား။

အဓိကစကားလုံးဝေါဟာရများ - လိုလားခြင်း၊ပြန်လည်ပေါင်းစည်းခြင်း

၁၁။သာမန်အရပ်သားဘဝကိုပြန်လည်ပေါင်းစည်းဝင်ရောက်ဖို့သင်ကိုဘာအကူအညီပေးမလဲ။

အဓိကစကားလုံးဝေါဟာရများ - ပြန်လည်ပေါင်းစည်းခြင်းအထောက်အပံ့အကူအညီ

၁၂။ဒါမှမဟုတ်၊တခြားလုံခြုံရေးအင်အား၊တပ်ဖွဲ့ထဲဝင်ဖို့ဆန္ဒရှိသလား။

အဓိကစကားလုံးဝေါဟာရများ - အခြားရွေးချယ်စရာတိုက်ခိုက်ရေးကဏ္ဍ

၁၃။အကြမ်းဖျင်းအနေနဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဥ်အပေါ်အကောင်း (သို့)အဆိုးကိုမြင်သလား။

အဓိကစကားလုံးဝေါဟာရများ - ငြိမ်းချမ်းရေးလုပ်ငန်းစဥ်၊အကောင်း/ အဆိုး

CPCS

Centre for Peace and Conflict Studies

ငြိမ်းချမ်းရေးနှင့်ပဋိပက္ခအရေးလေ့လာမှုစင်တာ (CPCS) သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ သုတေသနလုပ်ငန်းများနှင့်လေ့လာသင်ယူမှုများအားအဆင့်မြှင့်တင်ရန်အထောက်အကူပြုသည့် အပြန်အလှန်ချိတ်ဆက်လျက်ရှိသော သင်တန်းအစီအစဉ်များဖြန့်ဖြူးရာ နေရာဖြစ်သည်။ ဤနေရာသည်လက်တွေ့ကျင့်သုံးသူများ၊ ကျောင်းသားများ၊ အသိပညာရှင်များ နှင့် ဆန်းစစ်လေ့လာသူများအား ဆက်စပ်အခြေအနေပေါ်၌ အခြေခံထားသော သတင်းအချက်အလက်များနှင့် အရင်းအမြစ်များအား လက်လှမ်းမီ လေ့လာကြည့်ရှုနိုင်ရန် အခွင့်အလမ်းများဖန်တီးပေးလျက်ရှိသည်။ www.centrepeaceconflictstudies.org

9 789996 381737